# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခု ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 24 May 2020 ၁၀၀၂၂


# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ မရမ်းကုန်းမြို့နယ်၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် ကျန်းမာရေးစစ်ဆေး

ရန်ကုန် မေ ၂၃

ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေ ဆောင်ရွက်မှုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် (Infrared Thermal Detection Unit) တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

မရမ်းကုန်းမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိသည့်အနက် အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅) ရပ်ကွက်တို့တွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် (Infrared Thermal Detection Unit) တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် အဆိုပါရပ်ကွက်များအတွင်းရှိ ပြည်သူများအား တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကြသည့်အပြင် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းများက အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ပြည်သူလူထုကြားမှာ ကိုဗစ်နဲ့ပတ်သက်တဲ့ လက္ခဏာရပ်တွေရှိနေတဲ့သူရှိခဲ့ရင်လည်း အခုလို စစ်ဆေးလိုက်ခြင်းအားဖြင့် ကုသမှုပေးနိုင်မယ်။ အဲဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် ဖြစ်နိုင်မယ့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်းကာ မရမ်းကုန်းမြို့နယ်၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


### ဗြိတိန်ကုမ္ပဏီက ကိုဗစ်-၁၉ ကာကွယ်နိုင်စွမ်း အလားအလာရှိသည့် ဆေးတစ်မျိုး စက်တင်ဘာလအတွင်း ထောက်ပံ့ပေးရန် အသင့်ရှိနေဟု ဆို

စာမျက်နှာ » ၁၁

............................................

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅


# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် ပြည်သူများကို လားရှိုးမြို့မှတစ်ဆင့် မီးရထားဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်

လားရှိုး မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။ လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထား ခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာ မေ ၂၃ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၁၅၁ ဦး၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၂၃၇ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၂၃၇ ဦးတို့တွင် ကချင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၈၀၊


စာမျက်နှာ ၃ ကော်လံ ၅ သို့ ■





ကြေးမုံ

# ရုပ်ရှင်အနုပညာဖြင့် အပြန်အလှန်ဝိုင်းဝန်းကူညီ

ရုပ်ရှင်အနုပညာလောကသည် ဖြတ်သန်းခဲ့သော ရာပြည့်ကာလအတွင်း နိုင်ငံနှင့်ပြည်သူ့အကျိုးကို အနုပညာစွမ်းပကားဖြင့် ကျရာကဏ္ဍမှ အကျိုးပြုခဲ့သည်ကို တွေ့ရသည်။ ပြည်သူတို့အား ဖျော်ဖြေရေးအတွက်သာမက နိုင်ငံ့အရေးအရာကိစ္စများတွင်လည်း အနုပညာရှင်တို့က ပါဝင်ကူညီခဲ့ကြသည်။ အနုပညာရှင်များမှာ နိုင်ငံရေး အသွေးအရောင်မရှိဘဲ ပြည်သူ့အရေးအတွက်ဆိုလျှင် ရှေ့တန်းမှမားမားမတ်မတ်ရပ်တည်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက် တိုင်းပြည်ကာကွယ်ရေး၊ တိုင်းပြည်စည်းလုံးရေးတို့တွင် အနုပညာရှင်များက စိတ်ခွန်အားများ ပေးခဲ့ကြသလို စာတတ်မြောက်ရေးကဲ့သို့ အမျိုးသားရေးစသည့် လူထုလှုပ်ရှားမှုများတွင်လည်း ပါဝင်အားပေးကူညီခဲ့ကြသည်။ ရုပ်ရှင်အနုပညာဖြင့် ပြည်သူတို့အား အသိပညာ၊ ဗဟုသုတနှင့်စိတ်အပန်းဖြေမှုတို့ကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ထိုခေတ်ထိုကာလက ရုပ်ရှင်အနုပညာသည် ပြည်သူတို့ တစ်ခဲနက် ထောက်ခံအားပေးခဲ့ကြသော ရွှေခေတ်ဖြစ်သည်။

မျက်မှောက်ကာလတွင် နည်းပညာခေတ်သို့ ပြောင်းလဲလာသည်နှင့်အတူ ရုပ်ရှင်အနုပညာကဏ္ဍမှာလည်း မှေးမှိန်လာခဲ့သည်။ အနုပညာရှင်များသည် အနုပညာအလုပ်တစ်ခုတည်းသာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်၍ မျက်မှောက်ကာလ၌ အခြေခံရုပ်ရှင်အနုပညာလောကသားများ၏ ဘဝများမှာ ခက်ခဲကျပ်တည်းလာခဲ့သည်။ ယင်းကို ရုပ်ရှင်အနုပညာလောကသားအချင်းချင်း ရိုင်းပင်းကူညီမှုများ ပြုလုပ်လာကြသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ရုပ်ရှင်အနုပညာလောကသားများသာမက နိုင်ငံတော်နှင့်ပြည်သူတို့ကလည်း ဝိုင်းဝန်းကူညီဖေးမပေးကြရမည်ဖြစ်သည်။

ရုပ်ရှင်အနုပညာသည် ပြည်သူတို့အား စည်းရုံးဆွဲဆောင်နိုင်သော လောကသားများဖြစ်သည်။ ပြည်သူတို့ချစ်မြတ်နိုးသော ရုပ်ရှင်အနုပညာရှင်များ၏ စည်းရုံးမှုသည် ပိုမိုထိရောက်အောင်မြင်နိုင်သည်။ ထို့ကြောင့် ဖျော်ဖြေရေးလုပ်ငန်းများတွင်သာမက တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ရုပ်ရှင်အနုပညာရှင်များ၏အားကို ရယူကြရမည်ဖြစ်သည်။ လိုအပ်နေသော ရုပ်ရှင်အနုပညာလောက၏ ကွက်လပ်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးရင်း လူထုလောက၏ ကွက်လပ်များတွင်လည်း ဝိုင်းဝန်းဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါကို တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံတွင်လည်း အလားတူကြုံတွေ့ရင်ဆိုင်နေရသည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးအပိုင်း၌ လိုက်နာမှုအားနည်းနေသည်ကို တွေ့ရသည်။ လက်ဆေးရန်၊ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့ကို အကာအကွယ်တပ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦးဝေးဝေးနေရန်တို့တွင် လိုက်နာမှုအားနည်းနေသည်။ ယင်းအချက်များနှင့်ပတ်သက်၍ အချို့အနုပညာရှင်တို့၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုများကို ဝမ်းမြောက်ဖွယ် တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးတွင် ရှေ့တန်းမှဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ကိုယ်ချင်းစာပေးကြရန်နှင့် ၎င်းတို့အား ကူညီသောအားဖြင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းများဝတ်ဆင်ကြရန် တိုက်တွန်းပြောကြားပေးကြသည်။ ပြည်သူများမှာ မိမိတို့ပတ်ဝန်းကျင်တွင် ရောဂါဖြစ်လျှင် ကြောက်ရွံ့တတ်ကြပြီး ရောဂါမဖြစ်လျှင် ပေါ့ပေါ့ဆဆနေထိုင်တတ်ကြသည်။ ရာသီဥတုပူပြင်းသဖြင့် အသက်ရှူရခက်သည်ကို နားလည်သော်လည်း ရောဂါကင်းဝေးရေးအတွက် အလေ့အကျင့် ဖြစ်အောင် အကွယ်အကာများကို ဝတ်ဆင်ကြရန်လိုအပ်ပေသည်။

အထူးသဖြင့် ပြောရဆိုရခက်ခဲနေသော နှာခေါင်းစည်းများဝတ်ဆင်ရေးကို သက်ဆိုင်ရာတို့က စဉ်ဆက်မပြတ်အသိပေးနေသော်လည်း လိုက်နာမှုအားနည်းနေသေးသဖြင့် အနုပညာရှင်များ၏ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုဖြင့် ပိုမိုထိရောက်အောင် လုပ်ဆောင်မှုကို လိုလားလျက်ရှိသည်။ ယခုကာလတွင် အနုပညာလောကတွင်သာမက လူထုကြားတွင်ပါ အခက်အခဲရှိနေသူများအား စေတနာရှင်နှင့်အနုပညာရှင်များ ဝိုင်းဝန်းကူညီပေးနေမှုများမှာ ဝမ်းမြောက်စရာဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆောင်ရွက်နေသောအခါ၌ လိုအပ်သောနေရာများတွင် အနုပညာရှင်များနှင့် စေတနာရှင်များ ဝိုင်းဝန်းကူညီမှုများကို ကြိုဆိုပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးအတွက် ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းများ အထူးလိုနေပါသည်။ ထိုလိုအပ်နေသော ကွက်လပ်ကိုဖြည့်ဆည်းနိုင်ရန်အတွက် အနုပညာလောကသားများကို ကူညီဆောင်ရွက်ပေးမှုများနှင့်အတူ ပြည်သူလူထုအတွင်း လက်ကိုဆေးကြောသည့် အလေ့အကျင့်ကောင်းများ၊ နှာခေါင်း၊ မျက်နှာအကာအကွယ်တပ်ဆင်သည့် အပြုအမူများ တိုးပွားလာအောင် ထိရောက်သော အသိပညာလှုံ့ဆော်မှုများပေးစွမ်းနိုင်သည့် အနုပညာရှင်များ၏စွမ်းပကားဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## မန္တလေးမြို့၌ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရှာဖွေရန် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ တရုတ်နိုင်ငံမှ လှူဒါန်း

**မန္တလေး မေ ၂၃**

မန္တလေးမြို့၌ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရှာဖွေရန် ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းကူညီပွဲပိုးမှု အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက မန္တလေးမြို့ Pullman Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်စွမ်းအင်နှင့် အလုပ်သမားဌာနဝန်ကြီး ဦးဇာနည်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးအခြေစိုက် ကောင်စစ်ဝန်ချုပ် ဦးခင်စိန်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယူနန်ပြည်နယ်အစိုးရမှ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်ရှာဖွေရန် ငွေကျပ် ၃၇၅၂၂၅၀၀၀ တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီး ဦးဇာနည်အောင်က လက်ခံရယူသည်။

ခင်ခင်ဝင်း(ပညာရေး)



ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | – | ဦးစိုးစိုးနိုင် | အငယ်တန်း | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | – | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | – | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | – | ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | – | ဦးခင်မောင်ဝင်း |
| ဘာသာပြန်စာတည်းများ | – | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | သုတေသန | – | ဒေါ်ဇင်မာဝင့် |
| အကြီးတန်း | – | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | စာပြင် | – | ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | အီးမေးလ်နှင့် အွန်လိုင်း | – | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၂၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ ဆောင်မှ Video Conferencing ဖြင့် ချိတ်ဆက်၍ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိလမ်း၊ တံတားနှင့် ကျေးလက်လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ထွန်းလင်းက ရွှေဘို-မြစ်ကြီးနားလမ်း (စစ်ကိုင်းတိုင်းဒေသကြီးအပိုင်း) ရွှေဘို(၀/၀)မှ နန့်စီးအောင်(၁၇၄/၁) အထိ၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ကတ္တရာကွန်ကရစ်လမ်း (AC) ၂ မိုင် ၁ ဖာလုံ၊ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်း ၂၇ မိုင် ၃ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၄ မိုင် ၂ ဖာလုံနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း မိုင် ၁၄၀ ၃ ဖာလုံ ဆောင်ရွက်ထားရှိမှု၊ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခန္တီး-လဟယ် လမ်း ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း၊ ခန္တီး-ဆင်သေ-လဟယ်လမ်း၊ လဟယ်-ဒုံဟီး-နန်းယွန်းလမ်း၊ ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း၊ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် အိန္ဒိယနိုင်ငံကုမ္ပဏီမှ တာဝန်ရှိသူက အိန္ဒိယအကူအညီဖြင့် ဆောင်ရွက်သည့် မုံရွာ-ယာကြီး-ကလေးဝလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မျိုးထွေးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ် (World Bank)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝက်လက်မြို့နယ်ရှိ စိုင်နိုင်ကွေ့ - မြင်းသည် - ကွန်ဆိပ် လမ်း အရှည် ၂၀ ဒသမ ၄၂၄ ကီလိုမီတာနှင့် ကန့်ဘလူမြို့နယ်ရှိ ကန့်ဘလူ-ထန်းကုန်း-ကာဘိုး လမ်း အရှည် ၁၉ ဒသမ ၇၆၅ ကီလိုမီတာ တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း။

### တည်ဆောက်ပြီးစီး

ကလေးမြို့နယ်အတွင်း ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒိုးဝိုင်းချောင်း-မင်းလှ-ရာဇဂြိုလ် လမ်း အရှည် ၄၁ ဒသမ ၄၃၄ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းနှင့် ၎င်းလမ်းပေါ်ရှိ ဆည်ကြီးတံတားအရှည် မီတာ ၁၅၀၊ နတ်တံခါးတံတားအရှည် မီတာ ၁၃၀၊ နတ်မြောင်းရေကျော်တံတား မီတာ ၂၁၀၊ မှန်လုံးချောင်းတံတားအရှည် ၁၉၉ မီတာ၏ တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ကျေးလက် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇေယျာစိုးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရေဦး-ခင်ဦးလမ်းပေါ်ရှိ မူးမြစ်ကူးတံတား(ရေဦး) တည်ဆောက်နေမှု၊ အင်းတိုင်-ကျွဲတဲ-အင်လှ-လိပ်စင်းတောင်လမ်းပေါ်ရှိ ပြောင်သွယ်ချောင်းတံတား တည်ဆောက်နေမှုနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

မူးမြစ်ကူးတံတား(ရေဦး)သည် ရေဦး-ခင်ဦးလမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၂၁၂၅ ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ၊ ကိုယ်ထည်-သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို 1.2Øm သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် ယာဉ်တစ်စီးသွား ခွင့်ပြုအလေးချိန်မှာ AASHTO HS-25 ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်နိုင်ဦးက မူးမြစ်ကူးတံတား (ပင်လည်ဘူး) တည်ဆောက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### ပြင်ဆင်ဆောင်ရွက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရွှေဘို-မြစ်ကြီးနားလမ်းသည် အဓိက အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ လမ်းဘေး ဝဲ၊ ယာရေမြောင်းများ စနစ်တကျ ဆောင်ရွက်ရန် လိုပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိန္ဒိယအကူအညီဖြင့် ဆောင်ရွက်နေသည့် မုံရွာ-ယာကြီး-ကလေးဝလမ်း လုပ်ငန်းများ အခက်အခဲမရှိ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း၊ မိုးဦးကျလာပြီဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယခုအချိန်မှစ၍ ပြင်ဆင်ဆောင်ရွက်ထားရန် လိုပါကြောင်း၊ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အထူးအလေးထား ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လမ်း၊ တံတား ကျေးလက်လမ်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*** ရှေ့ဖုံးမှ**

ကူးစက်မှုကွင်းဆက်ကို လိုက်နိုင်မယ်။ ကွင်းဆက်ကို ဖြတ်နိုင်မှာဖြစ်တဲ့အတွက် ဒီအစီအစဉ်ကို ပြည်သူလူထုကြားမှာ စနစ်တကျ ဆောင်ရွက်နေတာပါ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံးမြို့နယ်တွေကို အဓိကထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်”ဟု ပြောသည်။

ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့အစည်းများက ပြည်သူများအား ကျန်းမာရေးစစ်တမ်းကောက်ယူမှုပုံစံ စာရွက်များကို ကြိုတင်ဖြန့်ဝေကာ မိသားစုအလိုက် ကျန်းမာရေးဆိုင်ရာ အချက်အလက်ကောက်ယူမှုများ ကြိုတင်ဆောင်ရွက်ကြသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် (၁၂) လမ်းနေ ကိုဇော်က “အခုလိုလာရောက်စစ်ဆေးပေးတာ အားလုံးအတွက်ကောင်းပါတယ်။ ကိုယ်တိုင်စစ်ဆေးမှုခံယူလိုက်တော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ယုံကြည်မှုတွေရှိလာသလို ခံစားရတယ်။ ပြည်သူတွေကလည်း ကျန်းမာရေး အသိ၊ သတိနဲ့ လိုလိုလားလားနဲ့ လာရောက်စစ်ဆေးမှုခံယူကြတာကိုတွေ့ရတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် အင်မတန်ကောင်းတဲ့ ဆောင်ရွက်မှုလို့မြင်ပါတယ်”ဟု ပြောသည်။

ထိုသို့ မြို့နယ်အဆင့်ဆောင်ရွက်မှုကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအတည်ပြုလူနာ အများဆုံးတွေ့ရှိထားသည့် အင်းစိန်မြို့နယ် အပါအဝင် တာမွေ၊ လှိုင်သာယာ၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်မြို့နယ် တို့တွင် ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် အတည်ပြုလူနာ ဒုတိယ အများဆုံး တွေ့ရှိထားသည့် မြို့နယ်ဖြစ်သော မရမ်းကုန်း မြို့နယ်တွင် လူဦးရေ တစ်သိန်းကျော်ကို ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။



အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက်ဖြင့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးစဉ်။

အလားတူ စမ်းချောင်း၊ အလုံ၊ ဒဂုံ၊ ကမာရွတ်၊ လှိုင်၊ ဒေါပုံ၊ သာကေတ၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ သင်္ဃန်းကျွန်း၊ မြောက်ဥက္ကလာပ၊ လှည်းကူးမြို့နယ်တို့ တွင်လည်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနေထိုင်သည့် လမ်းနှင့် ရပ်ကွက်များအတွင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---

**■ ရှမ်းပြည်နယ်မှ**

မန္တလေးတိုင်းဒေသကြီးမှ ၃၂ ဦး၊ နေပြည်တော်မှ ငါးဦး၊ ရခိုင်ပြည်နယ်မှ ၂၀၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ဦးတို့ဖြစ်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် စားသောက်နေထိုင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးစစ်ဆေးခြင်းများ၊ ညအိပ်တည်းခိုရေးကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လားရှိုးခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန (တွဲဖက်ပြည်နယ်ရုံး) လားရှိုးမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပုဂ္ဂလိက ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# ဗိုင်းရပ်စ်ကာကွယ်ရေးကို မလျှော့ဘဲ ကဏ္ဍပေါင်းစုံကနေ ကိုဗစ်-၁၉ ကင်းစင်သွားတဲ့အထိ လုပ်ဆောင်နေကြရဦးမှာပါ

## အဲဒီအတွက် နှာခေါင်းစည်းတပ်မယ်၊ လက်ဆေးမယ်၊ လူထူထပ်တဲ့ နေရာတွေကို မသွားဘူး။ ပွဲလမ်းသဘင်တွေ မဖန်တီးဘူး။ ကိုဗစ်-၁၉ ဟာ မဆုံးသေးတဲ့တိုက်ပွဲပါ။

ဒေါက်တာအဲရစ်ယန်း

ဆက်သွယ်မေးမြန်း-ဟန်နီဝင်း၊ နန္ဒာဝင်း၊ ဓာတ်ပုံစုစည်း-ကေတာ

ပြည်သူများ နှာခေါင်းစည်းနှင့်ယဉ်ပါးပြီး အမြဲသုံးသည့် အလေ့အထဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မေ ၁၃ ရက်မှ မေ ၁၅ ရက်အထိ နှာခေါင်းစည်းပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြည်သူနှစ်သောင်းကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ဒေါက်တာအဲရစ်ယန်း



ကိုမျိုးမင်းစိုး



မဝေဝေ

သုံးရက်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာသို့ တင်လာကြသည့် ပြိုင်ပွဲဝင်နှာခေါင်းစည်းများထဲမှ ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး)ဆု၊ တီထွင်ဖန်တီးမှုအကောင်းဆုံးဆု၊ လူထုအကျိုးပြုဆု (လျှုဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်းများထဲမှ like အများဆုံးဆု)နှင့် ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံးဆုဟူ၍ ဆုအမျိုးအစားလေးမျိုး ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ထိုဆုများအနက် ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး)ဆု၊ တီထွင်ဖန်တီးမှု အကောင်းဆုံးဆု ဆုရသူများစာရင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး)ဆုရရှိခဲ့သူ သုံးဦးနှင့် တီထွင်ဖန်တီးမှုအကောင်းဆုံးဆုရရှိသူသုံးဦး ပေါ်ထွက်လာခဲ့ပြီး ၎င်းတို့နှင့် ဆက်သွယ်မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာအဲရစ်ယန်း (Eric Yang)**

**ပြည်သူအနှစ်သက်ဆုံး (Likeအများဆုံး) ပထမဆု**

ကျွန်တော်ကတော့ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ကနေ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လေးစားဂုဏ်ယူရတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေစုဦးစီးကျင်းပတဲ့ Mask Campaign ဆိုတဲ့ ပို့စ်လေးတက်လာတဲ့အချိန်မှာ ကျွန်တော်ဟာ အဝေးကနေ အမေ့ရဲ့မေတ္တာကို ခံယူနေတဲ့ အမေ့ရဲ့သားတစ်ယောက်ဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်လိုစိတ်၊ စည်းလုံးခြင်းသည် ခွန်အားဆိုတာကို ပြသချင်တဲ့စိတ်တွေကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ နေ့တိုင်းဆေးရုံမှာသုံးတဲ့ Surgical Mask ကို မှီငြမ်းထားပါတယ်။ ကျွန်တော်က အဝတ်အစားတွေ မချုပ်တတ်တဲ့အတွက် စက္ကူကို သုံးခေါက်ခေါက်ကြည့်တယ်။ Surgical Mask က အတွင်းတစ်လွှာ၊ အပြင်တစ်လွှာရှိတဲ့အတွက် အဲဒါကို မှီငြမ်းပြီး ချည်ထည်အစဖြစ်တဲ့ ကျွန်တော့်မှာရှိတဲ့ အင်္ကျီအနက်ရောင်တစ်ထည်ကို ညှပ်ပြီး အပြင်ကို အပေအကျံခံတဲ့ အနက်ရောင်ကို ထားလိုက်ပါတယ်။ အတွင်းသားကိုတော့ ခေါင်းအုံးစွပ်ကယူပြီး Surgical Mask ကို မှီငြမ်းပြီး သုံးခေါက်ခေါက်လိုက်ပါတယ်။ ဘေးအနားတွေကို ညီအောင်ခေါက်ပြီး ဘေးနှစ်ဖက်မှာ နားကွင်းထည့်ဖို့ ကျွန်တော့်အိမ်မှာ ချုပ်စက်မရှိတဲ့အတွက် ချုပ်စက်ရှိတဲ့နေရာကိုသွားပြီး နားကွင်းထည့်ဖို့ ချုပ်ပါတယ်။

ပြီးတော့ အိမ်ကိုပြန်လာပြီး ကျွန်တော်ဒီလို ချုပ်တယ်ဆိုတာ ပုံစံနမူနာလေးတွေတင်၊ Live လွှင့်ပြီး ပရိသတ်နဲ့အတူတူ ချုပ်ပါတယ်။ နားကွင်းရှုံ့ကြိုး ထည့်တဲ့အချိန်မှာ ရှုံ့နေလို့ ပရိသတ်တွေကပါ ဝိုင်ယာကြိုးတွေ၊ ပလာယာတွေ၊ ကျောက်လက်တွေ၊ တူတွေ၊ သံချောင်းတွေနဲ့သွင်းပါ။ ပင်အပ်နဲ့သွင်းပါဆိုပြီး အကြံပြုခဲ့ကြတာဟာ အမှတ်တရလေးပါ။ စည်းလုံးခြင်းသည် ခွန်အားဆိုတာကို ပြသခဲ့ကြပါတယ်။ အဲဒီအတွက် အောင်မြင်စွာနဲ့ ချုပ်လုပ်နိုင်ခဲ့ပါတယ်။

အခုလိုမထင်မှတ်ဘဲ ပထမဆုရရှိခဲ့တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပါတယ်လို့ ပြောချင်ပါတယ်။ အမေစုကိုလည်း ဂါရဝပြုကျေးဇူးတင်ပါတယ်။ ဒီဆုက ကျွန်တော့်ကို ချစ်ခင်ကြတဲ့ ပြည်သူပြည်သားတစ်ယောက်ချင်းစီက Like ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ကျွန်တော်ပြောချင်တာကတော့ ကာကွယ်ဆေးမပေါ်သေးသရွေ့၊ ကာကွယ်ဆေးမထိုးရသေးသရွေ့ ကိုဗစ်ကင်းစင်ကမ္ဘာတစ်ခွင်ဆိုတာ လောလောဆယ်တော့ ဖြစ်လာဦးမှာ မဟုတ်တဲ့အတွက် ကျွန်တော်တို့က လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြီး ကာကွယ်မှုတွေနဲ့ ရင်ဆိုင်ရတော့မှာပါ။ ဗိုင်းရပ်စ်နဲ့ယှဉ်တွဲနေထိုင်ပြီး လိုက်လျောညီထွေစွာ နေထိုင်ရတော့မှာလို့ ပြောချင်ပါတယ်။

ဗိုင်းရပ်စ်ကာကွယ်ရေးကို မလျှော့ဘဲ ကဏ္ဍပေါင်းစုံကနေ ကိုဗစ်-၁၉ ကင်းစင်သွားတဲ့အထိ လုပ်ဆောင်နေကြရဦးမှာပါ။ အားလုံးသိထားတဲ့အတိုင်း ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်တယ်ဆိုတဲ့ လမ်းစဉ်အတိုင်း ကျွန်တော်တို့ဟာ ဒီရောဂါတိုက်ဖျက်ရေးမှာ မလျှော့ဘဲ ဆက်လက်ကျင့်သုံးနေရဦးမှာပါ။ အဲဒီအတွက် နှာခေါင်းစည်းတပ်မယ်၊ လက်ဆေးမယ်၊ လူထူထပ်တဲ့ နေရာတွေကို မသွားဘူး။ ပွဲလမ်းသဘင်တွေမဖန်တီးဘူး။ ကိုဗစ်-၁၉ ဟာ မဆုံးသေးတဲ့တိုက်ပွဲပါ။ တာဝေးအပြေးလိုပဲ ပန်းတိုင်ရောက်ဖို့ ဆက်ပြီးကြိုးစားနေရဦးမှာပါ။ ပြည်သူပြည်သားတွေအားလုံး Fighting ပါ။ မြန်မာပြည်သူပြည်သားတွေအားလုံးဘေးကင်းကျန်းမာပြီး ကမ္ဘာမြေကြီး အမြန်ဆုံးကျန်းမာပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်။

**ကိုမျိုးမင်းစိုး (Myo Minn Soe)**

**ပြည်သူအနှစ်သက်ဆုံး (Likeအများဆုံး) ဒုတိယဆု**

ပြိုင်ပွဲဝင်ဖြစ်တဲ့အကြောင်းကတော့ ကျွန်တော်က ဒီဇိုင်နာတစ်ယောက်ဖြစ်တာကြောင့် ကိုယ်တတ်ကျွမ်းတဲ့ ပညာလေးနဲ့ လုပ်နိုင်တာလေးကို လုပ်တဲ့သဘောဖြစ်ပါတယ်။ ကြာချည်နဲ့ ဒီလိုလုပ်လို့ရပါတယ်ဆိုတာကို ပြသချင်တယ်။ ပြီးတော့ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်တယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကာကွယ်ဖို့အတွက် နှာခေါင်းစည်းက အဓိကလိုအပ်တဲ့အတွက် ချုပ်လုပ်ခြင်းဖြစ်ပါတယ်။

နှာခေါင်းစည်းကို ချုပ်လုပ်ခဲ့တဲ့အချိန်က နာရီဝက်ကျော်လောက်ကြာပါတယ်။ တတ်ကျွမ်းတဲ့ ဆရာဝန်သူငယ်ချင်းတွေကို မေးပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ အချက်အလက်တွေအပေါ်မှာ အခြေခံပြီး အတတ်နိုင်ဆုံး လိုက်နာချုပ်လုပ်ထားပါတယ်။ အဓိကတော့ နှာခေါင်းတွေလုံအောင် သတ္တုပြားလေးတွေ တပ်ထားတယ်။ အမှုန်အမွှားတွေ မဝင်နိုင်အောင် ကော်ဖီစစ်လိုခံထားတယ်။ နောက်ဆုံးအပိတ်မှာတော့ ချည်သားစစ်စစ်နဲ့လုပ်ထားတဲ့ သဘာဝဆိုးဆေးဆိုးထားတဲ့ ပိတ်စလေးနဲ့ဆိုတော့ အားလုံးပေါင်း သုံးထပ်ဖြစ်သွားတယ်။ ကြာချည်ရယ်၊ အမှုန်အမွှားခံတဲ့ ဇာအပါးလေးရယ်၊ ချည်သားရယ်ဆိုပြီး သုံးထပ်ချုပ်ထားပါတယ်။ ပြီးတော့မှ ငုံ့တာတွေဆိုရင် အမှုန်အမွှားတွေ မစင်ထွက်အောင်လို့ နှာခေါင်းနားမှာ ကလစ်လေးသဘောမျိုးနဲ့ အပိတ်လေး ထည့်ထားပါတယ်။

အခုလို ဆုရတဲ့အပေါ်မှာတော့ ပျော်မိတာအမှန်ပါ။ ကိုယ့်ရဲ့ ကြာနှာခေါင်းစည်းလေးကို ပြည်သူတွေက ဒုတိယအများဆုံးကြိုက်နှစ်သက်လို့ ရွေးချယ်တယ်ဆိုတော့ ကျွန်တော်ပျော်မိပါတယ်။ ဆုရဖို့ရည်ရွယ်ချက်နဲ့တော့ ဝင်ပြိုင်တာမဟုတ်ပါဘူး။ ပြည်သူတစ်ယောက်အနေနဲ့ ပါဝင်သင့်တယ်ထင်လို့ ချုပ်လုပ်ပြီး ပါဝင်ခဲ့တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ဟာ ကျွန်တော်တို့အပါအဝင် တစ်ကမ္ဘာလုံး ကြုံတွေ့ရတဲ့ အခက်အခဲ တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာကြပါလို့ ပြောကြားလိုပါတယ်။

**မဝေဝေ (Wai Wai )**

**ပြည်သူအနှစ်သက်ဆုံး (Likeအများဆုံး) တတိယဆု**

ဝင်ပြိုင်ရတဲ့ ရည်ရွယ်ချက်ကတော့ အမေစုရဲ့ လမ်းညွှန်မှုအောက်မှာ ပြည်သူတစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင်ခဲ့တာ ဖြစ်ပါတယ်။ ဒေသထွက်ကုန်တစ်ခုဖြစ်တဲ့ ချည်ထည်ကို နှစ်ထပ်ချုပ်လုပ်ခဲ့တာပါ။ ရိုးရိုးလေးပဲ လူတိုင်းချုပ်နိုင်အောင် Surgical Mask ပုံစံလေး ချုပ်ခဲ့တာပါ။

အခုလို ဆုရခဲ့တဲ့အတွက်လည်း ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။ ပြည်သူတွေ နှစ်သက်လို့ ရတဲ့ဆုဖြစ်တဲ့အတွက် ပိုပြီးလည်း တန်ဖိုးရှိတယ်လို့ခံစားရပါတယ်။ friend လည်းသိပ်မရှိသလို follower လည်း ဖွင့်မထားတဲ့အတွက် သာမာန်ပြည်သူတစ်ယောက်အနေနဲ့ ဆုကိုမမျှော်မှန်းရဲခဲ့ပါဘူး။ အမေစုပို့စ်အောက်မှာ like အများဆုံးရသလို အမေစုပေးတဲ့ တတိယဆုကိုပါ ထပ်ရတော့ ဝမ်းသာလို့မဆုံးပါဘူး။

ကိုဗစ်-၁၉ က မမြင်နိုင်တော့ ရောဂါဘယ်နေရာကလာမယ်ဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုပြီးထိရောက်တဲ့အတွက် အမေစုက ကြိုတင်ပြင်ဆင်ပြီး ပြည်သူတွေကို ကာကွယ်တဲ့အလေ့အထဖြစ်အောင် အခုလို ပြိုင်ပွဲကျင်းပခဲ့တာပါ။ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ ရှေ့ဆက်ပြီးတော့လည်း နှာခေါင်းစည်းတပ်တဲ့အလေ့အထနဲ့ လက်ဆေးခြင်းအလေ့အထတွေ ဆက်လက်လုပ်ဆောင်သွားကြပါလို့ တိုက်တွန်းချင်ပါတယ်။

အမေစုရဲ့ လမ်းညွှန်မှုတွေနဲ့အတူ ပြည်သူတွေ ယုံယုံကြည်ကြည်ရှေ့ဆက်လှမ်းဖို့နဲ့ နှာခေါင်းစည်းပြိုင်ပွဲမှာ like ပေးကြသူ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ အမေစုလည်း ကျန်းမာပါစေ။ နိုင်ငံသူနိုင်ငံသားအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားအားလုံးလည်း ကိုဗစ်-၁၉ ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**ကိုမျိုးစန်းဦး(ခေတ္တ-တိုကျို) (Myo Gyi)**

**တီထွင်ဖန်တီးမှုအကောင်းဆုံး၊ ပထမဆု**

အမေစုက သူ့ရဲ့ဖေ့စ်ဘွတ်ကနေ နှာခေါင်းစည်းကို သူကိုယ်တိုင်လည်းချုပ်ပြတယ်။ ဒီလို အမေစုချုပ်ပြရာကနေ နှာခေါင်းစည်းဆိုတာ ကိုယ်တိုင်ချုပ်လို့ရပါလား၊ ဒီလိုအချိန်မှာဝယ်ဖို့အတွက် အခက်အခဲအမျိုးမျိုးရှိနေတဲ့သူတွေအတွက် ကိုယ်တိုင်ချုပ်လို့ရပါလားဆိုတဲ့ မက်ဆေ့ရခဲ့တယ်။ ပထမက ကျွန်တော့်မှာ ချုပ်ချင်တဲ့စိတ် ဖြစ်ပေါ်ပေမယ့် မချုပ်တတ်တဲ့အတွက် ကိုယ်တိုင်တော့ မလုပ်ဖြစ်ခဲ့ဘူး။ အမေစုက နှာခေါင်းစည်း ပြိုင်ပွဲလေး ကျင်းပမယ်ဆိုတဲ့ ပို့စ်တင်ပြီး ထပ်နှိုးဆော်လာပါတယ်။ အမျိုးသားတွေလည်း ပါဝင်ကြဖို့ တိုက်တွန်းထားပါတယ်။ ဒါကြောင့် ပါဝင်ဖို့ စိတ်ဆုံးဖြတ်ခဲ့တယ်။ အဲဒီအချိန်မှာတော့ ကျွန်တော် ကိုယ်တိုင်ချုပ်လုပ်ပြီး ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။

နှာခေါင်းစည်း သံမဏိလိပ်ပြာကို ဖန်တီးတဲ့ စိတ်ကူးကတော့ ရိုးရှင်းပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူအားလုံးကို စေတနာ၊ မေတ္တာတွေနဲ့ ခြုံပေးနေတဲ့ သံမဏိစိတ်ဓာတ်ပိုင်ရှင်တစ်ယောက်ဆိုတာကို ပြည်သူတစ်ယောက်အနေနဲ့ ဂုဏ်ပြုပုံဖော်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ သံမဏိလိပ်ပြာဟာ အမေစုတစ်ယောက်တည်းလည်း မဟုတ်ပါဘူး။ အမေစုရဲ့လမ်းညွှန်မှုနဲ့အတူ ရှေ့တန်းမှာ တိုက်ပွဲဝင်နေတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ စေတနာရှင်တွေ၊ ပြည်သူတွေအားလုံးပါပါတယ်။ ကိုဗစ်-၁၉ ကို အားလုံး အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်ဖို့ ဖြစ်ပါတယ်။

ဒီနှာခေါင်းစည်း ပြိုင်ပွဲကနေ နိုင်ငံသားတစ်ယောက်အနေနဲ့ရရှိလိုက်တဲ့ အသိတရားကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုနဲ့အတူ ပြည်တွင်းပြည်ပက မြန်မာနိုင်ငံသားတွေဟာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအင်အားတွေ ပြသနေတာကို တွေ့ရှိ၊ သိရှိလိုက်ရပါတယ်။ ဒါ့အပြင် ဒီလို ပူးပေါင်းဆောင်ရွက်မှုကနေ ကိုဗစ်-၁၉ ကို အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ပြည်သူတစ်ဦး တစ်ယောက်ချင်းစီဟာလည်း ကိုယ့်ကိုယ်ကိုယ်တာဝန်ယူခြင်းဖြင့် Self Responsibility နဲ့ အတ္တာဟိအတ္တနောနာထောစိတ်ဓာတ်နဲ့ ကိုဗစ်-၁၉ ရောဂါဘေးရန်က အောင်မြင်စွာ ဖြတ်ကျော်ကြပါစို့လို့ ပြောကြားလိုပါတယ်။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

**ဦးခင်မောင်ဝင်း (Chan Myae Ko)**
**တီထွင်ဖန်တီးမှုအကောင်းဆုံး-ဒုတိယဆု**

အမေစုက သူရဲ့ဖေ့စ်ဘွတ်ကနေ နှာခေါင်းစည်းတပ်တဲ့ အလေ့အထ ပြည်သူတွေအကြား ပြန့်ပွားဖို့အတွက် နှာခေါင်းစည်းပြိုင်ပွဲလုပ်မယ်ဆိုတော့ ပါဝင်ချင်တယ်။ ပြိုင်ပွဲအနေနဲ့ ပါဝင်ချင်တယ်ဆိုတာမျိုး မဟုတ်ဘဲ ပြည်သူတစ်ယောက်အနေနဲ့ အားတစ်ခု၊ အထောက်အပံ့တစ်ခုအနေနဲ့ ပါဝင်ချင်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပါဝင်ဖြစ်ခဲ့ပါတယ်။

ပြီးတော့ နှာခေါင်းစည်း တပ်ဖို့က အရေးကြီးပါတယ်။ ကျွန်တော်တို့ ခန္ဓာကိုယ်မှာ လက်ကလှုပ်ရှားမှုများတယ်။ လက်ကလှုပ်ရှားပြီး မျက်နှာကိုလည်း အထိအတွေ့များတယ်။ အဲဒီတော့ လက်သန့်ဖို့ အရေးကြီးသလို လက်နဲ့ မျက်နှာကို ထိတွေ့တဲ့အခါ အကာအကွယ်ဖြစ်စေဖို့ နှာခေါင်းစည်းကလည်း အရေးကြီးပါတယ်။ ချည်နဲ့ပြုလုပ်တဲ့ နှာခေါင်းစည်းပဲဖြစ်ဖြစ်၊ ကျန်းမာရေး နှာခေါင်းစည်းပဲဖြစ်ဖြစ် အပြည့်အဝ အကာအကွယ်မပေးနိုင်ပေမယ့် ထိုက်သင့်တဲ့ ကာကွယ်မှုကိုပေးပါတယ်။ ဒါကြောင့် ဒီလို အရေးကြီးတဲ့ ကာကွယ်မှုတစ်ခုမှာ တစ်ထောင့်တစ်နေရာက ပါဝင်ဖြစ်ခဲ့တာပါ။

ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် ဆုရပါစေဆိုပြီးတော့ မမျှော်မှန်းခဲ့ဘူး။ ပါဝင်ရတာကိုပဲ ကျေနပ်နေပါပြီ။ ဒီလိုပါဝင်မှုကနေ ပဏာမရွေးချယ်ခံရတယ်၊ အဲဒီကနေ ဆုရရှိခဲ့တယ်။ ဒီလို ဆုရတော့လည်း ကျွန်တော်တို့မိသားစုတွေအားလုံး ကြည်နူးပျော်ရွှင်ရပါတယ်။ ဆုရတဲ့အကြောင်းကိုပဲ ထပ်ခါတလဲလဲ ပြောနေမိကြပါတယ်။ အတူတူပါဝင်တဲ့သူတွေလည်း ပြည်သူတစ်ယောက်အနေနဲ့ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တစ်ထောင့်တစ်နေရာကနေ ပါဝင်ကြမယ်ဆိုပြီး ပါဝင်ကြတဲ့သူတွေလို့ ထင်ပါတယ်။ ဒါကြောင့် ပါဝင်တဲ့သူ အားလုံးအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။


ကျွန်တော့်အနေနဲ့ပါဝင်ခဲ့တဲ့ နှာခေါင်းစည်းကို ငြိမ်းချမ်းရေးကိုဦးတည်ပြီး စဉ်းစားခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံမှာ



ကိုမျိုးစန်းဦး



ဦးခင်မောင်ဝင်း



မဘိုဘိုခိုင်

ငြိမ်းချမ်းရေးက အရေးကြီးတဲ့အတွက် ငြိမ်းချမ်းရေးရဲ့ အရောင် အပြာရောင်၊ ငြိမ်းချမ်းရေးသင်္ကေတ ဂျိုးဖြူငှက်၊ သံလွင်ခက်နဲ့ ဒီဇိုင်းကို ဖန်တီးဖြစ်ခဲ့တာပါ။ ပြီးတော့ ကျွန်တော်တို့ ခန္ဓာကိုယ်ကို မြန်မာနိုင်ငံအဖြစ် သတ်မှတ်တယ်၊ နှာခေါင်းစည်းက ကျွန်တော်တို့ ခန္ဓာကိုယ်ကို အကာအကွယ်ပေးတဲ့အတွက် နှာခေါင်းစည်းကို ငြိမ်းချမ်းရေးအဖြစ် သတ်မှတ်တယ်။ ဒီလိုပဲ နှာခေါင်းစည်းက ခန္ဓာကိုယ်ကို အကာအကွယ်ပေးသလို ငြိမ်းချမ်းရေးက ကျွန်တော်တို့နိုင်ငံကို အကာအကွယ်ပေးတယ်။ ငြိမ်းချမ်းရေးကနေ တစ်ဆင့် ကျွန်တော်တို့နိုင်ငံကို အကာအကွယ်ပေးနိုင်တယ် ဆိုတဲ့ စိတ်ခံစားမှုနဲ့ ဖန်တီးဖြစ်ခဲ့တာပါ။

**မဘိုဘိုခိုင် (Chaw Su)**
**တီထွင်ဖန်တီးမှုအကောင်းဆုံး-တတိယဆု**

အမေစုရဲ့ ဖေ့စ်ဘွတ်စာမျက်နှာကနေ နှာခေါင်းစည်းတွေချုပ်လုပ်ပြီး ယှဉ်ပြိုင်နိုင်တယ်ပြောတော့ ပါဝင်မယ်ဆိုတဲ့ စိတ်ကူးဖြစ်မိတယ်။ ယှဉ်ပြိုင်တယ်ဆိုတာထက် အားတစ်ခုအနေနဲ့ ပါဝင်ချင်တာဖြစ်ပါတယ်။ ဒီလိုပါဝင်တဲ့အတွက်လည်း ကိုယ့်အားကိုယ်ကိုးတဲ့ စိတ်ခွန်အားလည်း ရပါတယ်။ အတူတူပြိုင်တဲ့သူတွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ ပြိုင်ပွဲလို့မခံစားဘူး။ ကျွန်မက အင်္ကျီ၊ အထည်ချုပ်တဲ့ အလုပ်လုပ်ပါတယ်။ အမေစုဖေ့စ်ဘွတ်ပို့စ်ကနေ သိသိချင်းပါဝင်ယှဉ်ပြိုင်မယ့် နှာခေါင်းစည်းလေးကို ကျွန်မတန်းပြီးချုပ်ဖြစ်တယ်။ ဒီလိုချုပ်ဖြစ်တာကို အိမ်ကသူတွေတောင်မသိဘူး။ အမေစုဖေ့စ်ဘွတ်အကောင့်ကိုလည်း follow လုပ်ထားတယ်။ တင်သမျှလည်း ဖတ်ဖြစ်တယ်။ အဲဒီကနေ ပါဝင်ဖြစ်ခဲ့တာပါ။ ကိုယ်ပြုလုပ်လိုက်တဲ့ နှာခေါင်းစည်းလေးကို အများက နှစ်သက်တယ်ဆိုတဲ့ခံစားမှုက အတိုင်းမသိကြည်နူးရပါတယ်။ ပါဝင်ဖြစ်ပြီး ဆုရတယ်လို့ အကြောင်းကြားတော့ ဝမ်းသာမိတယ်။ သေချာအောင်လည်း သမ္မတရုံးကို ဖုန်းဆက်ပြီးတော့ မေးမြန်းကြည့်မိတယ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ နှာခေါင်းစည်းတွေ တပ်ကြရပါတယ်။ ဒီလိုနှာခေါင်းစည်းတွေ တပ်ကြရတော့ ကိုယ့်မိသားစု၊ မိတ်ဆွေတွေအတွက်လည်း နှာခေါင်းစည်းတွေ Youtube ကနေကြည့်ပြီး ချုပ်ပေးဖြစ်တယ်။ မရှိတဲ့သူတွေကိုကုသိုလ်ဖြစ်ချုပ်ပေးပါတယ်။ နှာခေါင်းစည်းဆိုတာ ရောဂါကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးတာမို့ သတိမလျှော့ဘဲ တပ်ကြဖို့လည်း လိုအပ်ပါတယ်။ ဒီလိုရောဂါဖြစ်ပွားနေတဲ့အချိန်မှာ အခုလို ပြိုင်ပွဲကနေတစ်ဆင့် ခွန်အားတွေရရှိတယ်လို့ ခံစားရပါတယ်။ အမေစု ကျန်းမာပါစေလို့လည်း ဆုတောင်းပေးပါတယ်။

■



# မိုင်းဖြတ်၌ နှာခေါင်းစည်း အခမဲ့ဝေငှပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေး

**မိုင်းဖြတ် မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ခြင်းများကို ပြည်သူများ လိုက်နာဆောင်ရွက်မှု အားနည်းလာသည့်အတွက် ယနေ့နံနက် ၇ နာရီက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ယာယီပျံကျဈေးနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အသိပညာပေးခြင်း၊ နှာခေါင်းစည်းနှင့် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းကျောက်နှင့် ဦးအားကို၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူထွန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ယာယီပျံကျဈေးတွင် ဈေးရောင်း၊ ဈေးဝယ်များအား နှာခေါင်းစည်းတပ်ဆင်၍ ရောင်းချ၊ ဝယ်ယူရေး၊ ဈေးနှင့် အခြားလူစုလူဝေးနေရာများသို့ မဖြစ်မနေသွားရောက်ပါက နှာခေါင်းစည်းများတပ်ဆင်၍ သွားလာနိုင်ရေးတို့ကို အသိပညာပေးခဲ့သည်။ ထို့နောက် နှာခေါင်းစည်းများကို အခမဲ့ဝေငှပေးခဲ့ပြီး "ကိုဗစ်-၁၉ ရောဂါမပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့" သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ အဆိုပါ အသိပညာပေးပူးပေါင်းအဖွဲ့သည် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေသူများကို နှာခေါင်းစည်းများဝေငှခြင်း၊ အသိပညာပေးခြင်းနှင့် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းသုံးအထောက်အကူပစ္စည်းများ လှူဒါန်း

**ဟသ်ာတ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီး အပါအဝင် တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနသုံးခုတို့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံး အထောက်အကူပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပေးပို့လှူဒါန်းသည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၅ စုံ၊ နှာခေါင်းစည်း ၃၉၀၀၊ လက်အိတ် ၁၀၀ ပါ ဘူး ၂၀၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီပါ ဘူး ၇၀၊ ရေမလိုလက်သန့်ဆေးရည် လေးလီတာပါ ၄၂ ပုံး၊ အရက်ပြန် ၅၀၀ မီလီပါ ၇၅ ဘူး၊ ကာဘော်လစ်ဆပ်ပြာ အတောင့် ၁၉၀၊ အပူချိန်တိုင်းကိရိယာ ၁၁ ခု၊ Portable Speaker တစ်ခုတို့ကို တိုင်းဒေသကြီးအမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် ဟသ်ာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ရှိသူများက ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် နိဗ္ဗာန်တိုက်နယ်ဆေးရုံ၊ ဒူးယားတိုက်နယ်ဆေးရုံ၊ ရှားခဲတိုက်နယ်ဆေးရုံ၊ ကြွက်ကျွန်းတိုက်နယ်ဆေးရုံ၊ တလုတ္တော်တိုက်နယ်ဆေးရုံ၊ ဓမ္မိတိုက်နယ်ဆေးရုံ၊ ယုန်သလင်းကျေးလက်ကျန်းမာရေးဌာန၊ စစ်ကုန်းကျေးလက်ကျန်းမာရေးဌာန၊ နတ်မော်ကျေးလက်ကျန်းမာရေးဌာန၊ ဟသ်ာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအဖွဲ့နှင့် လက်ပံတန်းမြို့နယ် သာရဝေါမြေနုကျွန်း ကျွန်းသာယာကျေးရွာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအဖွဲ့များ လက်ဝယ်သို့ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



**မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်**

**နေပြည်တော် မေ ၂၃**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဖျားနာဆေးခန်း ကုသနေမှုကြည့်ရှု

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆရာဝန်များအသင်း(မကွေး) ရွှေပါရမီပညာရေးဖောင်ဒေးရှင်းအသင်းနှင့် ကရုဏာရှင်များ နာရေးကူညီမှုအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် Community Fever Clinic လူထုအခြေပြု ဖျားနာကုဆေးခန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လူထုအခြေပြု ဖျားနာကုဆေးခန်းကို မကွေးမြို့ မြို့မဈေးအနီးရှိ ကရုဏာရှင်များနာရေးကူညီမှုအသင်းရုံးတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယနေ့ နံနက် ၈ နာရီက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် မကွေးမြို့တွင်ဖွင့်လှစ်မည့် Fever Clinic လူထုအခြေပြု ဖျားနာကုဆေးခန်းတွင် အစမ်းလေ့ကျင့်ကုသနေမှုအား ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်သည့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ဆေးဝါးပစ္စည်းများနှင့် ဝတ်စုံများ လှူဒါန်းမှုကို လက်ခံရယူသည်။

Community Fever Clinic လူထုအခြေပြု ဖျားနာကုဆေးခန်းကို မေ ၂၈ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝါရှောင်ရေလွှဲဆည် အဆင့်မြှင့်တင်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား မေ ၂၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ တောင်သူများအတွက် အဓိက စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိသည့် ဝါရှောင်ရေလွှဲဆည်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆည်စီမံကိန်းကာလအတွင်း တောင်သူများ စိုက်ပျိုးရေ ခက်ခဲမှုမဖြစ်ပေါ်စေရေး ယာယီရေတားတမံဖြင့် ရေဖြန့်ဝေပေးနေမှုတို့ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည်အနီး ငွေရွှတ်ယန်ကျေးရွာအတွင်း ငွေရွှတ်ယန်အပန်းဖြေစခန်းနေရာ၌ ဆည်မြောင်းဦးစီးဌာနမှ ယာယီရေတားတမံဖောက်လုပ်၍ ပင်မမြောင်းမကြီးမှ တစ်ဆင့် ရေဖြန့်ဝေပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ယာယီရေတားတမံဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရေကျော်မှုမဖြစ်စေရေး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဝါရှောင်ရေလွှဲဆည် ရှင်းလင်းဆောင်၌ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းတို့က ဝါရှောင်ရေလွှဲဆည်၏ သမိုင်းကြောင်းနှင့် ရေဖြန့်ဝေပေးနိုင်သည့် ရေသောက်ဧရိယာအခြေအနေ၊ ဆည်အဆင့်မြှင့်တင်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့်စီမံကိန်း အခြေအနေများနှင့် ဆည်ပြုပြင်တည်ဆောက်စဉ်ကာလအတွင်း ဝိုင်းမော်မြို့နယ်အတွင်းရှိ ပြည်သူများသောက်သုံးရေ ခက်ခဲမှုမဖြစ်ပေါ်စေရေးအတွက်ကိုလည်း မူလလျာထားသည့် ဇွန် ၁ ရက်မှ ရေစတင်လွှတ်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းကာ ဆည်အထက် တစ်မိုင်အကွာမှ ပေ ၃၅၀ အရှည် ယာယီရေတားတမံကို ဆောက်လုပ်ပြီး တူးမြောင်းမကြီးမှ တစ်ဆင့် ရေပေးဝေနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က မိုးတွင်းကာလဖြစ်သော်လည်း ရာသီဥတုအခြေအနေအရ တောင်သူများစိုက်ပျိုးရေ အခက်အခဲမရှိစေရေးနှင့် ဦးစီးဌာနအနေဖြင့် လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ကေတိုးချဲ့လာနိုင်ရေးအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးကို ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဝါရှောင်ဆည်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေ၊ နုန်းဖမ်းဆည်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ကျောက်စီမြေထိန်းနံရံ ပေ ၅၄၀ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝါရှောင်ရေလွှဲဆည်သည် ကချင်ပြည်နယ်အတွင်း သမိုင်းဝင်ဆည်တစ်ခုဖြစ်ပြီး ဝိုင်းမော်မြို့နယ် အရှေ့မြောက်ဘက် ၁၀ မိုင်အကွာ ဝါရှောင်ရွာအနီးတွင် တည်ရှိကာ နန့်မြင်းခချောင်းအားဖြတ်၍ ကွန်ကရစ်ရေလွှဲဆည်တည်ဆောက်ထားခြင်းဖြစ်ပြီး ဆည်တည်ဆောက်ရေးစီမံကိန်းကို ၁၉၆၂- ၁၉၆၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆည်သည် အလျား ၂၇၂ ပေ၊ အမြင့် ၃၀ ပေရှိပြီး ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝါရှောင်၊ နန့်ဝါ၊ ဝူယန်၊ မဒိန်၊ မြို့မ(၁)(၂)(၃) (၄)(၅)၊ မုတ်လွဲ၊ ခတ်ချို၊ နောင်စီပေါ ကျေးရွာများရှိ လယ်မြေ ၁၁၄၄၆ ဧကကို ရေပေးဝေနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကျောင်းကုန်းယာယီပျံကျဈေးတွင် နှာခေါင်းစည်းများ ဖြန့်ဝေ

**ကျောင်းကုန်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းတို့လိုက်ပါလျက် ကျောင်းကုန်းမြို့နယ် ယာယီ ပျံကျဈေးသို့ ယမန်နေ့ နံနက် ၈ နာရီက ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းအခု ၁၀၀၀ ဖြန့်ဝေပေးခဲ့ပြီး လုံခြုံရေးဆောင်ရွက်နေသော ဂိတ်ဝန်ထမ်းများအား နှာခေါင်းစည်း၊ လက်အိတ်၊ လက်သန့်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေးအတွက် အပြင်ထွက်လျှင် နှာခေါင်းစည်း ဝတ်ဆင်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိရာ မဝတ်ဆင်သူများအား ယခုဝယ် ယခုဝတ်စနစ်ဖြင့် နှာခေါင်းစည်းသုံးခုလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် နေ့စဉ်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်သော်လည်း စီးနင်းသူနည်းပါး

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲလျက်ရှိရာ ခရီးသည်လိုက်ပါစီးနင်းမှု နည်းပါးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းအောင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ပြေးဆွဲလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေအရ ခရီးသည်လိုက်ပါစီးနင်းမှု နည်းပါးလျက်ရှိကြောင်း သိရသည်။

“လိုအပ်တဲ့သူတွေလောက်ပဲ ခရီးသွားကြတာဆိုတော့ အခုအချိန်မှာ ခရီးသည်တွေက သာမန်အချိန်ထက် သုံးပုံနှစ်ပုံလောက် နည်းသွားတယ်။ မုံရွာမြို့က ထွက်ခွာတာပဲဖြစ်ဖြစ်၊ ဝင်လာတာပဲဖြစ်ဖြစ် ခရီးသည်တွေကို ကျွန်တော်တို့ မစက၊ မီးသတ်၊ ရဲတပ်ဖွဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ လူမှုရေးအဖွဲ့တွေပူးပေါင်းပြီး နှာခေါင်းစည်းတွေဝတ်ဆင်ကြဖို့နဲ့ တစ်ဦးချင်း အပူချိန်တိုင်းတာခြင်းတွေကိုလည်း စနစ်တကျလုပ်ဆောင်ပေးနေပါတယ်။ ခရီးဝေးအနေနဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီးကိုတော့ ပြေးဆွဲနေပြီး ကျန်တဲ့ မန္တလေး၊ နေပြည်တော်၊ မကွေး၊ ချင်းပြည်နယ်တွေကိုတော့ ပြေးဆွဲခြင်းမရှိသေးပါဘူး” ဟု ဦးရဲထွန်းအောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေး၊ တမူး၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ နမ့်တော၊ ကောလင်း၊ ဝန်းသို၊ အင်းတော်၊ ကသာ၊ ရွှေဘို၊ စစ်ကိုင်း စသည့်မြို့နယ်များသို့ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများကို မေ ၁၈ ရက်မှစတင်ပြီး ပြန်လည်ပြေးဆွဲလျက်ရှိသော်လည်း တစ်ရက်လျှင် ခရီးသည် ၃၀၀ ခန့် အထွက်ရှိပြီး ခရီးသည်ဝင်ရောက်မှုအနေဖြင့် ၂၄၀ ကျော်ခန့်သာရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကြီးကြပ်မှုကော်မတီ၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## လားရှိုးနည်းပညာတက္ကသိုလ် ထရော်လီကိုဗစ်-၁၉ အမည်ရှိ အဝေးထိန်း ပစ္စည်းတင်ကိရိယာပြုလုပ်

**လားရှိုး မေ ၂၃**

ကိုဗစ်-၁၉ ကပ်ရောဂါကာလ၌ ထရော်လီ ကိုဗစ်-၁၉ အမည်ရှိ အဝေးထိန်းပစ္စည်းတင်ကိရိယာကို လားရှိုးပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်ဆရာမများနှင့် လူနာများကြား ချိတ်ဆက်အသုံးပြုနိုင်ရန်ရည်ရွယ်၍ လားရှိုး နည်းပညာတက္ကသိုလ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အဝေးထိန်း ပစ္စည်းတင်ကိရိယာဟာ ၃၅ ကီလိုတင်ဆောင်ရင် အရှေ့အနောက်ပဲ သွားလာနိုင်ပြီး ၂၅ ကီလိုလောက်ပဲ တင်ဆောင်ထားမယ်ဆိုရင် အရှေ့အနောက် သာမက ဘယ်/ညာအကွေ့တွေကိုပါ ကောင်းစွာထိန်းချုပ်မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ ကိုဗစ်ကာလမှာ လူနာတွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်ဖို့ ကြိုးစားခဲ့ကြတာပါ၊ စက်တစ်ခုရဲ့ ကုန်ကျစရိတ်က ငွေကျပ် ငါးသိန်းနဲ့ ခြောက်သိန်းဝန်းကျင်မှာရှိပါတယ်။ ကျွန်တော်တို့တွေက ကြီးကြပ်ပြီး ကျောင်းသားကျောင်းသူတွေနဲ့ ဝိုင်းဝန်းပူးပေါင်းပြီးပြုလုပ်ခဲ့ကြတာပါ" ဟု လားရှိုးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင့်ဆန်းက ပြောကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တာဝန်ရှိသူများသည် အဆိုပါထရော်လီကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ပြုလုပ်မှုများဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လားရှိုးနည်းပညာတက္ကသိုလ်သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော ငွေကျပ်သိန်း ၂၀ ကို ပြည်နယ်လူမှုရေးဝန်ကြီးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်ငွေး (လားရှိုး)**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၇၈၇၅ | ၂၀၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၅၉၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၀၇ ဦး (အသွားအလာ ဆက်သွယ်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| စုစုပေါင်း | | ၂၀၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၆၄၈၂၈၃ | ၄၀၃၃၁၂ | ၉၇၇၃၂ |
| ရုရှား | ၃၃၅၈၈၂ | ၁၀၇၉၃၆ | ၃၃၈၈ |
| ဘရာဇီး | ၃၃၄၇၇၇ | ၁၃၅၄၃၀ | ၂၁၂၁၅ |
| စပိန် | ၂၈၁၉၀၄ | ၁၉၆၉၅၈ | ၂၈၆၂၈ |
| ဗြိတိန် | ၂၅၄၁၉၅ | စိစစ်ဆဲ | ၃၆၃၉၃ |
| အီတလီ | ၂၂၈၆၅၈ | ၁၃၆၇၂၀ | ၃၂၆၁၆ |
| ပြင်သစ် | ၁၈၂၂၁၉ | ၆၄၂၀၉ | ၂၈၂၈၉ |
| ဂျာမနီ | ၁၇၉၇၆၈ | ၁၅၉၉၀၀ | ၈၃၅၄ |
| တူရကီ | ၁၅၄၅၀၀ | ၁၁၆၁၁၁ | ၄၂၇၆ |
| အီရန် | ၁၃၃၅၂၁ | ၁၀၄၀၇၂ | ၇၃၅၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၁၀၆၈ | ၁၂၉၉၅ | ၂၃ |
| အင်ဒိုနီးရှား | ၂၁၇၄၅ | ၅၂၄၉ | ၁၃၅၁ |
| ဖိလစ်ပိုင် | ၁၃၇၇၇ | ၃၁၇၇ | ၈၆၃ |
| မလေးရှား | ၇၁၈၅ | ၅၉၁၂ | ၁၁၅ |
| ထိုင်း | ၃၀၄၀ | ၁၅၇၅ | ၁၉ |
| ဗီယက်နမ် | ၃၂၄ | ၂၆၇ | ၀ |
| မြန်မာ | ၂၀၁ | ၁၂၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# ရေးမြို့နယ်၌ သဘာဝဘေးကြောင့် ပျက်စီးခဲ့မှုများ ပြင်ဆင်ဆောင်ရွက်လျက်ရှိ



ရေး မေ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများသည် ရေးမြို့နယ်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ၂၀၁၉ ခုနှစ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လုပ်ငန်းများအား ပြင်ဆင်ဆောင်ရွက်နေသောလုပ်ငန်းများနှင့် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ယမန်နေ့က လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရေးမြို့နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဖလံချောင်းဝ-ကျုံကြီးလမ်း (၂/၃)မိုင် ကျောက်ခင်းခြင်းနှင့် ၎င်းလမ်းပေါ်ရှိ ပေ ၆၀ ကွန်ကရစ်တံတား၊ ပေ ၈၀ ဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းများနှင့် သဘာဝဘေးကြောင့် ပျက်စီးခဲ့သော ပေ ၂၄၀ ကွန်ကရစ်တံတား၊ ပေ ၁၂၀ ကွန်ကရစ်တံတား၊ ပေ ၁၀၀ ကွန်ကရစ်တံတား၊ ပေ ၉၀ ကွန်ကရစ်တံတား၊ ပေ ၆၀ ကွန်ကရစ်တံတား၊ ၁၀ ပေ ကွန်ကရစ်တံတားနှင့် ခြောက်ပေ Box Culvert ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ မဏိပူရ-ကျောက်တိုင်လမ်းပေါ်ရှိ ပေ ၄၀ ကွန်ကရစ်တံတားအသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မေ ၂၃ ရက်တွင် သံဖြူဇရပ်မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဝဲကလိကျေးရွာအောက်လမ်း ပေ ၁၅၀၀ ကတ္တရာခင်းခြင်း၊ ဘုရားလေးဆူ စာသင်ကျောင်းအဝင်လမ်း ပေ ၁၁၀၀ ကတ္တရာခင်းခြင်း၊ နှစ်ကိုင်းကျေးရွာ ရွာလယ်လမ်း ပေ ၄၂၀၀ ကတ္တရာခင်းခြင်း၊ ပဒံငံလေးကျေးရွာရှိ အဝင်လမ်း ပေ ၂၀၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကွမ်သတ်ကျေးရွာ ဘုန်းကြီးကျောင်းအဝင်လမ်း ပေ ၁၂၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းတို့အား ဆက်လက်စစ်ဆေးခဲ့သည်။

ရေး(ပြန်/ဆက်)




## မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာမှ မြေအိုးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိ

မြင်းမူ မေ ၂၃

မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာတွင် မိရိုးဖလာလုပ်ကိုင်ခဲ့သော မြေအိုးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် လုပ်ကိုင်ခဲ့ရာ နှစ်ပေါင်း ၁၀၀ နီးပါးရှိနေပြီဖြစ်ပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျေးရွာအတွင်း အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများစွာရှိကြောင်း၊ မြေအိုးအမျိုးအစားများအနက် ဘုရားပန်းအိုး၊ ပေါင်းခံအိုး၊ ဖျင်းအိုး၊ ရေတကောင်းအိုး၊ ဒိန်ချဉ်အိုး၊ စုဘူးနှင့် စလောင်းဖုံးမျိုးစုံတို့ကို လုပ်ကိုင်လျက်ရှိကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုမာထံမှ သိရသည်။

ပြုလုပ်ပြီးသော ကုန်ချောအိုးများကို စစ်ကိုင်းမြို့၊ အိုးဘို၊ ကောင်းမှုတော်၊ ချောင်းဦးမြို့၊ ကျောက်ပန်းတောင်းမြို့၊ ပုဂံ-ညောင်ဦးမြို့နှင့် မုံရွာမြို့များအပါအဝင် အခြားမှ သီးသန့်မှာယူသည့်နေရာများသို့ တင်ပို့ရောင်းချရပြီး ဝင်ငွေအနေဖြင့် ပျမ်းမျှနှစ်လလျှင် ခြောက်သိန်းနီးပါး ဝင်ငွေရရှိနေသော လုပ်ငန်းတစ်ခုဖြစ်သောကြောင့် ယင်းကျေးရွာ၏ အဓိကအားထားစရာလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ (မြင်းမူ)

## လှိုင်ကော်မြို့၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သားတို့အား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**လှိုင်ကော် မေ ၂၃**
ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပုဂ္ဂလိကမော်တော်ယာဉ် လုပ်ငန်းများအား စနစ်တကျ ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ ပြေးဆွဲနေသော ခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သားများအား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများက အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက လှိုင်ကော်မြို့ ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းများအား စနစ်တကျ ကြီးကြပ်ရေးကော်မတီရုံး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ပေးအပ်ရာတွင် ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်ဖြူနှင့် တာဝန်ရှိသူတို့က တစ်ဦးလျှင် ဆန်ရှစ်ပြည်၊ ဆီ တစ်ပိဿာ၊ ပဲ တစ်ပိဿာ၊ ဆား တစ်ပိဿာ၊ ကြက်သွန်နီ တစ်ပိဿာနှုန်းဖြင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သား ၇၀၀ အတွက် ငွေကျပ် သိန်း ၁၀၀ ကျော် တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်းထွန်း(လှိုင်ကော်)**

## သန်လျင်မြို့နယ် ဒေးဇတ်တိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မေ ၂၃**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီနှင့် အဖွဲ့ဝင်များက ဒေးဇတ်ကျေးရွာရှိ ဒေးဇတ်တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ၊ အခြေခံ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ တိုက်နယ်ဆေးရုံသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ပေးအပ်လှူဒါန်းရာတွင် သန်လျင်မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီနာယက သန်လျင်မြို့နယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ဒေးဇတ် တိုက်နယ်ဆေးရုံအတွက် မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီက လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများအား ဒေးဇတ်တိုက်နယ် ဆရာဝန် ဒေါက်တာ စည်သူနွယ်ထံ ပေးအပ်လှူဒါန်းပြီး သန်လျင်လူမှုကွန်ရက် စေတနာ့ဝန်ထမ်းများက



အခြေခံ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက်သန်လျင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်ကာ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီအဖွဲ့များနှင့် မြို့မိမြို့ဖများ၊ အလှူရှင်များ ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၃ ရက်က မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြစဉ်။

**မန်း(ကိုယ်ပွား)**

## မိုးမောက်မြို့၌ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**မိုးမောက် မေ ၂၃**
ကချင်ပြည်နယ် မိုးမောက်မြို့ ပြည်သူ့ဆေးရုံအတွက် Access to Health Fund အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းရုံးမှ စီမံချက်မန်နေဂျာ ဦးအောင်မျိုးခိုင်က ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ဖြစ်သော အပူချိန်တိုင်းကိရိယာ ၃၇ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ လက်အိတ် ၁၀၀ ပါ ၆၅ ဘူး၊ နှာခေါင်းစည်း အခု ၅၀ ပါ ဘူး ၂၇၀ ၊ ခွဲစိတ်ခန်းသုံး ဝတ်စုံ ၃၆၉ စုံ၊ ခွဲစိတ်ခန်းသုံး ခေါင်းဆောင်း ၉၂၃ ခုနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၄၆၈၉၀၀ ကို ယမန်နေ့ ညနေပိုင်းက မိုးမောက်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်မေသင်းက လက်ခံရယူကြောင်း သိရသည်။

**လွန်းနန်းထွေး**

## မုဒုံမြို့၌ စိုက်ပျိုးရေးဦးစီးဌာနက တစ်မြောင်းတစ်ပေါင်စနစ်ဖြင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး စံပြစိုက်ခင်းဆောင်ရွက်

**မုဒုံ မေ ၂၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို တိုးတက်ထွန်းကားလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိရာ မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တစ်မြောင်းတစ်ပေါင်စနစ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစံပြစိုက်ခင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းကျော်က "တစ်မြောင်းတစ်ပေါင်စနစ်ဆိုတာ လယ်ယာ၊ သားငါးတွေနဲ့ စိုက်ပျိုးမွေးမြူရေးကို တွဲဖက်ဆောင်ရွက်တဲ့စနစ် ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာက မိုးရေချိန်လက်မ ၂၀၀ ဝန်းကျင်မိုးရွာသွန်းလို့ မိုးရာသီကာလမှာ ပင်လယ်ကမ်းရိုးတန်းနဲ့နီးတဲ့ အချို့လယ်ယာတွေ နှစ်စဉ်ရေလွှမ်းမှုတွေ ကြုံတွေ့ရလို့ စိုက်ပျိုးဖြစ်ထွန်းမှုနည်းပါးလာတာ၊ အထွက်နှုန်းလျော့ကျလာတာတွေကြောင့် တောင်သူတွေအနေနဲ့ အခက်အခဲ ဖြစ်ရပါတယ်။ တစ်မိုးမှာတစ်သီးပဲ စိုက်ပျိုးလို့ရတဲ့စနစ်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နိုင်ဖို့ စိုက်ပျိုးရေးထုတ်ကုန်နဲ့ မွေးမြူရေးထုတ်ကုန်ကို နှစ်မျိုးစလုံးဆောင်ရွက်နိုင်တဲ့စနစ်ကို ဆောင်ရွက်လုပ်ကိုင်နေတာဖြစ်ပါတယ်"ဟု ပြောသည်။

မုဒုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တစ်မြောင်းတစ်ပေါင်စနစ် ပြုလုပ်ဆောင်ရွက်ရာ၌ အုန်းမွှေး၊ ကျွဲကောနှင့် ကာလတိုသီးနှံဖြစ်သည့် ငှက်ပျောတို့ကိုစိုက်၍ မွေးမြူရေးထုတ်ကုန်များဖြစ်သည့် တစ်မြောင်းတစ်ပေါင်စနစ်၏ ကြားတွင် ငါး၊ ကြက်များကိုမွေးမြူခြင်းဖြင့် နှစ်စဉ်ဝင်ငွေများ တိုးပွားလာမည်ဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် ယခုကဲ့သို့စနစ်မျိုး လယ်ကေငါးကေတွင် တစ်နိုင်တစ်ပိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားတို့၏ ဘဝတိုးတက်ပြောင်းလဲလာနိုင်ရန် နည်းပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



## မအူပင်မြို့၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၃၇၅၀၀ ပျိုးထောင်ထားရှိ

**မအူပင် မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်များ လျော့နည်းလာစေရေးအတွက် မိုးရာသီကာလစိုက်ပျိုးရန် ပျိုးပင်ပေါင်း ၃၇၅၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ထိုသို့ပျိုးထောင်ထားရှိရာတွင် မအူပင်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိ ကျေးရွာခွဲများတွင် စိုက်ပျိုးသွားရန်အတွက် ပျဉ်းကတိုး၊ မန်ကျည်းရှား၊ မဟော်ဂနီ၊ ပင်လယ်ကဗွီး၊ ခရေနှင့်စိန်ပန်းပင် စသည့်ပျိုးပင်ပေါင်း ၃၇၅၀၀ ကို ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးဝေယံမြင့်သူထံမှ သိရသည်။

**အောင်ခိုင် (မအူပင်)**



## ကျောက်ဆည်မြို့နယ်တွင် ကျောင်းများအား ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရေး အရည်အသွေးဖွင့်ဖောက်စစ်ဆေး

**ကျောက်ဆည် မေ ၂၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမတွင် အခြေခံပညာကျောင်း ၁၈၆ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၆ ကျောင်း စုစုပေါင်းကျောင်း ၂၀၀ တို့အား ကျောင်းသုံးဗလာစာအုပ် ၁၉၈၀၂ ဒါဇင် အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက အရည်အသွေးဖွင့်ဖောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းသုံးဗလာစာအုပ်များ အရည်အသွေးစစ်ဆေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်လွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မိမိအောင်၊ ဒုတိယပညာရေးမှူး ဦးညွှန့်ဝင်းနှင့် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းအုပ်ဆရာ၊ ဆရာမများက ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင် အခမဲ့ဖြန့်ဝေနိုင်ရေး အရည်အသွေး ဖွင့်ဖောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ကျောင်းသုံးဗလာစာအုပ်များကို မေ၂၅ရက်တွင် အုပ်စု ၁၇ အုပ်စုခွဲ၍ အပြီးထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကိုသာ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွှန့်ဝင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်ကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများ

လူငယ်ပညာရှင်များ
(မွေး/ကု)


ပြည်သူပြည်သားများ၏ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သည့် အသားဓာတ်ကို အဓိက ပေးစွမ်းသည့် တိရစ္ဆာန် မွေးမြူထုတ်လုပ်ရေးကဏ္ဍသည်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကောက်ယူသည့် စစ်တမ်းများအရ သိရှိရသည်။

**နည်းပညာပံ့ပိုးပေး**


မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အရေးပေါ် ကာကွယ်ရေးအစီအမံများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့်အပြင် အများပြည်သူ စားသုံးရန်အတွက် ဘေးကင်းပြီး အာဟာရပြည့်ဝသော အသား၊ နို့၊ ဥများကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ တိရစ္ဆာန်အစာများ ပံ့ပိုးပေးရေးနှင့် မွေးမြူရေးနည်းပညာ ပံ့ပိုးပေးရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါကြောင့် မွေးမြူရေးကဏ္ဍအပေါ် ထိခိုက်မှုများကို သိရှိနိုင်ရန်နှင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၈ ရက်မှစတင်၍ မွေးမြူသူများ၏ သဘောထားအမြင်များကို CommCare App ကို အသုံးပြု၍လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများ၏ နယ်မြေအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို Survey Monkey App ဖြင့်လည်းကောင်း စစ်တမ်းကောက်ယူခဲ့ကြရာ မွေးမြူသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် အခက်အခဲများစွာ ရင်ဆိုင်နေရသည်ကို စစ်တမ်းမှတစ်ဆင့် သိရှိခဲ့ရသည်။

ကိုဗစ်-၁၉ ရောဂါ၏ မွေးမြူရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကို သိရှိနိုင်ရန်အတွက် လူမှုစီးပွား၊ ဓလေ့ထုံးထမ်းစဉ်လာ၊ တိရစ္ဆာန်မွေးမြူမှုပုံစံ မတူညီသော မြို့နယ် ၂၄ မြို့နယ်တွင် စစ်တမ်းကောက်ယူခဲ့ရာ ဒေသနွား၊ နို့စားနွား၊ ဒေသကျွဲ၊ ဝက်၊ သိုး၊ ဆိတ်၊ ဥစားကြက်၊ အသားစားကြက်နှင့် တိုင်းရင်းကြက် စီးပွားဖြစ်မွေးမြူသူ ၁၆၅၆ ဦး၊ အလတ်စားမွေးမြူသူ ၂၄၂၃ ဦးနှင့် အသေးစားမွေးမြူသူ ၈၄၈ ဦး စုစုပေါင်း မွေးမြူသူ ၄၉၂၇ ဦးမှ ပါဝင်ဖြေကြားပေးခဲ့ကြသည်။ (ပုံ-၁) နှင့် (ပုံ-၂)။





(ပုံ-၁) စစ်တမ်းကောက်ယူခဲ့သည့် မြို့နယ်နှင့် ဖြေဆိုသူအရေအတွက်



(ပုံ-၂) တိရစ္ဆာန်အမျိုးအစားနှင့် လုပ်ငန်းအရွယ်အစားအလိုက် ဖြေဆိုသူဦးရေ

ဖြေဆိုသူများ၏ ၅၂ ရာခိုင်နှုန်းမှာ ဝယ်လိုအားသာမက ရောင်းကုန်များဈေးကျဆင်းခြင်း စသည့် ဈေးကွက်ထိခိုက်ခြင်းကြောင့် ဆုံးရှုံးမှုများ ကြုံတွေ့နေရပြီး ခြောက်ရာခိုင်နှုန်းမှာ ခရီးသွားလာမှု ကန့်သတ်ခြင်းကြောင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း ဖြေကြားခဲ့ပါသည်။ သို့ရာတွင် ဖြေဆိုသူများ၏ ၃၇ ရာခိုင်နှုန်းမှာ စစ်တမ်းကောက်ယူခဲ့သောအချိန်တွင် သိသာထင်ရှားသော အခက်အခဲများ ကြုံတွေ့ရခြင်းမရှိဟု ဖြေကြားခဲ့ပြီး သုံးရာခိုင်နှုန်းမှာ နွေရာသီ စားကျက်ရှားပါးချိန်ကြောင့် မွေးမြူမှုခက်ခဲကြောင်းနှင့် ကျန် နှစ်ရာခိုင်နှုန်းမှာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးလိုအပ်ကြောင်း ဖြေကြားခဲ့ကြသည်။ (ပုံ-၃)။




(ပုံ-၃) မွေးမြူသူများ ကြုံတွေ့နေရသည့် အဓိကအခက်အခဲများ


စီးပွားဖြစ်မွေးမြူသူများ ကြုံတွေ့ရသည့် အခက်အခဲအများစုမှာ ကိုဗစ်-၁၉ ရောဂါကာလအပြီး အသွားအလာကန့်သတ်မှုများ ဖြေလျှော့ပေးသည့်အချိန်တွင် ပျက်ပြယ်သွားနိုင်သော်လည်း အလတ်စားနှင့် အသေးစားမွေးမြူသူများအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်အတွက် အရင်းအနှီးရရှိရန်နှင့် ခိုင်မာသောဈေးကွက်များ ရရှိနိုင်ရန်လည်း လိုအပ်လာပေမည်။

ထို့ပြင် ဈေးကွက်သို့တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း မွေးမြူသူများ၏ တစ်ဝက်ခန့်သည် ရောင်းအားကျဆင်းမှုနှင့် ကြုံတွေ့နေရသည်ဟူ၍လည်းကောင်း၊ ကျန်တစ်ဝက်ခန့်မှာ ပုံမှန်ရောင်းချနေရသည်ဟူ၍လည်းကောင်း စစ်တမ်းတွင် ဖြေဆိုခဲ့ကြသည်။

ထို့အတူ မွေးမြူရေးလုပ်ငန်းအရွယ်အစားအလိုက် ကြုံတွေ့ရသည့်အခက်အခဲများမှာ မတူညီကြသည်ကိုလည်း စစ်တမ်းက ဖော်ပြနေသည်။

**အခက်အခဲများပိုမိုများပြား**

စီးပွားဖြစ်မွေးမြူသူများမှာ ဝယ်လိုအားကျဆင်းခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်း၊ ဈေးနှုန်းကျဆင်းခြင်း၊ စားကျက်အခက်အခဲရှိခြင်းနှင့် လုပ်သားရှားပါးခြင်း စသည်တို့ကြောင့် ထိခိုက်မှုများပြားပြီး အလတ်စားနှင့် အသေးစား မွေးမြူသူများအနေဖြင့် အရောင်းအဝယ်ကြန့်ကြာခြင်း၊ သယ်ယူပို့ဆောင်ရေးခက်ခဲခြင်း၊ အစာဈေးနှုန်းမြင့်တက်ခြင်း၊ အရင်းအနှီးလိုအပ်ခြင်းနှင့် ဈေးနှိမ်ခံရခြင်းစသည့် အခက်အခဲများ ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်(ပုံ-၄)။




(ပုံ-၄) ကိုဗစ်-၁၉ ကာလအတွင်း တိရစ္ဆာန်မွေးမြူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ

စစ်တမ်းကောက်ယူရာတွင် ရောင်းချသော ကုန်ပစ္စည်းအမျိုးအစားအလိုက် ဈေးကွက်ပြောင်းလဲမှု အခြေအနေအား သီးခြားမေးမြန်းခဲ့ခြင်းမရှိသော်လည်း တစ်နိုင်တစ်ပိုင် မွေးမြူသူများအနေဖြင့် ထုတ်လုပ်ရာဒေသတွင်သာ ရောင်းချရသဖြင့် ပုံမှန်ရောင်းချနိုင်ခြင်းဖြစ်ကြောင်း သုံးသပ်သိရှိရသည်။


**အခွင့်အလမ်းများ ဖန်တီးပေး**

သို့ရာတွင် မွေးမြူသူများ၏ ၈၂ ရာခိုင်နှုန်းသည် မိမိတို့ကုန်ပစ္စည်းများကို ပွဲစားမှတစ်ဆင့် ရောင်းချနေရသဖြင့် ဈေးနှုန်းကျဆင်းခြင်း၊ ဈေးနှိမ်ခံရခြင်းတို့ ဖြစ်ပေါ်လာပြီး စီးပွားရေးအရ ထိခိုက်နစ်နာမှု ပိုမိုကြီးမားလာနိုင်ပါသည် (ပုံ-၅)။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကာလအပြီးတွင် မွေးမြူသူများအတွက် ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လာပါလိမ့်မည်။


စစ်တမ်းတွင် မွေးမြူရေးလုပ်ငန်းဆိုင်ရာ သွင်းအားစုများဖြစ်သည့် အစာ၊ ဆေးနှင့် အလုပ်သမားရရှိမှု အခြေအနေများကိုလည်း ထည့်သွင်းမေးမြန်းခဲ့ရာ ဖြေဆိုသူများ၏ ၆၁ ရာခိုင်နှုန်းသည် အစာကုန်ကြမ်းကို အပြည့်အဝရရှိသည်ဟု ဖြေဆိုခဲ့ပြီး ရှစ်ရာခိုင်နှုန်းသာလျှင် အစာကုန်ကြမ်းရရှိမှု ခက်ခဲနေသည်ဟု ဖြေဆိုခဲ့ကြသည်။

ထို့အတူ အစာကုန်ကြမ်းရရှိသူများထဲမှ ၈၈ ရာခိုင်နှုန်းသည် အစာဈေးနှုန်းအပြောင်းအလဲမရှိဟု ဖြေဆိုထားသည် (ပုံ-၆)။ မွေးမြူရေးဆေးဝါးများရရှိမှုနှင့်ပတ်သက်၍ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းမှာ အခက်အခဲမရှိကြောင်းနှင့် ၉၆ ရာခိုင်နှုန်းမှ တိရစ္ဆာန်သုံးဆေးဝါးများ ဈေးနှုန်းအပြောင်းအလဲမရှိကြောင်း ဖြေဆိုခဲ့ကြသဖြင့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ စစ်တမ်းကောက်ယူသည့်အချိန်အထိ တိရစ္ဆာန်အစာနှင့် ဆေးဝါးရရှိမှု အခြေအနေမှာ သိသာစွာ ထိခိုက်မှုမရှိကြောင်း စစ်တမ်းက ဖော်ပြနေသည်။ (ပုံ-၇)။

စာမျက်နှာ ၁၀ သို့ »»




(ပုံ- ၅)မွေးမြူရေးထွက်ကုန်များအား ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အခြေအနေ





(ပုံ-၆) ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးအစာကုန်ကြမ်း ရရှိနိုင်မှုအခြေအနေ

»» **စာမျက်နှာ ၉ မှ**


အလတ်စားနှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းရှင်များ၏ ၉၆ ရာခိုင်နှုန်းသည် လက်ရှိ အလုပ်သမားများကို ဆက်လက်ခန့်ထားလျက်ရှိပြီး ၉၇ ရာခိုင်နှုန်းသော မွေးမြူသူများအနေဖြင့်လည်း အလုပ်သမားမရှားပါးကြောင်း ဖြေဆိုခဲ့ကြသဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အလုပ်သမားရှားပါးမှုပြဿနာများ များစွာရင်ဆိုင်ကြုံတွေ့ရမည် မဟုတ်ကြောင်း စစ်တမ်းအရ လေ့လာတွေ့ရှိ ရသည် (ပုံ- ၈)။

**ရေရှည်အစီအမံ**

တစ်ဖက်တွင်လည်း အစာထုတ်လုပ်ရောင်းချသူများနှင့် သီးခြားမေးမြန်းခဲ့ရာတွင် တိရစ္ဆာန်အစာကုန်ကြမ်းများ၏ ၃၀ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းရသဖြင့် ပြည်တွင်း ပြည်ပ ခရီးသွားလာမှုနှင့် ကုန်ပစ္စည်းတင်ပို့မှုကို ကန့်သတ်ထားသောကာလ ရှည်ကြာလာသည်နှင့်အမျှ အစာကုန်ကြမ်းရှားပါးမှုနှင့် ကြုံတွေ့လာနိုင်သဖြင့် ပြည်တွင်းထွက် စိုက်ပျိုးရေးထွက်ကုန်များကို တိရစ္ဆာန်အစာအဖြစ် ပိုမိုအသုံးပြုနိုင်မည့် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်သွားမှသာ ထိခိုက်မှုအနည်းဆုံးဖြင့် မွေးမြူရေးကဏ္ဍကို ဆက်လက်မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။




(ပုံ-၇) ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးရရှိနိုင်မှုအခြေအနေ




(ပုံ-၈)ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးလုပ်ငန်းအတွက် အလုပ်သမားရှားပါးမှုအခြေအနေ


စစ်တမ်းကောက်ယူမှုအရ ရရှိလာသည့် အခြေခံအချက်အလက်များက မွေးမြူရေးလုပ်ငန်းတွင် စီးပွားရေးအရ ထိခိုက်မှုအတန်အသင့်ရှိသည်ကို ဖော်ပြနေပြီး စစ်တမ်းတွင်လည်း မွေးမြူသူများ၏ ၄၈ ရာခိုင်နှုန်းမှာ စီးပွားရေးအရ ထိခိုက်နစ်နာမှုရှိသည်ဟု ဖြေဆိုခဲ့ကြပါသည် (ပုံ- ၉)။ စစ်တမ်းကောက်ယူခဲ့သည့် ကာလမှာ ကိုဗစ်-၁၉ ဖြစ်ပွားမှုကို စတင်အတည်ပြုခဲ့သည့် ဧပြီ ၂၇ ရက်မှ စတင်ရေတွက်ပါက တစ်လကျော် ကာလသာရှိသေးသဖြင့် ပုံမှန်ထုတ်လုပ်မှုလုပ်ငန်းများ ဆက်လက်လည်ပတ်နေပြီး အစာ၊ ဆေး၊ လုပ်သားစသည့် သွင်းအားစုများ ထိခိုက်မှုအနည်းဆုံးအခြေအနေတွင် ဈေးကွက်ကျဆင်းမှုကြောင့်သာ စီးပွားရေးထိခိုက်မှုရှိသည်ကိုလည်း တွေ့ရှိရသည်။

သို့ရာတွင် မွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ၄၀ ရာခိုင်နှုန်းမှာ လည်ပတ်ရန်ပုံငွေဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန် ကြာမြင့်သည်နှင့်အမျှ လုပ်ငန်းတွင်း လည်ပတ်နေသော ငွေကြေးများ ဆုံးရှုံးလာနိုင်ပြီး လုပ်ငန်းရပ်ဆိုင်းရမည့် အနေအထားသို့ ရောက်ရှိသွားမည်ဟု ခန့်မှန်းရသည်။

မွေးမြူသူများအနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသော်လည်း ဖြေဆိုသူများ၏ ၉၆ ရာခိုင်နှုန်းမှာ မွေးမြူရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုကြောင်း ပြောကြားခဲ့ကြပြီး လုပ်ငန်းဆက်လက်လည်ပတ်ရန် သို့မဟုတ် ပြန်လည်ထူထောင်ရန်အတွက် အလတ်စား မွေးမြူရေးလုပ်ငန်းများအနေဖြင့် မွေးမြူသော ကောင်ရေ လျှော့ချမွေးမြူရန် လိုအပ်လာနိုင်ကြောင်း ဖြေကြားခဲ့ကြသည်။

**လုံလောက်စွာရောင်းချနိုင်မည်**

မွေးမြူသူအများစုမှာ အအေးခန်းသိုလှောင်ရုံများ မရှိခြင်းတို့ကြောင့် ကိုဗစ်-၁၉ ကာလအတွင်း နေ့စဉ်ထွက်ရှိနေသော မွေးမြူရေးထွက်ကုန်များကို ကာလရှည်ကြာစွာ သိုလှောင်မထားနိုင်ဘဲ ထုတ်ရောင်းရခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် နည်းပညာအားနည်းခြင်းတို့ကြောင့် ဆုံးရှုံးမှုများ ရင်ဆိုင်ရကြောင်းလည်း ဖြေကြားခဲ့ကြသည်။ ထို့ကြောင့် မွေးမြူသူများ၊ အထူးသဖြင့် အငယ်စားနှင့် အလတ်စား မွေးမြူသူများအား သွင်းအားစုများ စဉ်ဆက်မပြတ် ရရှိနေစေရန်အတွက် ပံ့ပိုးမှုများ ပြုလုပ်ပေးရန် လိုအပ်လာပါလိမ့်မည်။ အထူးသဖြင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် လုပ်ငန်းပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများအား ထောက်ပံ့ငွေ၊ ချေးငွေများအဖြစ် ပံ့ပိုးပေးခြင်း၊ သွင်းအားစုများဖြစ်သည့် အစာ၊ ဆေး၊ မျိုး စသည်တို့အား ပံ့ပိုးပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်းနှင့် အာမခံချက်ရှိသော ပြည်တွင်း ပြည်ပဈေးကွက်ဖြစ်ပေါ်လာစေရေးတို့ကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှသာ မွေးမြူရေးလုပ်ငန်း ဆက်လက်လည်ပတ်ပြီး ပြည်သူလူထု၏ အာဟာရပြည့်ဝမှုအတွက် အသား၊ နို့နှင့် ဥများ လုံလောက်စွာ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သည်။




(ပုံ-၉) ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူသူများ၏ စီးပွားရေးထိခိုက်မှုအပေါ် သုံးသပ်ချက်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် မွေးမြူရေးလုပ်ငန်းများ စီးပွားရေးအရ ထိခိုက်နစ်နာမှုကြုံတွေ့နေရချိန်တွင် တိရစ္ဆာန်ရောဂါဖြစ်ပွားမှုကြောင့် ထပ်ဆင့်ဆုံးရှုံးမှုများ မရှိစေရန်အတွက် ကန့်သတ်မှုများရှိနေသည့် ကာလဖြစ်သော်လည်း တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား မြို့နယ် ၁၄၀ တွင်သီးခြားစစ်တမ်းကောက်ယူခဲ့ရာ ဖြေဆိုသူများ၏ ၆၆ ရာခိုင်နှုန်းသည် နယ်မြေတာဝန်ခံများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများမှတစ်ဆင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ခြင်းနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ၃၄ ရာခိုင်နှုန်းမှာ ဒေသတွင်း အသွားအလာကန့်သတ်မှုများကြောင့် ကျေးရွာအရောက် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ကာကွယ်ဆေးထိုးအစီအစဉ်အရ ယခင်ကထိုးနှံခဲ့သည့် ကာကွယ်ဆေးများ၏ ကိုယ်တွင်းခုခံစွမ်းအား(Immunity) ကျန်ရှိနေသည့်အတွက် တိရစ္ဆာန်ရောဂါဖြစ်ပွားမှု ကြီးကြီးမားမား မတွေ့ရှိရကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေအရ အသွားအလာကန့်သတ်မှုကာလ ကြာရှည်လာပါက ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ထိခိုက်လာနိုင်ပြီး ရောဂါဖြစ်ပွားမှုများ တွေ့ရှိလာနိုင်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**အခမဲ့ထိုးနှံပေးမည်**


ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုအများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ၎င်းနှင့်ဆက်စပ်နေသော ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးလုပ်ငန်းများ ဆက်လက်တည်တံ့စေရေးနှင့် ဆုံးရှုံးမှုများရှိခဲ့ပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကြက်လည်လိမ်၊ ကြက်ဝမ်းကျ၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ပြီး တိရစ္ဆာန်အစာလိုအပ်ချက်ကိုလည်း တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပွားနိုင်သည့် ထိခိုက်နစ်နာမှုများကို စဉ်ဆက်မပြတ် ဆက်လက်သုံးသပ်သွားမည်ဖြစ်ပြီး မွေးမြူရေးသွင်းအားစုများ ရရှိရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်သည်။

## ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ကိုးသောင်းကျော် ပျိုးထောင်ထားရှိ

ပခုက္ကူ မေ ၂၃

ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်ပေါင်း ကိုးသောင်းကျော်ကို ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနက ပျိုးထောင်ထားရှိကြောင်း သိရသည်။



ပျိုးဥယျာဉ်ခြံ သုံးခြံရှိပြီး အညာဒေသနှင့် ကိုက်ညီသည့် တမာ၊ သစ်စိမ့်၊ သပြေ၊ ခရေ၊ လျှော်ဖြူ၊ ယင်းမာနှင့် ကျွန်းအပါအဝင် သစ်ပင်မျိုးပေါင်း ၃၀ ကို အများပြည်သူနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာသုံး ထင်းစိုက်ခင်းနှင့် CF ဟုခေါ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများအတွက် ပျိုးပင်ပေါင်း ကိုးသောင်းကျော် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တော ဦးစီးမှူး ဦးဝင်းဇော်က ပြောသည်။

သစ်ပင်ပျိုးပင်များ စိုက်ပျိုးထားရှိရန် လာရောက်တောင်းခံသည့် ဌာနဆိုင်ရာများနှင့် ပြည်သူများကို မျိုးပင်အမျိုးအစားများအလိုက် စိုက်ပျိုးရေးနည်းစနစ်များအကြောင်း၊ မြေဆီလွှာ၊ ရေရရှိမှုအခြေအနေများအပေါ် ရှင်သန်နိုင်မှုအခြေအနေတို့ကို စနစ်တကျ လက်တွေ့ရှင်းလင်းပြသကာ ဖြန့်ဝေပေးလျက်ရှိပြီး ယခုနှစ်တွင် တန့်ကြည့်တောင်တန်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်စေ့လုံး ၁၀၈၀၀၀ ကိုလည်း ဆူးထိုးစိုက်ပျိုးသွားမည်ဖြစ်သည်။

ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အများပြည်သူနှင့် ဌာနဆိုင်ရာ ဖြန့်ဝေရန် ပျိုးပင် ၅၈၀၀၀၊ ကျေးရွာသုံး ထင်းစိုက်ခင်းအတွက် ၃၃၂၇၅ ပင်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းအတွက် ပျိုးပင် ၈၂၅၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



# အီရန်နိုင်ငံရှိ ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်မြေများ ပြန်လည်ဖွင့်လှစ်မည်ဟု သမ္မတ ဟတ်ဆန်ရိုဟာနီ ဆို

**တီဟီရန်  မေ ၂၃**
ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့နေသော အီရန်နိုင်ငံသည် စီးပွားရေးလုပ်ငန်းများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်မြေများကို ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်သည်။

**မေ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်**

ပြတိုက်များနှင့် ယဉ်ကျေးမှုနယ်မြေများကို ရာမဒန် ဥပုသ်လကုန်ဆုံးသည့် ဘာသာရေး အခမ်းအနားများနှင့် တိုက်ဆိုင်၍ မေ ၂၄ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဟု အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း ပြောကြားခဲ့သည်။ အီရန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားရာ အဓိကနေရာများဖြစ်ခဲ့သည့် ဘာသာရေးနယ်မြေများကို မေ ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ ဘာသာရေးအဆောက်အအုံများကို နံနက်ပိုင်းတွင် ၃ နာရီနှင့် ညနေပိုင်းတွင် ၃ နာရီကြာ တစ်ရက်လျှင် ခြောက်နာရီသာ ဖွင့်လှစ်မည်ဟု ရိုဟာနီက ဆိုသည်။ နိုင်ငံအတွင်းရှိ လုပ်သားအားလုံး ယနေ့မှစ၍ အလုပ်ပြန်ဝင်ရမည်ဖြစ်သည်။

"ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အဆင့်သုံးဆင့် ကျော်ဖြတ်ခဲ့ပြီလို့ ပြောနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။ စတုတ္ထအဆင့်မှာ အီရန်နိုင်ငံရှိ ပြည်နယ် ၃၁ ခုအနက် အခြေအနေပိုမိုကောင်းမွန်သည့် ပြည်နယ် ၁၀ ခုတွင် ကန့်သတ်ထိန်းချုပ်မှု ပြုလုပ်မည်ဖြစ်ပြီး အဆိုပါ ပြည်နယ်များ၌ စစ်ဆေးမှုတိုးမြှင့်လုပ်ဆောင်ကာ ကူးစက်လူနာများကို အခြားသူများနှင့် ခွဲထားမည်ဖြစ်သည်။ ရာမဒန်လပြီးပါက စားသောက်ဆိုင်များ ပြန်ဖွင့်မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို ပရိသတ်မပါဘဲ ပြန်လည်ကျင်းပမည်ဟု ရိုဟာနီက ပြီးခဲ့သည့်အပတ်အတွင်း ပြောကြားခဲ့သည်။ ဆေးကျောင်းများမှလွဲ၍ တက္ကသိုလ်များကို ဇွန် ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

အီရန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် လူ ၇၀၀၀ ကျော် သေဆုံးခဲ့ပြီး ၁၃၀၀၀၀ ကျော် ကူးစက်ခံခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

**ကိုးကား–အိုင်အာအင်န်အေ**
**ဘာသာပြန်–ကျော်ထိုက်စိုး**



# ဗြိတိန်ကုမ္ပဏီက ကိုဗစ်-၁၉ ကာကွယ်နိုင်စွမ်းအလားအလာရှိသည့် ဆေးတစ်မျိုး စက်တင်ဘာလအတွင်း ထောက်ပံ့ပေးရန် အသင့်ရှိနေဟု ဆို

**လန်ဒန်  မေ ၂၃**
ဗြိတိန်ဆေးဝါးကုမ္ပဏီ အက်စထရာဇီနီကာသည် စက်တင်ဘာလမှစတင်ကာ ကိုရိုနာဗိုင်းရပ်စ်ကို ဆန့်ကျင်တိုက်ဖျက်နိုင်စွမ်း အလားအလာရှိသည့် ကာကွယ်ဆေးတစ်မျိုး ထောက်ပံ့ပေးရန် အသင့်ရှိကြောင်း အဆိုပါကုမ္ပဏီက ပြောကြားခဲ့သည်။




**ထုတ်လုပ်လျက်ရှိ**

ဗြိတိန်ဆေးဝါးကုမ္ပဏီ အက်စထရာဇီနီကာသည် လက်ရှိတွင် အောက်စဖို့ဒ်တက္ကသိုလ်နှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ထုတ်လုပ်လျက်ရှိပြီး ၎င်းတို့အနေဖြင့် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် တစ်ခါသုံးဆေး တစ်ဘီလီယံအထိ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း ပြောကြားခဲ့သည်။

အက်စထရာဇီနီကာ ကုမ္ပဏီသည် ယခုနှစ် စက်တင်ဘာလမှစတင်ကာ ဗြိတိန်နိုင်ငံမှ လူဦးရေ သန်း ၁၀၀ အပါအဝင် အနည်းဆုံး လူသန်း ၄၀၀ အား အဆိုပါဆေးဝါးကို ထောက်ပံ့ပေးရန်စီစဉ်ထားသည်။ ဗြိတိန်မီဒီယာများ၏ ပြောကြားချက်အရ တစ်ခါသုံးဆေးဝါးသန်း ၃၀၀ ခန့်ကို အမေရိကန်နိုင်ငံသို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**အထောက်အပံ့ရရှိထား**

ဗြိတိန်ဆေးဝါးကုမ္ပဏီ အက်စထရာဇီနီကာသည် အမေရိကန်နိုင်ငံ ဇီဝဆေးပညာအဆင့်မြင့် သုတေသနနှင့် ဆေးဝါးထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ထံမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် အထောက်အပံ့ရရှိထားကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်ဆေးဝါးကုမ္ပဏီ အက်စထရာဇီနီကာသည် ကမ္ဘာတစ်ဝန်းသို့ အဆိုပါကာကွယ်ဆေးကို မျှမျှတတ ဖြန့်ဖြူးပေးနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ယင်းကုမ္ပဏီက ပြောကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အလင်းသစ်**

## တောင်အမေရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားသည့် နေရာအသစ်တစ်ခု ဖြစ်လာနိုင်

**ဘရာဇီးလီးယား  မေ ၂၃**
ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်လျက်ရှိစဉ် တောင်အမေရိကနိုင်ငံများသည် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးနေရာအသစ်တစ်ခုဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

"တောင်အမေရိကဟာ ဗိုင်းရပ်စ်ကူးစက်မှုအများဆုံး နေရာသစ်တစ်ခုဖြစ်လာပါပြီ။ တောင်အမေရိကနိုင်ငံတွေမှာ ဗိုင်းရပ်စ်ကူးစက်မှု အရေအတွက်တွေ ဆက်လက်မြင့်တက်နေတာကို နေ့တိုင်းတွေ့မြင်နေရပါတယ်" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရေးပေါ်ဌာန ဒါရိုက်တာမိုက်ရေးက ပြောကြားခဲ့သည်။ တောင်အမေရိကနိုင်ငံများအနက် ဘရာဇီးနိုင်ငံသည် လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း အမြင့်မားဆုံးအခြေအနေတွင် ရောက်ရှိနေသည်။

ဘရာဇီးနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးမှုနှုန်းသည် မေ ၂၁ ရက်အထိ ၂၀၀၄၇ ဦးခန့်ရှိလာခဲ့ပြီဖြစ်သည်။ ထို့ပြင်တစ်ရက်တာအတွင်း သေဆုံးမှုနှုန်းလည်း မြင့်မားလျက်ရှိသည်။

**မြင့်မားလာလျက်ရှိ**

နိုင်ငံအတွင်း လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်သူ အရေအတွက်သည် ၃၁၀၀၀၀ ကျော်ရှိသည်။ လူဦးရေသန်း ၂၁၀ ရှိသည့် ဘရာဇီးနိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုနှုန်းများ မြင့်မားလာလျက်ရှိပြီး အမေရိကန်နှင့် ရုရှားနိုင်ငံများပြီးနောက် တတိယမြောက် ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အောင်ကျော်ကျော်**

# ဆိုင်ကလုံးဒဏ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နှောင့်နှေးမှုကြောင့် အိန္ဒိယနိုင်ငံတွင် ကန့်ကွက်ဆန္ဒပြမှုဖြစ်ပွား

**ကာလကတ္တား  မေ ၂၃**
အဖျက်စွမ်းအားကြီးမားသည့် ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်ပြီးနောက် ရေကြီးရေလျှံမှုနှင့် လျှပ်စစ်မီး ပြတ်တောက်မှုများကို အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှု နှေးကွေးမှုအပေါ် ကန့်ကွက်ဆန္ဒပြရန်အတွက် လူအမြောက်အမြားသည် ယနေ့တွင် ကာလကတ္တားမြို့ရှိ လမ်းမပေါ်သို့ ထွက်လာခဲ့ကြသည်။

**ကြိုးစားနေ**

ဘင်္ဂလားကမ်းခြေတစ်လျှောက် တိုက်ခတ်ခဲ့သည့် အမ်ဖန်ဆိုင်ကလုံးမုန်တိုင်းကြောင့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် စုစုပေါင်းသေဆုံးသူ အရေအတွက်သည် ယနေ့တွင် အနည်းဆုံး ၁၁၂ ဦး ရှိခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ရပ်တန့်ရန်ကြိုးစားရင်း မုန်တိုင်းတိုက်ခတ်မှုအပြီး ကျန်ရစ်သည့် ပြဿနာများကို ရှင်းလင်းရန် အာဏာပိုင်များက ကြိုးစားနေကြသည်။

မုန်တိုင်းကြောင့် နေရာအများအပြားတွင် ရေကြီးရေလျှံမှု ဖြစ်ပွားနေဆဲဖြစ်ပြီး လျှပ်စစ်မီးများ ပြတ်တောက်နေဆဲဖြစ်၍ လူဦးရေ ၁၅ သန်းရှိသည့်မြို့တွင် လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပို၍ မြန်မြန်ဆောင်ရွက်ပေးရန် ကာလကတ္တားမြို့ ဒေသခံများက တောင်းဆိုနေကြသည်။

လူပေါင်း ၅၀၀၀ ကျော်သည် စနေနေ့ အစောပိုင်းက ဆန္ဒပြမှုအသီးသီးတွင် ပါဝင်ခဲ့ကြကြောင်း ရဲများက ပြောသည်။ သို့သော်လည်း မျက်မြင်သက်သေများက ထိုအရေအတွက်ထက်ပိုကြောင်း ပြောကြားကြသည်။

**အပြင်းထန်ဆုံးမုန်တိုင်းဖြစ်**

အမ်ဖန်ဆိုင်ကလုံးမုန်တိုင်းသည် ၁၉၉၉ ခုနှစ်နောက်ပိုင်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်ခတ်ခဲ့သည့် အပြင်းထန်ဆုံးမုန်တိုင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် မုန်တိုင်းကြောင့် သေဆုံးသူအနည်းဆုံး ၈၆ ဦးရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သေဆုံးသူ ၂၆ ဦးရှိသည်။

ကုန်းတွင်းပိုင်းနေရာများကို ဖုံးလွှမ်းခဲ့သည့် ပင်လယ်ဆားငန်ရေကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ သုံးနှစ်အထိ ထိခိုက်နိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အောင်ဇော်လင်း**



# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေး တူရကီနှင့် အီရတ်သမ္မတတို့ ဖုန်းဖြင့်ဆွေးနွေး


တူရကီသမ္မတ
အာဒိုဂန်


အီရတ်သမ္မတ
ဘာဟမ်ဆာလီ

**အစ္စတန်ဘူလ် မေ ၂၃**
တူရကီသမ္မတ အာဒိုဂန်နှင့် အီရတ်သမ္မတ ဘာဟမ်ဆာလီတို့သည် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်သည့် နောက်ဆုံးအခြေအနေနှင့် ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်သွယ်ဆွေးနွေးစဉ် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အလေးထားဆွေးနွေးခဲ့ကြကြောင်း တူရကီနိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြထားသည်။

ထို့အပြင် အာဒိုဂန်နှင့် ဆာလီတို့သည် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံအကြား ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၂ ဦး စမ်းသပ်တွေ့ရှိပြီး ၂၇ ဦး သေဆုံးခဲ့သည်။ အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၁၅၄၅၀၀ အနက် သေဆုံးသူပေါင်း ၄၂၇၆ ဦး ရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကျဆင်းလာသည့်အတွက် အစိုးရက နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများကို မကြာသေးမီရက်များမှစ၍ ဖြေလျှော့ပေးခဲ့ရာ ပုံမှန်လုပ်ငန်းများလည်း စတင်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ လက်ရှိအချိန်အထိ အီရတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၆၄ ဦးနှင့် သေဆုံးသူ ၁၄၇ ဦးရှိကြောင်း သိရသည်။ သို့သော် အီရတ်နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၅၃၂ ဦးသည် ပြန်လည်ကျန်းမာသွားပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**




# ပါကစ္စတန် လေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးခဲ့သူများအတွက် ဝမ်းနည်းမိကြောင်း ကုလသမဂ္ဂအကြီးအကဲ ပြော

**ကုလသမဂ္ဂ မေ ၂၃**
အိဒ်အားလပ်ရက်အကြိုနေ့တွင် ပါကစ္စတန်နိုင်ငံ၌ ကြောက်မက်ဖွယ်လေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် လူ ၉၇ ဦးသေဆုံးမှုအတွက် ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်က ဝမ်းနည်းကြောင်းပြောကြားခဲ့သည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

လာဟိုးမြို့မှ ကရာချိမြို့သို့ ပျံသန်းနေသည့် ခရီးသည် ၉၉ ဦးပါ ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းမှာ ယမန်နေ့က ဂျင်းနားအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးရှိ လူနေထူထပ်ရာ ဧရိယာတစ်ခုအတွင်း ပျက်ကျခဲ့ရာ ၉၇ ဦး သေဆုံးခဲ့ပြီး နှစ်ဦး အသက်ရှင်ခဲ့သည်။ "အိဒ်အားလပ်ရက်အကြိုနေ့မှာ ပါကစ္စတန်နိုင်ငံ ကရာချိမြို့က ကြောက်မက်ဖွယ်ရာ လေယာဉ်ပျက်ကျတဲ့သတင်းဟာ ကျွန်တော့်ကို တကယ် ဝမ်းနည်းစေပါတယ်။ လေယာဉ်ပျက်ကျမှုမှာ ပါဝင်တဲ့သူတွေ၊ အသက်ဆုံးရှုံးခဲ့ရတဲ့ မိသားစုဝင်တွေနဲ့အတူ လွန်စွာဝမ်းနည်းမိပါတယ်"ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တွစ်တာ၌ ရေးသားခဲ့သည်။

"ဒီကြောက်မက်ဖွယ်ရာသတင်း ကြားကြားချင်း ကျွန်တော်တို့ ပါကစ္စတန်ပြည်သူတွေနဲ့ အစိုးရဆီကို ဝမ်းနည်းကြောင်းသဝဏ်လွှာတွေ ပေးပို့ခဲ့ပါတယ်။ အိဒ်အားလပ်ရက် အကြိုနေ့မှာ လေယာဉ်ပျက်ကျတာလို့ ကျွန်တော် ထင်ပါတယ်" ဟု ယမန်နေ့ကကျင်းပသည့် နေ့စဉ်သတင်းစာရှင်းလင်းပွဲ၌ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ မေးမြန်းရာတွင် ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖန်နီဒူဂျာရစ်က ပြောကြားသည်။

"လေယာဉ်ပျက်ကျမှုမှာ အသက်ဆုံးရှုံးခဲ့သူတွေရဲ့ မိသားစုဝင်တွေ၊ ပါကစ္စတန်အစိုးရ၊ ပြည်သူတွေနဲ့အတူ ကျွန်တော်တို့ လွန်စွာဝမ်းနည်းမိပါတယ်" ဟု ၎င်းက ပြောသည်။

**ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# တိုကျိုမြို့၏ အရေးပေါ်အခြေအနေကို မေ ၂၅ ရက်တွင် ရုပ်သိမ်းရန်စီစဉ်



**တိုကျို မေ ၂၃**
ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်ကြိုးပမ်းမှုတွင် တိုးတက်မှုများရှိလာသည့်အတွက် တိုကျိုနှင့် အခြားသော ခရိုင်လေးခုတွင် ချမှတ်ထားသည့် အရေးပေါ်အခြေအနေကို မေ ၂၅ ရက်တွင် ရုပ်သိမ်းရန် စီစဉ်လျက်ရှိသည်။

အဆိုပါအရေးပေါ်အခြေအနေ ရုပ်သိမ်းမှုအစီအစဉ်ကို ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များကို ကြားနာပြီးနောက် မေ ၂၅ ရက်တွင် နောက်ဆုံးဆုံးဖြတ်ချက်ချမည်ဖြစ်သည်။ အရေးပေါ်အခြေအနေရုပ်သိမ်းမည့် ခရိုင်များတွင် ကာနာဂါဝါ၊ ချီဘာ၊ ဆိုင်းတမနှင့် ဟော့ကိုင်းဒိုးတို့ ပါဝင်သည်။

တိုကျိုမြို့တွင် ယမန်နေ့က ကိုရိုနာဗိုင်းရပ်ထပ်မံကူးစက်ခံရသူ သုံးဦးရှိသည်။ ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ အရေအတွက်သည် ဆက်လက်ကျဆင်းလျက်ရှိကြောင်းနှင့် ဆေးဘက်ဆိုင်ရာအထောက်အပံ့ပစ္စည်းများလည်း အဆိုပါ ခရိုင်များအားလုံးတွင် လုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း စီးပွားရေးပြန်လည်ရှင်သန်ရေး ဝန်ကြီး နီရှိမူရာယာဆူတိုရှီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် ခရိုင်အားလုံးတွင် အရေးပေါ်အခြေအနေ ရုပ်သိမ်းပြီးပါက လူဦးရေအများအပြား တက်ရောက်မည့် အခမ်းအနားများကျင်းပခြင်း၊ နိုင်ငံတစ်ဝန်း ခရီးသွားလာမှုနှင့် ခရီးသွားကဏ္ဍမြှင့်တင်ခြင်းတို့အပါအဝင် စီးပွားရေးနှင့် လူမှုရေးဆောင်ရွက်ချက်များ ပြန်လည်စတင်ခြင်းဆိုင်ရာ အခြေခံလမ်းညွှန်ချက်များကို ထုတ်ပြန်ရန် စီစဉ်ထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# မက္ကဆီကို ထောင်တွင်းပဋိပက္ခကြောင့် ရှစ်ဦးသေဆုံး၊ ရှစ်ဦး ဒဏ်ရာရ

**မက္ကဆီကိုစီးတီး မေ ၂၃**
မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဂွာလစ်ကိုပြည်နယ်ရှိ အကျဉ်းထောင်တစ်ခု၌ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အကျဉ်းသားရှစ်ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိ၍ ဆေးရုံတင်ပို့ခဲ့ရကြောင်း ပြည်နယ်လုံခြုံရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပူအန်တီဂရန်ဒီရှိ အကျဉ်းထောင်တစ်ခု၌ တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း လူသုံးဦးမှာ သေနတ်ပစ်ခတ်မှုခံရခြင်းကြောင့် သေဆုံးခဲ့ပြီး လေးဦးမှာ ရိုက်နှက်ခံရ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရရှေ့နေ ဂါရာဒို အော့တာဗီယိုဆိုလစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ကနဦးတွင် လူကိုးဦးကို ဆေးရုံတင်ခဲ့ရပြီးနောက် ၎င်းကိုးဦးအနက်မှ တစ်ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက နောက်ပိုင်းတွင် အတည်ပြုခဲ့သည်။

အကျဉ်းသားများက အားကစားလှုပ်ရှားမှုတစ်ခုအတွင်း ပါဝင်နေစဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။ အကျဉ်းထောင်ဝန်ထမ်းများက အကျဉ်းထောင်ကို ထိန်းချုပ်နိုင်ခဲ့သလို ခြိမ်းခြောက်ခံခဲ့ရခြင်းမရှိကြောင်း၊ အကျဉ်းသားများထံမှ သေနတ်နှစ်လက်နှင့် လက်လုပ်ဖောက်ခွဲရေးဗုံးတစ်လုံး သိမ်းဆည်းရမိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

တိုက်ခိုက်မှုတွင် ပါဝင်မှုသော လူငါးဦးအား ထိန်းသိမ်းခဲ့သည်။ စုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် တိုက်ခိုက်မှုတွင် တာဝန်ရှိသူများ ပါဝင်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးမည်ဟု အာဏာပိုင်များက ဆိုသည်။

**ကိုးကား - ဂက်ပ်တူးဒေး**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၅၄ ဦး စံချိန်တင် စမ်းသပ်တွေ့ရှိ

**နယူးဒေလီ မေ ၂၃**
အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၁၃၇ ဦး သေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၃၇၂၀ ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၅၄ ဦး စံချိန်တင် စမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၂၅၁၀၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ချိန်မှစတင်ကာ တစ်ရက်တာအတွင်း ရောဂါကူးစက်မှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းအထိ ရရှိခဲ့သည့် ကိန်းဂဏန်းများအရ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၈၄၄၇ ဦး ရှိပြီး ယင်းရောဂါကြောင့်သေဆုံးသူပေါင်း ၃၅၈၃ ဦးသာရှိသော်လည်း ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ရရှိထားသည့် ကိန်းဂဏန်းများအရ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၅၁၀၁ ဦးရှိလာပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၂၀ ရှိလာကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၅၁၅၈၄ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားပြီဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၉၅၉၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် မတ် ၂၅ ရက်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှု ချမှတ်ထားပြီး ယခုဆိုလျှင် ရက်ပေါင်း ၆၀ ထဲဝင်နေပြီဖြစ်ကြောင်း သိရသည်။ သို့သော် အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှု အခြေအနေအပေါ် မူတည်၍ ယင်းအသွားအလာကန့်သတ်မှုကို မေ ၃၁ ရက်အထိ သက်တမ်းထပ်မံတိုးလိုက်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# နှစ်ဖက်ဆက်ဆံရေး၊ ဒေသဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အီဂျစ်နှင့် ဥရောပသမဂ္ဂထိပ်တန်းသံတမန်တို့ ဖုန်းဖြင့်ဆွေးနွေး

**ကိုင်ရို မေ ၂၃**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှိုကရီနှင့် ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ် ဂျိုးဆက်လိုရေးလ်တို့သည် နှစ်ဖက်အကြား ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆာမက်ရှိုကရီနှင့် ဂျိုးဆက်လိုရေးလ်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် နယ်ပယ်စုံ၌ မိတ်ဖက်ဖြစ်မှု ခိုင်မာတောင့်တင်းစေရေးအတွက် နှစ်ဖက်အကြား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှု အရေးကြီးပုံကို အလေးထားဆွေးနွေးခဲ့ကြကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

တစ်ချိန်တည်းမှာပင် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ရှိုကရီက အီဂျစ်ကျန်းမာရေးကဏ္ဍအတွက် မကြာသေးမီက ဥရောပသမဂ္ဂ၏ အကူအညီပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အီဂျစ်အစိုးရ၏ကြိုးပမ်းလုပ်ဆောင်နေမှုအခြေအနေကို ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆာမက်ရှိုကရီနှင့် ဂျိုးဆက်လိုရေးလ်တို့သည် ဒေသဆိုင်ရာကိစ္စရပ်များ အထူးသဖြင့် ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေနှင့် ငြိမ်းချမ်းရေးပြန်လည်စတင်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အတူ လစ်ဗျားနိုင်ငံအတွင်း နောက်ဆုံးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြရာ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြည့်ဝစုံလင်သော နိုင်ငံရေးအဖြေရရှိရန် အရေးကြီးပုံနှင့် လစ်ဗျားပြည်သူများအတွက် တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် လုံခြုံရေးပြန်လည်ထူထောင်ရန်နှင့် အကြမ်းဖက်သမားများအား အမြစ်ပြတ်ချေမှုန်းရန်လိုအပ်ပုံကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး
ဆာမက်ရှိုကရီ



ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ
အဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်လိုရေးလ်

# နှစ် ၃၀ ကျော်အတွင်း ကမ္ဘာပေါ်၌ ကြီးမားသည့်သစ်တောပြုန်းတီးမှုဖြစ်ပေါ်ခဲ့



**ကုလသမဂ္ဂ မေ ၂၃**

ကမ္ဘာပေါ်တွင် နှစ်ပေါင်း ၃၀ ကျော် အတွင်း ကြီးမားလှသည့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီများက ပြောကြားသည်။

နှစ် ၃၀ အတွင်း စိုက်ပျိုးရေးနှင့် အခြားအသုံးပြုမှုများကြောင့် ဂျပန်နိုင်ငံ၏ ဧရိယာအကျယ်အဝန်း ၄ ဒသမ ၇ ဆခန့်ရှိသော သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ကုလသမဂ္ဂ အဖွဲ့အစည်းများက ပြောကြားသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်တို့က မေ ၂၂ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် အထက်ပါအတိုင်း ဖော်ပြခဲ့သည်။

စတုရန်းကီလိုမီတာ သန်း ၄၀ ရှိသည့် ကမ္ဘာ့သစ်တောမြေဧရိယာမှ စတုရန်းကီလိုမီတာ ၁ ဒသမ ၇ သန်းသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော် အတွင်း သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယင်းပြုန်းတီးမှုများထဲမှ သစ်တောမြေဧရိယာ အများစုမှာ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့ဖြစ်ကြောင်းနှင့် ကမ္ဘာမြေပေါ်ရှိ သစ်တောမြေဧရိယာ၏ ၃၀ ဒသမ ၈ ရာခိုင်နှုန်းသည် အဆိုပါတိုက်ကြီး နှစ်တိုက်တွင် တည်ရှိကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

သစ်တောမြေများ ပြုန်းတီးရခြင်း၏ အခြေခံ အကြောင်းတရားမှာ ရည်ရွယ်ချက်ရှိရှိဖြင့် သစ်တောများအား ရှင်းလင်းခြင်းကြောင့် ဖြစ်ကြောင်း အစီရင်ခံစာက ထောက်ပြထားသည်။

အပူပိုင်းဒေသနှင့် အပူလျော့ပိုင်း ဒေသများရှိ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ ပြည်သူများသည် ၎င်းတို့၏ အကြောင်းပြချက်များစွာဖြင့် သစ်ပင်များကို ခုတ်လှဲရန် တိုက်တွန်းခဲ့ကြသည်ဟု ဆိုသည်။

ယင်းဒေသတွင်းရှိ ပြည်သူ ၄၀ ရာခိုင်နှုန်းခန့်သည် မွေးမြူရေးခြံကြီးများနှင့် ကြီးမားကျယ်ပြန့်သည့် ပဲပုပ်နှင့် ဆီအုန်းစိုက်ရန်၊ ၃၃ ရာခိုင်နှုန်းက စားနပ်ရိက္ခာ ပြည့်စုံလုံလောက်စေရန်အတွက် စိုက်ပျိုးမြေရရှိရန်နှင့် ၁၀ ရာခိုင်နှုန်းသော ပြည်သူများက မြို့ပြဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်စေရန်အတွက် သစ်ပင်များကို ခုတ်လှဲရကြောင်း အကြောင်းပြကြသည်။

သစ်တောပြုန်းတီးခြင်းနှင့် အဆင့်အတန်းကျဆင်းခြင်းတို့သည် သတိပြုရမည့်နှုန်းကို ရောက်ရှိနေကြောင်း ကုလသမဂ္ဂအေဂျင်စီများက ပြောကြားသည်။

**တိုက်တွန်းပြောကြား**

သစ်တောထိန်းသိမ်းမှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ကြရန်နှင့် ပြည်သူများ၏ စားနပ်ရိက္ခာ ထုတ်လုပ်ရေးအတွက် နည်းလမ်းများ ပြုပြင်ပြောင်းလဲကြရန် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်တို့က တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

# ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ငါးသန်းကျော်နှင့် သေဆုံးသူ သုံးသိန်းကျော်ရှိ

**ဂျီနီဗာ မေ ၂၃**

ကမ္ဘာတစ်ဝန်းလုံး၌ ယနေ့နံနက်ပိုင်းအထိ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ငါးသန်းကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးထုတ်ပြန်ချက်အရ ယနေ့ ဂျီနီဗာစံတော်ချိန် နံနက် ၉ နာရီ ၃၂ မိနစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူဦးရေ ၅၀၆၁၄၇၆ ဦးရှိကြောင်း အတည်ပြုဖော်ပြထားပြီး ယင်းတို့အထဲမှ သေဆုံးသူဦးရေမှာ ၃၃၁၄၇၅ ဦးဖြစ်သည်ဟု ဖော်ပြသည်။

ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုသည် ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၁၅၄၇၉၇၃ ဦးဖြင့် ရောဂါပိုးကူးစက်မှုအဆိုးရွားဆုံးဖြစ်ကာ သေဆုံးသူ ၉၂၉၃၃ ဦးရှိသည်။

၎င်း၏နောက်တွင် ရုရှားဖက်ဒရေးရှင်းနှင့် ဘရာဇီးနိုင်ငံတို့က ရောဂါပိုးကူးစက်ခံရသူ ဒုတိယနှင့် တတိယအများဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်။

ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-ဇော်ဝင်း



# ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးသည့်အစီအစဉ် နှောင့်နှေးကြန့်ကြာလျက်ရှိ



**ကုလသမဂ္ဂ မေ ၂၃**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးသည့် အစီအစဉ်များကို နှောင့်နှေးကြန့်ကြာလျက်ရှိစေသည်ဟု ကုလသမဂ္ဂအဖွဲ့က ဆိုသည်။

**အနှောင့်အယှက်ဖြစ်စေ**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် အသက်တစ်နှစ်အောက်ကလေးငယ် သန်း ၈၀ အား ကာကွယ်ဆေးထိုးနှံပေးရမည့်အစီအစဉ်ကို အနှောင့်အယှက်ဖြစ်စေသည်ဟု ကုလသမဂ္ဂအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရိုစ်အာဟာနွမ် ဂီဘရာယီဆက်စ်က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် နိုင်ငံပေါင်း ၆၈ နိုင်ငံအတွင်း၌ ကလေးငယ်များ ကာကွယ်ဆေးထိုးရမည့်အစီအစဉ်များကို အဟန့်အတားဖြစ်စေသည်ဟု ဆိုသည်။

ထို့ပြင် ကလေးငယ်များအား အစီအစဉ်အတိုင်း ကာကွယ်ဆေးထိုးပေးမှု ပျက်ကွက်ခြင်းသည် ကလေးငယ်များ၏ အသက်အန္တရာယ်ကို အဓိကခြိမ်းခြောက်လျက်ရှိနေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကူးစက်ခံရနိုင်ဖွယ်ရှိ**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)မှ အလုပ်အမှုဆောင်ဒါရိုက်တာ ဟန်ရီတာဖို့စ်က ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးရန် ပျက်ကွက်ခြင်းကြောင့် ကလေးငယ်များအနေဖြင့် ပိုလီယိုနှင့် ဝက်သက်ရောဂါများကို ကူးစက်ခံရနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများတွင်ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ မိဘများအနေဖြင့်လည်း ကလေးငယ်များအား အဆိုပါကျန်းမာရေးစောင့်ရှောက်မှုစင်တာများသို့ ခေါ်ဆောင်လာပါက ဗိုင်းရပ်စ်ကူးစက်ခံရမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ပြည်သူနှင့်အတူ အလေးမူ ဖေးကူရမည့် ကပ်ကာလ

■ ကိုရင်သြ


PHOTO CREDIT: Xinhua

တရုတ်နိုင်ငံသည် ဆယ်စုနှစ်ပေါင်း အတန်ကြာကာလအတွင်း ပထမဆုံးအကြိမ် ယင်း၏နှစ်စဉ် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ) ရည်မှန်းချက်ကို သတ်မှတ်ခြင်းမရှိဆိုသော သတင်းတစ်ပုဒ်က ကမ္ဘာ့ကပ်ရောဂါဆိုး ကိုရိုနာဗိုင်းရပ်စ်ပိုး၏ ဆိုးညစ်ယုတ်မာပုံကို ထင်ဟပ်လျက်ရှိရကား "နှစ်ကုန်းတစ်ကော့" စီးပွားရေးဘဝများသို့ တွန်းပို့နေသော ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ဆက်နွှယ်နေသည့် အကြောင်းခြင်းရာများကို ကျွန်ုပ် ကမျှောသောပါး စေ့ငုလေ့လာမိလေ၏။

**ခုနစ်စဉ် အမျှင်တန်း**

ကမ္ဘာတစ်ဝန်းတွင် တစ်ရက်တာကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသည့် အတည်ပြုလူနာ တစ်သိန်းကျော်အထိ စံချိန်တင်ရောက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူ အိပ်ချ်အို)က မေလ ၁၉ ရက်တွင် မှတ်တမ်းတင်နိုင်ခဲ့၏။ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းအရ အမေရိကန်၊ ရုရှား၊ ဘရာဇီးနှင့် ဗြိတိန်နိုင်ငံတို့တွင် ကျန်းမာရေးဆိုင်ရာ ကယောက်ကယက်အခြေအနေ ဆက်လက်ဖြစ်ပေါ်နေဆဲတွင် နိုင်ငံအသီးသီးတွင် စီးပွားရေးရာ ပြဿနာများက ခုနစ်စဉ် အမျှင်တန်း ပေါ်ပေါက်လာနေ၏။

ကမ္ဘာ့ကပ်ဘေးလွန်ကာလတွင် စီးပွားရေးကို ပြန်လည်တည်ဆောက်နိုင်ရန် တရုတ်နိုင်ငံက တစ်မဟုတ်ချင်းကြိုးပမ်းလာနေသည့်တိုင်အောင် ၂၀၂၀ ပြည့်နှစ် စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ကို ထုတ်ပြန်ကြေညာတော့မည်မဟုတ်ကြောင်း သတင်းတစ်ပုဒ်တွင် ကျွန်ုပ်ဖတ်ရှုရသောအခါ "ထိမိသည့်ခလုတ် နောက်ဆုတ်လည်းနာတုန်း" ဟု အောချမိပြန်၏။

တရုတ်နိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲ အမျိုးသားပြည်သူ့ကွန်ဂရက် (လွှတ်တော်) အစည်းအဝေးတွင် ပုံမှန်အားဖြင့် စီးပွားရေးတိုးတက်မှုရလဒ်ကောင်းများကို အစိုးရအဖွဲ့ အကြီးအကဲက အားပါးတရ ထုတ်ဖော်ကြေညာလေ့ရှိသော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် စီးပွားရေးတုံ့နှေးရသည်တွင် နှစ်အလိုက် စီးပွားရေးတိုးတက်မှုနှုန်း အသို့ရှိသည်ကို ချန်လှပ်လိုက်ခြင်းဖြစ်သည်။

**သောင်ပြင်မှာ ဆင်သွားသလို**

ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် စီးပွားရေးဘဝတွင် ကြီးမားလှသော မရေမရာ ဇဝေဇဝါဖြစ်စရာများ ကြုံနေရပုံကို တရုတ်ဝန်ကြီးချုပ်လီခချန်းက အမျိုးသားပြည်သူ့ကွန်ဖရင့်ညီလာခံတွင် အဖွင့်မိန့်ခွန်းပြောကြားရာ၌ ရှင်းလင်းပြောဆိုခဲ့သည်။ နှစ်စဉ် ဂျီဒီပီတိုးတက်နှုန်းကို ယခုနှစ်တွင် အခိုင်အမာကြေညာခြင်းမရှိတော့ဘဲ အစိုးရအဖွဲ့အနေဖြင့် "အလုပ်သမားဘဝ တည်ငြိမ်ရေး" နှင့် "လူနေမှု အဆင့်အတန်းတိုးတက်ရေး" တို့အတွက် ဦးစားပေးဆောင်ရွက်ပါမည်ဟူ၍ ဝန်ကြီးချုပ်လီက ထုတ်ဖော်ပြောဆိုခဲ့ရာ ကပ်ရောဂါဆိုးကြောင့် စီးပွားရေးဘဝထိခိုက်ရပုံမှာ သောင်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပေသည်။

တရုတ်နိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်မှ အစပြု၍ "ဂျီဒီပီ" တိုးတက်နှုန်းကို နှစ်စဉ်ထုတ်ပြန်ကြေညာလာခဲ့သော်လည်း ယခုနှစ်တွင် ပထမဆုံးအကြိမ် ဂျီဒီပီရည်မှန်းချက်ကို သတ်မှတ်နိုင်ခြင်းမရှိပါချေ။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအင်အားအကြီးဆုံး စီးပွားရေးတည်ရာနိုင်ငံအဖြစ် ရပ်တည်နေချိန်၌ မကြုံစဖူး ထူးထူးကဲကဲ စီးပွားရေး ဂယက်လှိုင်းများ ရိုက်ပုတ်မှုဒီမိုကရေစီအရေးတို့နှင့်ပတ်သက်၍လည်း သံတမန်ရေးတင်းမာမှုများ ဖြစ်ပေါ်လာနေချိန်ဖြစ်သည်။ တရုတ်နိုင်ငံသည် မကြုံစဖူး ထူးထူးကဲကဲ စိန်ခေါ်မှုများကို ကာလကြာရှည် ရင်ဆိုင်သွားရမည် ဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့သည် အင်အားကြံ့ခိုင်သော ကွန်မြူနစ်ပါတီ၏

**မရှိမဖြစ်ကုန်စည်များအတွက် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ခြင်းကို ဦးစွာပြုလုပ်ခဲ့ပြီးနောက် လုပ်သားအင်အားစု၊ အခွန်အကောက်နှင့် စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာငွေ ထောက်ပံ့ပေးခြင်း စသည့် စီးပွားရေး ပြန်လည်ဦးမော့ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရပေသည် .....**

နှင့် တွေ့ကြုံလာရခြင်းမှာ ကပ်ရောဂါ၏ အကြောင်းဖန်မှုကြောင့် ဖြစ်သည်။

**အလေးအနက်မြွက်ဟခဲ့**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကနဦးကိုင်တွယ်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ပြင်းပြင်းထန်ထန် အငြင်းပွားနေမှုကို နိုင်ငံတကာ ထိပ်တန်းသတင်းခေါင်းစဉ်များက လှစ်ဟနေသော်လည်း နိုင်ငံတော် ဥပဒေပြုအမတ်များ၏ နှစ်ပတ်လည်ညီလာခံကြီးတွင် အဖွင့်မိန့်ခွန်းပြောကြားသူ ဝန်ကြီးချုပ်လီက ယင်းအငြင်းပွားမှုနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ ပြည်တွင်း၌ ပြည်သူတို့ တွေ့ကြုံနေကြရသော လူမှုရေးနှင့် စီးပွားရေးစိန်ခေါ်မှုများနှင့် ပတ်သက်၍ အလေးအနက်မြွက်ဟခဲ့သည်။ တရုတ်နှင့် အမေရိကန်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှုနှင့် ဟောင်ကောင်ဦးဆောင်မှု၊ စီးပွားရေးအင်အားခိုင်မာမှုနှင့် ကြီးမားသော ဈေးကွက်အလားအလာရှိမှုတို့နှင့်အတူ ရင်ဆိုင်ကျော်လွှားသွားမည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီ၏ ဒုတိယအကြီးအကဲ ဝန်ကြီးချုပ်လီက ကိုယ်စားလှယ်တော် ၃၀၀၀ ခန့် တက်ရောက်သော ညီလာခံတွင် ပြောကြားခဲ့သည်။

**ဒုတိယလှိုင်းရိုက်ပုတ်မှုမှ ရှောင်လွှဲနိုင်ရေး**

နိုင်ငံတကာ စီးပွားရေးပညာရှင်များ၏ အမြင်တွင်မူ တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု ဒုတိယလှိုင်း ရိုက်ပုတ်မှုမှ ရှောင်လွှဲနိုင်ရေးဟူသော ရည်မှန်းချက်နှင့် စီးပွားရေးလှုပ်ရှားမှုများ ပြန်လည်စတင်နိုင်ကာ ရေရှည်စဉ်ဆက်မပြတ် စီးပွားရေးဘဝ ခိုင်မာအားကောင်းလာရေးဟူသော ရည်မှန်းချက်တို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန် လိုအပ်မည်ဟု ရှုမြင်ကြသည်။

ယခုအချိန်တွင် ကပ်ရောဂါဆိုးကြီး ကမ္ဘာ့လောကအလယ်မှ အပြီးတိုင် ကွယ်ပျောက်ချုပ်ငြိမ်းခြင်းမရှိသေးရကား ကိုဗစ်-၁၉ ကူးစက်ရောဂါသည် "မုန်ယိုနေသော ဆင်ပမာချွန်းကိုမမြင်" ဘိသကဲ့သို့ အချိန်အခါမရွေး လူသားတို့ကို ဒုက္ခပေးနိုင်သည်ဟု ကြီးစွာသတိချပ်ကြရပေလိမ့်မည်။

အလမ္ပယ်ဆရာ မနိုင်သည့် မြွေပွေးငယ်ပမာ အမောက်တထောင်ထောင်၊ ပါးပျဉ်းတကားကားလုပ်နေသော ကိုဗစ်-၁၉ ရောဂါပိုးကြောင့် ကမ္ဘာ့စီးပွားရေးထိခိုက်ရသည်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးမှာလည်း လုံခြုံမှုရှိနိုင်မည်မဟုတ်ဟု စင်ကာပူအမျိုးသားတက္ကသိုလ်မှ အကြီးတန်း သုတေသီများဖြစ်ကြသော ဆာရာတန်နှင့် လီယိုတို့က သုံးသပ်ကြသည်။

**သိသိသာသာ ထိခိုက်မှုရှိနိုင်**

ကမ္ဘာတစ်လွှား ဝယ်လိုအားကျဆင်းခြင်းနှင့်အတူ တရုတ်ထုတ်ကုန်ပစ္စည်းများအပေါ် ဝယ်လိုအား နည်းပါးနေခြင်းကြောင့် ပို့ကုန်အခြေပြု တရုတ်နိုင်ငံ၏စီးပွားရေးမှာ သိသိသာသာ ထိခိုက်မှုရှိနိုင်ပေလိမ့်မည်။

သို့ရာတွင် တရုတ်အစိုးရအဖွဲ့က မူဝါဒရေးရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မရှိမဖြစ်ကုန်စည်များအတွက် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်ခြင်းကို ဦးစွာ ပြုလုပ်ခဲ့ပြီးနောက် လုပ်သားအင်အားစု၊ အခွန်အကောက်နှင့် စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာငွေ ထောက်ပံ့ပေးခြင်းစသည့် စီးပွားရေး ပြန်လည်ဦးမော့ရေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရပေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ရခြင်းမှ သက်သာစေရန် ကြိုးပမ်းမှုနှင့်အတူ တရုတ်အစိုးရက ယခုနှစ်တွင် ယွမ်ငွေ ၄ ဒသမ ၇၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၆၆၇ ဘီလီယံ) တန်ဖိုးရှိ ငွေချေးစာချုပ်များကို ထုတ်ဝေရောင်းချရန် စီစဉ်ထားကြောင်း၊ ကပ်ရောဂါကြောင့် အထိနာခဲ့ရသော စီးပွားရေးကို ကုစားနိုင်ရန် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခြေခံအဆောက်အအုံ လုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့ပေးရန် ရည်ရွယ်ကြောင်း ဝန်ကြီးချုပ် လီက ပြောကြားခဲ့သည်။

အထူးငွေချေးစာချုပ်များ ထုတ်ဝေခြင်းမှာ ဗဟိုအစိုးရအဖွဲ့အနေဖြင့် ဒေသန္တရအစိုးရအဖွဲ့များအား အကူအညီပေးနိုင်ရန်ဖြစ်ပြီး အလုပ်သမားဈေးကွက်တည်ငြိမ်နိုင်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ်များမှ လျော့ပါးသက်သာရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူပေးရေး၊ နိုင်ငံတကာကုန်သွယ်မှု ပြန်လည်သွက်လက်လာစေရေးတို့အတွက် အစီအမံအမျိုးမျိုးကို ချမှတ်လုပ်ဆောင်သွားမည်ဆို၏။

**ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားရန် ရည်မှန်း**

အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု ဦးစားပေး မူဝါဒသစ်များကို တရုတ်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ရာတွင် 5G သတင်းအချက်အလက် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ စသည့် နည်းပညာနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားရန် ရည်မှန်းထားသည်။

ရင်းနှီးမြှုပ်နှံမှုကို ပဓာနပြုသော ဖွံ့ဖြိုးတိုးတက်မှုပုံစံသို့ တရုတ်နိုင်ငံ ဦးတည်လျက်ရှိရာတွင် နည်းပညာတိုးတက်မှုများ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာရေး၊ နည်းပညာအခြေခံသွင်းကုန်ပစ္စည်းများအပေါ် အမှီအခို လျှော့ချရေးတို့ ပြုလုပ်သွားရပေလိမ့်မည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကပ်ဘေးအလွန်ကာလတွင် တရုတ်နိုင်ငံ၏ စီးပွားရေးပုံသဏ္ဍာန်ကို ပုံဖော်ထုဆစ်ပေးမည့် အလားအလာ ငါးရပ်ရှိသည်ဟု အမေရိကန်စီမံခန့်ခွဲရေး အတိုင်ပင်ခံကုမ္ပဏီဖြစ်သော မက္ကင်ဆေးကုမ္ပဏီ၏ သုတေသနလေ့လာချက်တစ်ရပ်မှာ ထူးခြားလှသည်ဟု ဆိုနိုင်ပေသည်။

အဆိုပါ အလားအလာ ငါးရပ်တို့မှာ (၁) ဒီဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းခြင်း၊ (၂)ပြည်တွင်းဈေးကွက်များ၊ နည်းပညာနှင့် မတည်ငွေရင်းတို့ အရေးပါလာခြင်း၊ (၃)တရုတ်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေးအရ တွေ့ထိဆက်ဆံမှု ကျဆင်းလာခြင်း၊ (၄)စီးပွားရေးအရယှဉ်ပြိုင်ရမှု အရှိန်အဟုန်မြင့်တက်လာခြင်း၊ (၅)ပုဂ္ဂလိကနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးလာခြင်းတို့ ဖြစ်ကြသည်။

**ပြည်သူသာ ပထမ**

တရုတ်ကွန်မြူနစ်ပါတီ၏ အခြေခံပန်းတိုင်အဖြစ် အလုံးစုံပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်တို့တွင် ပြည်သူများ စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ရေးတို့ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် စီးပွားရေးနှင့်လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် "ပြည်သူသာ ပထမ" ဖြစ်ကြောင်း အမျိုးသားပြည်သူ့ကွန်ဂရက် နှစ်ပတ်လည်ညီလာခံ ပထမနေ့ဖြစ်သော မေ ၂၂ ရက်က မိန့်ခွန်းမြွက်ကြားရာတွင် သမ္မတရှီက အလေးပေးပြောဆိုခဲ့ပုံကို ကျွန်ုပ်အလေးမူမိရင်း "ပြည်သူနှင့်အတူ အလေးမူ ဖေးကူရမည့် ကပ်ကာလ" ဟု ကျူးရင့်မိပါသတည်း။ ။

Ref: COVID-19 News updates

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၃-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၇) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၆) ခု၊ စုစုပေါင်း (၃၁၃)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁) ဦး ရှိပါသည်။

၃။ (၂၃-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူအသစ် (၄) ဦး (Case- 59, 119, 179, 180) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၀) ဦးရှိပြီး ၎င်းတို့အနက် (၁၀၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၂-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၈) ဦး ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၂၃-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၁၂၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၃၇၄) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ–

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၂-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ+ဒုတိယ)အသုတ်အဖြစ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၁) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၉)ခု စုစုပေါင်း (၇၄၀) ခုတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ရာ (၂၃-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁)ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိရသူ (၁၁၆) ဦးထိ ရှိလာပြီး ၎င်းတို့အနက် (၁၀၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ် + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၁) ခု |
| (၂၂-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၂၀၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၁၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၃-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ် | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ခံယူမည့် ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 200 | ၃၈ နှစ် | ကျား | ဟားခါးမြို့နယ် ချင်းပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံ ဟားခါးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဟားခါးမြို့) |
| 201 | ၂၆ နှစ် | ကျား | ဟားခါးမြို့နယ် ချင်းပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံ ဟားခါးမြို့ | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၃**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများလွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများနှင့် ယာယီ တိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ ထွယ်ဆန်နှင့် ဖန်ခါးကုန်း IDP စခန်း နှစ်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၂၆၈ ဘူး၊ ဆပ်ပြာ ၇၁၈ ခဲ၊ ထုံးအိတ် ၂၀၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ လက်ဆေးစင် သုံးခု၊ အဝတ်နှာခေါင်းစည်း ၁၄၃၆ ခု၊ Hand Speaker နှစ်ခုနှင့် ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား ထောက်ပံ့ပေးခဲ့ပြီး ယနေ့တွင် မံစီမြို့နယ်ရှိ နှစ်ခြင်းနှင့် ကက်သလစ် IDP စခန်း နှစ်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၀၃၈ ဘူး၊ ထုံးအိတ် ၂၀၊ ဆပ်ပြာ ၂၃၀၃ ခဲ၊ လက်ဆေးစင် ကိုးခု၊ အဝတ်နှာခေါင်းစည်း ၄၆၀၆ ခု၊ အပူချိန်တိုင်းကိရိယာ လေးခု၊ Hand Speaker နှစ်ခု၊ ဗီနိုင်း နှစ်ချပ်၊ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ယမန်နေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၃)ရပ်ကွက် ကာသိုလိပ်ဘုရားကျောင်း၊ ကာလိုင်(၁)၊ ကာလိုင်(၂) IDP စခန်း သုံးခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၃၄၇၈ ခု၊ လက်သန့်ဆေးရည် (Hand gel) ၅၇၈ ဘူး၊ ဗီနိုင်း ခြောက်ချပ်တို့အား ထောက်ပံ့ခဲ့သည်။



ထို့အတူ မေ ၂၁ ရက်တွင် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ကျီးခေါင်းတောင်ကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ ကုန်းဘောင်ကျေးရွာ၊ ရေရှင်ကျေးရွာ၊ မြို့မကုသိနာရုံ ဘုန်းတော်ကြီးကျောင်း၊ ရက်ချောင်း၊ ကျေးရွာ၊ ပြားသုန်း၊ မြို့နယ်ခန်းမ၊ မဟာဝိဟာရဘုန်းတော်ကြီးကျောင်း၊ ဝိဇိတာရာမဘုန်းတော်ကြီးကျောင်း၊ မြို့ဦးဆုတောင်းပြည့် ဓမ္မာရုံ၊ ပြည်ခြားကျေးရွာ၊ အမကကျောင်း ငန်းတောင်ကျေးရွာ၊ ပေါက်တူးတောင်၊ စက်ခွေကျေးရွာ၊ သပြေတောကျေးရွာ၊ သရက်တောင်ကျေးရွာနှင့် မြေပုံမြို့နယ်ရှိ ရွှေဖောင်တောဘုန်းတော်ကြီးကျောင်း၊ ရွာသစ်ကေဘုန်းတော်ကြီးကျောင်း၊ နရမ်းရွာကြီး ဓမ္မာရုံ၊ နရမ်းအုပ်စုဘုန်းတော်ကြီးကျောင်း၊ ပုညရာမဘုန်းတော်ကြီးကျောင်း၊ သေကန်ဘုန်းတော်ကြီးကျောင်း၊ အမ်းသားဘုန်းတော်ကြီးကျောင်း၊ သူငွေးကုန်းဘုန်းတော်ကြီးကျောင်း၊ ပုလဲပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ အိုင်ဝန်းကျေးရွာ၊ ဓမ္မရတနာကျောင်း၊ ဇေယျာသုခကျောင်းတိုက်၊ ကေသလာချောင်းဝကျေးရွာ၊ ဓညဝတီကျောင်းတိုက်၊ မြရတနာကျောင်းတိုက်၊ စပါးထားကျေးရွာ၊ ဗုဒ္ဓကျေးဇူးကျောင်းတိုက်၊ အလက(ခွဲ)စာသင်ကျောင်း၊ ဇီးပင်ကြီးဘုန်းတော်ကြီးကျောင်း၊ ကျွဲကြိုကျေးရွာ၊ ငှက်ရဲကောက်ကျေးရွာ ယာယီတိုက်ပွဲရှောင်စခန်း စုစုပေါင်း ၃၉ ခုတို့တွင် ဆပ်ပြာ ၂၀၁၅ တောင့်၊ ထုံးအိတ် ၃၁၀ နှင့် လက်ဆေးဘေစင် ၃၈ ခု ထောက်ပံ့ပေးခဲ့ပြီး ယမန်နေ့တွင် ဘူးသီးတောင်မြို့နယ်ရှိ ရွှေသီး၊ ငဖရုံ၊ ဝါးနက်ရုံ၊ ဒုံးသိမ်ဓမ္မာရုံ စုစုပေါင်း တိုက်ပွဲရှောင်စခန်း လေးခုတို့တွင် Surgical Mask ၄၀၃၀၊ အပူချိန်တိုင်းကိရိယာ လေးခု၊ လက်သန့်ဆေးရည် ၁၃၉ ဘူး၊ Hand Speaker လေးခု၊ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick လေးခု၊ ဗီနိုင်း လေးချပ်၊ လက်ဆေးဘေစင် ငါးခုနှင့် ထုံးအိတ် ၁၈ အိတ်တို့အား ထောက်ပံ့ခဲ့သည်။

**စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံမှ နေရပ်ပြန် အလုပ်သမားများအား နမ့်မန်းစစ်ဆေးရေးဂိတ်တွင် လက်ခံ

**မယ်စဲ့ မေ ၂၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်မန်းစစ်ဆေးရေးဂိတ်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများရှိရာ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ခုနစ်ဦးအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်နှင့် ကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာအောင်ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်လက်ခံခဲ့သည်။

ပြန်လည်ဝင်ရောက်လာသူများအား နမ့်မန်းစစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လူဦးရေနှင့် ခရီးသွားရာဇဝင်များ စနစ်တကျစိစစ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မော်တော်ယာဉ်ဖြင့် မြို့နယ်အားကစားရုံသို့ ပို့ဆောင်ကာ အသွားအလာကန့်သတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# တရုတ်နိုင်ငံမှ နေရပ်ပြန်မြန်မာအလုပ်သမားများအား မိုင်းယုမြို့မှ တောင်ကြီးမြို့သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်

**မိုင်းယောင်း မေ ၂၃**

တရုတ်နိုင်ငံနှင့် အထူးဒေသ(၄)တွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား ၁၀၈ ဦးသည် အထူးဒေသ(၄) နမ့်ပန်းဒေသမှတစ်ဆင့် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယု-ကျိန်းယဲန်းတံတားမှ ယနေ့ ပြန်လည်ဝင်ရောက်ကြသည်။

**ကြိုဆိုလက်ခံ**

နေရပ်ပြန် မြန်မာအလုပ်သမားများသည် မိုင်းလား အထူးဒေသ(၄) နမ့်ပန်း၌ အသွားအလာကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီး အထူးဒေသ(၄) နမ့်ပန်းဆက်ဆံရေး ဒုတိယတာဝန်ခံ ဦးလော်ချီနှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၇ နာရီ ၅၅ မိနစ်တွင် အထူးဒေသ(၄)နမ့်ပန်းဒေသနှင့် မိုင်းယုမြို့ဧရိယာအစပ်သို့ မော်တော်ယာဉ်သုံးစီးဖြင့် လာရောက်ပို့ဆောင်ပေးခဲ့ရာ တာချီလိတ်ခရိုင် ဒုတိယရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့သည်။

ထို့နောက် ကျန်းမာရေးစစ်ဆေးခြင်း၊ လူဦးရေစစ်ဆေးခြင်းများကို စိစစ်ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကာ ၎င်းတို့နေရပ်အသီးသီးသို့ လုံခြုံချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ပြီး နံနက် ၉ နာရီ ၅၅ မိနစ်တွင် မော်တော်ယာဉ်ငါးစီးဖြင့် မိုင်းယုမှ တောင်ကြီးသို့ စတင်ထွက်ခွာခဲ့သည်။

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် မေ ၄ ရက်မှစ၍ မိုင်းယု-ကျိန်းယဲန်းတံတားမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြရာ ယနေ့အထိ ၁၅၁၈ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | |
|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - | CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - | 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - | A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - | 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

## ပုဇွန်တောင်မြို့နယ် လမ်း ၅၀ မိသားစုက စားသောက်ကုန်များ လှူဒါန်း



**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၁၀) ရပ်ကွက် လမ်း ၅၀ Bachelor မိသားစုက ပုဇွန်တောင်မြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းရေးဝန်ထမ်းမိသားစုများ၊ မြို့နယ်ရဲတပ်ဖွဲ့မိသားစုများနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းမိသားစုများအား ကိုဗစ်–၁၉ ကာလအတွင်း တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ခြင်း အစီအစဉ်အဖြစ် ငွေကျပ် သိန်း၂၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီတို့ကို ယနေ့ညနေပိုင်းက ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် လမ်း ၅၀ ထိပ်၌ လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင် ဦးဆောင်ပါဝင်ခဲ့သူ ဦးစိုးမြင့်က "ကိုဗစ်–၁၉ ကာလမတိုင်မီကတည်းက ရပ်ကွက်အတွင်း စုပေါင်းပြီး လစဉ်တိုင်း နောက်ဆုံးပတ် သောကြာနေ့တိုင်းမှာ စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့တာ ခုဆို နှစ်နှစ်ရှိခဲ့ပါပြီ။ ကိုဗစ်ကာလအတွင်းမှာတော့ မလှူဖြစ်ခဲ့လို့ ယနေ့ ပထမအကြိမ်အဖြစ် ရပ်ကွက်အတွင်းမှာရှိတဲ့ ဝန်ထမ်းမိသားစုတွေကို ခုလို လှူဒါန်းတာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ဆက်လက်လှူဒါန်းသွားဖို့ အစီအစဉ်တွေ ရှိပါတယ်" ဟု ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ–သန့်စန္ဒီ**

## အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ရန်ကုန် မေ ၂၃**

စာရေးဆရာ ထင်လင်းဦး(Wisdom Villa) ဦးဆောင်သော YCVT( Yangon COVID–19 Volunteers Team) ရန်ကုန် ကိုဗစ်–၁၉ စေတနာ့ဝန်ထမ်းအဖွဲ့များက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိထားသည့် (က/၅)လမ်းရှိ ကန့်သတ်စောင့်ကြည့်နေရာ၌ နေထိုင်သော မိသားစုဝင် အိမ်ထောင်စု ၄၅ စုတို့အား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါ (က/၅)လမ်း၌ ပြုလုပ်ခဲ့ရာ အင်းစိန်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများ၊ We Love Insein Volunteers Team အဖွဲ့များက ဝိုင်းဝန်းကူညီလုပ်အားပေးခဲ့ရာ စာရေးဆရာ ထင်လင်းဦး YCVT အဖွဲ့များက (က/၅) လမ်းရှိ မိသားစုများ နေထိုင်ရာ နေအိမ်များအရောက် သွားရောက်၍ အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆီ ၅၀ ကျပ်သား၊ ကြက်သွန်၊ ဆား၊ အာလူး တစ်ပိဿာစီနှင့် ကြက်ဥ ၁၀ လုံး စုစုပေါင်း ပစ္စည်းလေးမျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## မြိတ်မြို့၌ စည်ပင်ဝန်ထမ်းများအား အခြေခံစားသောက်ကုန်လေးမျိုး ဂုဏ်ပြုထောက်ပံ့

**မြိတ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ်ကာလတွင် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကာ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိသည့် စည်ပင်ဝန်ထမ်းများအား မြိတ်ဒေသ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပြုကော်မတီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ယနေ့ နံနက် ၉ နာရီက အခြေခံစားသောက်ကုန် လေးမျိုးကို ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့သည်။

မြိတ်ဒေသ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီက ထောက်ပံ့သည့် အခြေခံစားသောက်ကုန် လေးမျိုးကို စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း ၁၄၇ ဦးအား ဆန် ငါးပြည်၊ ဆီ တစ်ဘူး၊ မာမီးခေါက်ဆွဲခြောက် ငါးထုပ်၊ ငါးသေတ္တာ ငါးဘူးတို့ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုထောက်ပံ့ပေးအပ်ကြရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

စည်ပင်ဝန်ထမ်းများအား အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့ပေးအပ်ပွဲတွင် မြိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ငွေးက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး မြိတ်ဒေသ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက ဝမ်းမြောက်ဂုဏ်ပြုစကားနှင့် ထောက်ပံ့ပေးသည့်ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းသုံးပစ္စည်းများ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်း



**သထုံ မေ ၂၃**

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် အထောက်အကူပြုပစ္စည်းများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့အခြေစိုက် Sea Ranger Organization ကိုဗစ်–၁၉ တိုက်ဖျက်ရေးအထောက်အကူပြုအဖွဲ့က လာရောက်လှူဒါန်းပေးခဲ့သည်။

### လိုက်လံလှူဒါန်း

ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၌ ရှေ့တန်းမှတာဝန်ယူဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများရရှိစေရန်အတွက် လိုက်လံလှူဒါန်းပေးခြင်းဖြစ်ကြောင်း Sea Ranger Organization မှ Organizer ဦးစိန်တန်အောင်က ပြောသည်။

သထုံခရိုင်ပြည်သူ့ဆေးရုံ၌ အသုံးပြုနိုင်ရန် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ N95 နှာခေါင်းစည်းများ၊ လက်အိတ်များ၊ မျက်နှာကာ အပါအဝင် ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ ပစ္စည်းအမျိုးအစားပေါင်း ခုနစ်မျိုးအား Sea Ranger Organization မှ လှူဒါန်းရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

### နေရာပေါင်း ၆၀ ကျော်

ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန်အတွက် Sea Ranger Organization အနေဖြင့် နိုင်ငံတစ်ဝန်းရှိ နေရာပေါင်း ၆၀ ကျော်သို့ သွားရောက်လှူဒါန်းမှုများပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်အတွင်း၌ မော်လမြိုင်၊ သံဖြူဇရပ်၊ ရေးနှင့် သထုံ ပြည်သူ့ဆေးရုံတို့သို့ လိုက်လံလှူဒါန်းပြီးဖြစ်ကြောင်း ဦးစိန်တန်အောင်က ပြောသည်။

**သက်ဦး(သထုံ)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်



နေပြည်တော် မေ ၂၃

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၇ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၆ မြို့နယ်ရှိ နေရာ ၁၀၈ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၅ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၀ ကီလိုဂရမ်၊ ရေဂါလန် ၄၅၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၃ မြို့နယ်ရှိ နေရာ ၉၈ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၀၄ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၅ ကီလိုဂရမ်၊ ရေဂါလန် ၇၁၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုလွှတ်တော်ဝင်း၌ မေ ၁၇ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၌ မေ ၁၇ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ အင်းစိန်မြို့နယ်၌ မေ ၁၇ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကယားပြည်နယ် ဒီးမော့ဆို အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၇ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ မေ ၁၈ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ ခရိုင်ဥပဒေရုံး၌ မေ ၁၈ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ မေ ၁၈ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ YEP လူငယ်အသက်မွေးဝမ်းကျောင်း၌ မေ ၁၈ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# မြိတ်၊ တာချီလိတ်နှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာ ပုလဲဒီပါရပ်ကွက်တွင် ကျော်ကိုလတ် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၉၉၁ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် တောင်ဇလပ်လမ်းပေါ်တွင် အားဖာ (ခ)အားခေမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ မေ ၂၁ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာရှိ စိုင်းနက်၏ ဂိုဒေါင်အားရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဂိုဒေါင်အတွင်းမှ Methylamine အရည် လီတာ ၁၁၂၀၊ Ethanol အရည် လီတာ ၁၂၈၀၀၊ Benzyl Cyanide အရည် လီတာ ၆၈၈၀၊ Sodium Ethoxide ကီလို ၃၀၀၀၊ Dibenzoyl-L-Tartaric Acid ၁၁၂၅ ကီလို၊ အမဲရောင်အခဲ ကီလို ၁၂၅၀၊ အဖြူရောင်အမှုန့် ကီလို ၁၀၉၀၀ နှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သိမ်းဆည်းရမိ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၆ စီး၊ သွင်းကုန် ၄၅၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄ သန်းတန်ဖိုးရှိ ကွမ်းစားဆေး Parijat (1 x 10 x 30) 4Pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်နှစ်လုံးမီးလောင်

**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာတွင် ယနေ့နံနက်ပိုင်းက မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ်က ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာ၌ မီးလောင်နေကြောင်း သတင်းအရ ရွှေဘိုမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရဲတပ်ဖွဲ့ဝင် သုံးဦး၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး ရွှေဘိုခရိုင်မှအဖွဲ့ဝင် ၁၅ ဦး၊ ကျေးရွာနေပြည်သူ ၃၀၀ တို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဦးစိုးမြင့်၏နေအိမ်နှင့် အခြားနေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးစိုးမြင့်အား ရွှေဘိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# အမဲပစ်သွားရန် တူမီးလုပ်သေနတ်ပြင်ရာမှ ကျည်ထွက်ထိမှန်က သေဆုံးမှုဖြစ်

**ပန်းတောင်း မေ ၂၃။** ။ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဖရုံကားကျေးရွာအုပ်စု သူရဲတန်းသစ်တောကြိုးဝိုင်းအတွင်းရှိ ဝါးခုတ်တဲ၌ မေ ၂၁ ရက်က အမဲပစ်သွားရန် တူမီးလုပ်သေနတ် ပြင်ဆင်ရာမှ ကျည်ထွက်ထိမှန် သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထုံးဘိုနယ်မြေရဲစခန်းအပိုင် ဖရုံကားကျေးရွာအုပ်စု သူရဲတန်းသစ်တောကြိုးဝိုင်းအကွက်အမှတ် ၇၀ အတွင်းရှိ ဝါးခုတ်တဲတွင် ဖိုးပြား(ခ)ဆန်းဝင်းထွန်းသည် တူမီးလုပ်သေနတ်အား အမဲပစ်သွားရန်အတွက် ပြင်ဆင်နေစဉ် သေနတ်မှကျည်ပေါက်ထွက်ကာ ၎င်း၏ ဝဲနံဘေး ပေါက်ထွက်ဒဏ်ရာရရှိခဲ့သဖြင့် ဘက်ရဲဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထုံးဘိုနယ်မြေရဲစခန်းက ဓမ္မတာအတိုင်း သေဆုံးရခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/လူထွက် စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့် အရေးပေါ်အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်း ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားခြင်း။

( ခ ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများလိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း။

( ဂ ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာ ထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာခွဲစိတ်မှုများ၊ COVID-19 ကူးစက် ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

( င ) ဒုစရိုက်သမားများသည် COVID-19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ခြိမ်းခြောက်ငွေကြေးရယူခြင်း။

( စ ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများ ရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platform, social media, email များ အသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကို အသုံးပြု၍ ငွေလွှဲပြောင်း လိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID-19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

( ဇ ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည်ရယူခြင်း။

( ဈ ) COVID-19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alcohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခု ဖြစ်လာခြင်း။

( ဋ ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါးထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာ စိုးရိမ်ဖွယ်ဖြစ်နေခြင်း။

( ဌ ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ် ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများကျူးလွန်ခြင်း။

( ဍ ) လူ(၅)ဦးနှင့်အထက် စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

( ဎ ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများ ကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍ အိမ်တွင်းခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများ အနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက် မိသားစုအတွင်း၊ အဆောင်နေသူများ အချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့်ပတ်သက်၍ ကျူးလွန်ခံရမှုများ မဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်-

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များ မဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်း မပြုရန်။

( ခ ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

( ဂ ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

( င ) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

( စ ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ် သေချာတပ်ဆင်ရန်။


(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့်ပတ်သက်၍ ပညာပေးပြောကြားရန်။

( ဇ ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID-19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘ စီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာ ရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ်ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**





## မန္တလေးမြို့ ရေကြီးရေလျှံမှုကာကွယ်ရေး ရွှေဂဲရေဆိုးထုတ်စက်ရုံ တည်ဆောက်



**မန္တလေး မေ ၂၃**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မန္တလေးခရိုင် အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စုတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရွှေဂဲရေဆိုးထုတ်စက်ရုံ၏ Pumping Station တည်ဆောက်မှုသည် ပြီးစီးတော့မည်ဟု သိရသည်။

အဆိုပါလုပ်ငန်းခွင်အား မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်သည် ယမန်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဇွန်လလယ်ခန့်တွင် အရေးကြီးလုပ်ငန်း အားလုံးပြီးစီးရေး စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာများအား မှာကြားခဲ့သည်။

ရွှေဂဲရေဆိုးထုတ်စက်ရုံတည်ဆောက်ပြီးစီးသွားပါက တစ်စက္ကန့်လျှင် ၂ ကုဗမီတာရှိသော Pump လေးလုံးတွင် သုံးလုံးလည်ပတ်ပြီး တစ်လုံးနားစနစ်ဖြင့် တစ်နာရီ ရေဂါလန် ၄ ဒသမ ၇၅ သန်း စွန့်ပစ်နိုင်မည်ဖြစ်ပြီး မန္တလေးမြို့ မိုးရေချိန်များသောရက်များနှင့် မိုးအဆက်မပြတ်ရွာသွန်းသောနေ့များတွင် လမ်းများပေါ် ရေလျှံခြင်းမရှိစေရေးနှင့် မန္တလေးမြို့၏ အဓိကမြောင်းများဖြစ်သော ရွှေတချောင်း၊ သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် နံကပ်အင်းဝန်းကျင်ရှိရေများ လျော့နည်းသွားစေရန် တည်ဆောက်ခြင်း ဖြစ်သည်။

ဧရာဝတီမြစ်ရေမတက်မီ ကမ်းနားလမ်းကို ခေတ္တပိတ်၍ ၁၀၀၀ မီလီမီတာရှိ စတီးပိုက်ရှစ်ခုအားချထားခြင်း ဆောင်ရွက်လျက်ရှိသည်။

**မောင်ပြည်သူ(မန္တလေး)**

## ကော့သောင်းမြို့ ဘုရင့်နောင်အငူပတ်လမ်း လက်ရန်းအကာနှင့် ပလက်ဖောင်းများ အဆင့်မြှင့်တင်



**ကော့သောင်း မေ ၂၃**

မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့အဝင် ဘုရင့်နောင်အငူပတ်လမ်းတစ်လျှောက် အုတ်ပေါင်လက်ရန်းအကာနှင့် ပလက်ဖောင်းများကို မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေး ကော့သောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့တို့က မေလဒုတိယပတ်တွင် စတင်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့သည် နယ်စပ်ခရီးသွားမြို့ဖြစ်သကဲ့သို့ သမိုင်းဝင်ဘုရင့်နောင်အငူ၊ မြို့၏အထိမ်းအမှတ် ဘုရင့်နောင်မင်းတရားကြီးရုပ်တုကုန်းမြေ၊ အက်ဒမန်ပင်လယ်အတွင်း သာယာလှပသည့် ကျွန်းများကြောင့် ပင်လယ်သဘာဝခရီးသွားလုပ်ငန်း နယ်ပယ်တွင် ကမ္ဘာက အသိအမှတ်ပြုထားရာမြို့လည်းဖြစ်ရာ အဆိုပါကမ်းနားတစ်လျှောက် ဘုရင့်နောင်အငူပတ်လမ်းသည် မြို့၏မျက်နှာစာဖြစ်သည်နှင့်အညီ ရေလမ်းခရီးမှတစ်ဆင့် လာရောက်လည်ပတ်မည့် နိုင်ငံတကာခရီးသွားဧည့်သည်များ စတင်ဝင်ရောက်ရာ အချက်အချာ နေရာတစ်ခုဖြစ်သည်။ ထို့အပြင် မြို့နေပြည်သူများ အနားယူအပန်းဖြေရာ၊ နေ့စဉ်ကျန်းမာရေးလှေကျင့်လမ်းလျှောက်သူများဖြင့် အစဉ် စည်ကားလျက်ရှိသည့် နေရာတစ်ခု လည်းဖြစ်သည်။

၁၈၈၅ ပေရှည်လျားသော အဆိုပါဘုရင့်နောင်အငူပတ်လမ်းတစ်လျှောက်တွင် ဟောင်းနွမ်းလျက်ရှိသည့် မူလလက်ရန်းတိုင်များအား ဖျက်သိမ်းကာ အုတ်ပေါင်ဖြင့် ပြန်လည် အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ မူလပလက်ဖောင်းအကျယ်သုံးပေမှ ကိုးပေအထိ တိုးချဲ့ခြင်း၊ အများပြည်သူ နားနေရန် ကွန်ကရစ်ခုံတန်းများတည်ဆောက်ခြင်း၊ သာယာလှပရေးအလှမီးတိုင်တပ်ဆင်ခြင်း လုပ်ငန်းများအားလုံး လာမည့်ဇွန်လအတွင်း ပြီးစီးရန်လျာထားကြောင်း၊ ခရီးသွားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးလာချိန်တွင် လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များနှင့် အနားယူအပန်းဖြေကြမည့် မြို့နေပြည်သူများအား ပိုမိုကျေနပ်နှစ်သိမ့်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဘဂွမ်ထံမှ သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

## လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရေး ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းတည်ဆောက်

**အောင်လံ မေ ၂၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒါန်းစမ်း၊ ငွေးချိုနှင့် လက်မြှောင်ကျေးရွာသုံးရွာရှိ ကျေးလက်နေတောင်သူများ၏ ယာမြေဧက ၇၀၀ မှ ဒေသထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်ဖောက်လုပ်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းတည်ဆောက်တို့မှုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းမှာ လမ်းအရှည်နှစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကျောက်ရောမြေတစ်ပေနှင့် ကိုးလက်မမြေနီ ကျောက်စရစ်လမ်းခင်းခြင်းနှင့် ယင်းကုန်ထုတ်လမ်းပေါ်ရှိ အရှည်ပေ ၂၀၊ အကျယ် ငါးပေ၊ အမြင့်ခြောက်ပေရှိ Box Culvert တံတားသုံးစင်းတို့ကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြီးက ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ယခု ဒါန်းစမ်း-ငွေးချို-လက်မြှောင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာသုံးရွာမှ တောင်သူ ၁၄၀ တို့၏ လယ်ယာမြေဧက ၇၀၀ ကျော်မှ ဒေသထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

## ကျေးလက်ကုန်ထုတ်လမ်း စစ်ဆေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာကုန်ထုတ်လမ်းကို ကျောက်တန်းမြို့နယ် ကျေးလက်ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ် ဦးဆောင်၍ ယနေ့ နံနက် ၉ နာရီက စစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းမှာ ဂဝံလမ်းဖြစ်ပြီး အရှည် ပေ ၄၆၀၀၊ အကျယ် ၁၂ ပေ ဒုကိုးလက်မဖြစ်သည်။

ယင်းလမ်းဖောက်လုပ်မှုကြောင့် ခနောင်ကျေးရွာနှင့် တံတားမြို့မှ လယ်သမားများအတွက် နွေးရောမိုးပါ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုနိုင်ပြီး လယ်မြေဧက ၆၀၀ ကျော်အတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။ **အောင်ဆွေ(ရွှေတံတား)**

## မဘိမ်းမြို့နယ်အတွင်းရှိ အင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး

**မဘိမ်း မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော အင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်ဝင်းထံမှ သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်းခွင့်ပြုရန်ပုံငွေကျပ် ၂၈၁ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄) မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိုးကုတ်-ကုန်းဝက်-မိုးမိတ်-မဘိမ်း-စီဦသွားလမ်းပေါ်ရှိ အင်ချောင်းတံတားမှာ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ပေ ၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေနှင့် ခွင့်ပြုယာဉ်တန်ချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

အဆိုပါ အင်ချောင်းတံတားမှာ မူလက တစ်လမ်းသွား ဘေလီတံတားအမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းမှာ ကျဉ်းမြောင်း၍ မော်တော်ယာဉ်များ တစ်စီးပြီးမှတစ်စီး ဖြတ်သန်းသွားလာရသော တံတားဖြစ်ကာ ယခုသံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**



## ဝန်းသိုဒေသထွက်မြေအိုးများ အရောင်းအဝယ်ကောင်း

**ကောလင်း မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကင်းမြင်သာစံပြကျေးရွာသည် အိုးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ အိုးလုပ်ငန်းကို ရှေးယခင်ကတည်းက မိရိုးဖလာလုပ်ငန်းအနေဖြင့် လုပ်ကိုင်လာကြပြီး ယခုအခါ စီးပွားရေးလုပ်ငန်းအဖြစ် တွင်တွင်ကျယ်ကျယ်လုပ်ကိုင်လျက်ရှိသည်။

ဝန်းသိုမြို့နယ် ကင်းမြင်သာစံပြကျေးရွာမှထွက်ရှိသော အိုးများမှာ ဘုရားပန်းအိုး၊ သောက်ရေအိုး၊ အစားအစာပေါင်းအိုး၊ ထန်းရေခံမြေအိုးများဖြစ်ပြီး ၎င်းအိုးများကို မြန်မာပြည်အထက်ပိုင်း မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ ကချင်ပြည်နယ် ဖားကန့်နှင့် မြန်မာပြည်အောက်ပိုင်းအနေဖြင့် ပင်လည်ဘူး၊ ကောလင်း၊ ကန့်ဘလူ၊ ရွှေဘို၊ မန္တလေးမြို့များအထိ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလျက်ရှိပြီး အိုးအကြီးကို ငွေကျပ် ၁၀၀၀၊ အိုးအသေးကို ငွေကျပ် ၆၀၀ မှ ၈၀၀ ကျပ်ဖြင့် လက်ကားဈေးရကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးနိုင်ရေး ဓာတ်ခွဲခန်းသုံးပစ္စည်းများလှူဒါန်း

**ချင်းရွှေဟော် မေ ၂၃**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ နမ့်ဖာဟော် နယ်စပ်တံတားပေါ်၌ ယမန်နေ့ နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာလူကြည့်ဟွင်နှင့်အဖွဲ့က ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းတည်ဆောက်နိုင်ရေးအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်တင်မိုးနှင့်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းတည်ဆောက်နိုင်ရေးအတွက် ဓာတ်ခွဲခန်းသုံးကိရိယာပစ္စည်းများနှင့် ရောဂါစစ်ဆေးရေးဓာတ်ကူပစ္စည်းများ လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်တင်မိုးက "တရုတ်ပြည်သူ့သမ္မတနိုင်ငံကလှူဒါန်းတဲ့ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာတွေနဲ့ ရောဂါစစ်ဆေးရေး ဓာတ်ကူပစ္စည်းတွေကို မန္တလေးတိုင်းဒေသကြီးသို့ လှူဒါန်းပေးခြင်းအားဖြင့် တိုင်းဒေသကြီးအတွက်သာမက အထက်မြန်မာပြည်တစ်ခုလုံးအတွက် အကျိုးပြုမှာဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနဲ့ပတ်သက်ပြီးတော့ သံသယလူနာများရဲ့ အာခေါင်တို့ဖတ်နဲ့ နှာခေါင်းတို့ဖတ်တွေကို ရန်ကုန်မြို့သို့ပေးပို့စမ်းသပ်နေရတာဖြစ်ပါတယ်၊ ယခုဆိုရင် မန္တလေးနှင့် အထက်မြန်မာပြည်မှာ ရောဂါလက္ခဏာသံသယရှိတဲ့လူနာတွေကို လျင်မြန်စွာ စမ်းသပ်စစ်ဆေးနိုင်တော့မှာဖြစ်တဲ့အတွက် များစွာအကျိုးရှိပါတယ်၊ ယူနန်ပြည်နယ်က ဆေးဘက်ဆိုင်ရာပညာရှင်တွေကလည်း လိုက်လံကုသကူညီဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများနဲ့ ကုသရေးလုပ်ငန်းများကို အချိန်မီ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့မှ ပညာရှင်ခြောက်ဦးတို့က မန္တလေးတိုင်းဒေသကြီးသို့ လိုက်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



## မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၂၃**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်အသုံးပြုနိုင်ရန်အတွက်နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကို မေ ၂၁ ရက် မွန်းလွဲပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်လေးကိုယ်စား အသင်းတာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရာ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ စုစုပေါင်းငွေကျပ် ၁၈၀၀၀၀၀၀ တန်ဖိုးရှိကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် Surgical Mask အခု ၁၅၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀ နှင့် Disinfection Channel နှစ်ခုတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို ကိုဗစ်-၁၉ ရောဂါ စတင်စဉ်ကတည်းက သက်ဆိုင်ရာကာကွယ်ရေးလုပ်ငန်းများသို့ အဆက်မပြတ်လှူဒါန်းခဲ့သည်သာမက အခြားအလှူရှင်များကိုပါ ဆက်သွယ်ရှာဖွေကူညီမှုပြုပေးလျက်ရှိသည့် လူမှုရေးအသင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဝေ

**မိုင်းဖြတ် မေ ၂၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းငါးမျိုးကို ယမန်နေ့ ညနေပိုင်းက မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းတစ်ဘူးလျှင် အခု ၅၀ပါ ဘူး ၄၀၊ လက်အိတ် အခု ၅၀ပါ ငါးဘူး၊ လက်သန့်ဆေးရည် ၁၈ ဘူး၊ ခေါင်းစွပ် နှစ်ထုပ်၊ Apron အစုံ ၅၀ တို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် အထက(မိုင်းဖြတ်)၊ အထက(ဟိုနား) ကျောင်းများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**



## ကျောက်တံခါးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ပေး

**ကျောက်တံခါး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာများအား ချေးငွေထုတ်ပေးခြင်းကို မေ ၂၀ ရက်အထိ သုံးရက်ကြာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်း ဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကျေးရွာ ၄၉ ရွာအနက် အုတ်ပုံကျေးရွာ၊ ဇရပ်ခင်ရွာဟောင်းကျေးရွာ၊ သရက်အုပ်ကျေးရွာ၊ သဲဝါကျေးရွာ၊ ဖြူးစုကျေးရွာ၊ ဆီဆုံကုန်းကျေးရွာ စုစုပေါင်း ကျေးရွာခြောက်ရွာ၊ လူဦးရေ ၇၂၂ ဦးအား ချေးငွေကျပ် ၂၉၆၂၅၀၀၀၀ ကို ထုတ်ပေးခဲ့သည်။

ချေးငွေထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်နှင့်အညီ နှာခေါင်းစည်းများတပ်ဆင်စေခြင်း၊ လက်ဆေးဘေစင်တွင် လက်ဆေးစေခြင်း၊ ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကျေးရွာပြည်သူများအား ၆ ပေအကွာတွင် နေရာချထားပေးခြင်း၊ ချေးငွေအား စာအိတ်တွင်ထည့်၍ ၁၀ ဦးတစ်ဖွဲ့ဖြင့် ထုတ်ချေးခြင်းများကို မြို့နယ်ကျေးလက်ဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ကျန်ရှိနေသည့်ကျေးရွာ ၄၃ ရွာကိုလည်း ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

**ကြေးမုံ**

## ကျောက်ပန်းတောင်းမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာနက စိုက်ပျိုးရေးဝန်ဆောင်မှုများ ကူညီဆောင်ရွက်ပေးလျက်ရှိ

**ကျောက်ပန်းတောင်း မေ ၂၃**

ကျောက်ပန်းတောင်းမြို့နယ်အတွင်း တောင်သူများ မိုးသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်၊ နယ်ကျော် ဒေသကျော်များ စက်ယန္တရားငှားရမ်း အသုံးပြုရန်အခက်အခဲရှိသည့် တောင်သူများ၏ယာမြေများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### ကူညီဆောင်ရွက်

ကျောက်ပန်းတောင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း မြို့နယ်အတွင်းရှိ တောင်သူများ မိုးဦးကျရာသီ စိုက်ပျိုးရေးလုပ်ငန်းများ အခက်အခဲမဖြစ်ပေါ်စေရန် ဌာနပိုင် SONALIK-90 H.P လယ်ထွန်စက်ကြီး ၁၀ စီးဖြင့် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေကြောင်း၊ တောင်သူများကိုယ်တိုင် လက်ဝယ်ပိုင်ဆိုင်၍ လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာများ ပိုမိုတိုးတက်သုံးစွဲနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလနှင့် မေလအတွင်း SONALIK-90 H.P ထွန်စက်ကြီး လေးစီးနှင့် လက်တွန်းထွန်စက် ၁၄ စီး ရောင်းချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်အောင်က ပြောသည်။

"ကျွန်တော်တို့ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျွန်တော်တို့လို ဝေးလံပြီး ပြင်ပစက်တွေငှားရမ်းဖို့ ခက်ခဲတဲ့ကျေးရွာတွေကို စက်မှုလယ်ယာဦးစီးဌာနက ရွှေ့ပြောင်းစက်မှုလယ်ယာစီမံချက်သဘောနဲ့ လာရောက်ကူညီဆောင်ရွက်ပေးတဲ့အတွက် လုပ်ငန်းတွေအချိန်မီပြီးစီးပြီး အပြင်စက်တွေ မမောင်းချင်တဲ့ ခက်ခဲတဲ့ကွင်းတွေကို စေတနာထားပြီး မောင်းနှင်ထွန်ယက်ပေးတဲ့အတွက် စက်မှုလယ်ယာဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ဆားတုံးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ပွက ပြောသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



## ဆိပ်ခံတံတားများတွင် လူစုလူဝေးမဖြစ်စေရန်နှင့် တံတားအတက်အဆင်း စနစ်တကျဖြစ်စေရန် ဆောင်ရွက်

**မြိတ် မေ ၂၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် တံတားအသုံးပြုသူများကြောင့် လူစုလူဝေးမဖြစ်စေရန်နှင့် တံတားအတက်အဆင်း စနစ်တကျဖြစ်စေရန်၊ တံတားအနီးတွင် ရပ်နားထားသော ဆိုင်ကယ်များနှင့် မော်တော်ကားများ စနစ်တကျဖြစ်စေရန် ယမန်နေ့ နံနက်ပိုင်းက မြိတ်ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ဆောင်ရွက်ခဲ့ကြသည်။

ဆိပ်ခံတံတားတွင် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ စက်လှေများ၊ အမြန်ရေယာဉ်များ ဆိုက်ရောက်ချိန်၌ ခရီးသည်များ တံတားတက်/ဆင်းချိန်တွင် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆိုင်ကယ်ကယ်ရီသမားများ တံတားပေါ်တက်၍ ညှော့သည်ကြိုခြင်း၊ ကုန်တင်ကုန်ချသမားများ ကုန်အတင်အချ ပြုလုပ်ခြင်း ဆောင်ရွက်ကြရာ လူစုလူဝေးဖြစ်လျက်ရှိကာ အန္တရာယ်ရှိနိုင်သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တံတားအသုံးပြုသူများအား စနစ်တကျဖြစ်စေရန် နေရာသတ်မှတ်ဆောင်ရွက်ခဲ့ကြသည်။

"ဆိုင်ကယ်ရပ်မယ့်နေရာနဲ့ ကားတွေရပ်မယ့်နေရာကိုလည်း သပ်သပ်ထားပေးမယ်။ အရေးပေါ်ကားထားမယ့် နေရာကိုစီစဉ်ပေးမယ်။ ကုန်တင်ကုန်ချအဖွဲ့ကို စက်လှေလာရင် ကုန်တင်ကုန်ချ စနစ်တကျဆောင်ရွက်ကြရမယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က ပြောကြားသည်။

တံတားအသုံးပြုသူများကြောင့် လူစုလူဝေးမဖြစ်စေရန်နှင့် တံတားအတက်အဆင်း စနစ်တကျဖြစ်စေရန် ယောကြီးဝတံတားနှင့် ဆိပ်ဖောတံတားတို့တွင် တံတားအတက်အဆင်းနေရာများ၊ တံတားအနီး ဆိုင်ကယ်နှင့် ကားများ စနစ်တကျရပ်နားရန်နေရာသတ်မှတ်ခြင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း၊ ခရိုင်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## လူမှုဖူလုံရေး အကျိုးခံစားခွင့်ထုတ်ပေး

**ပဲခူး မေ ၂၃**
ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် မေ ၂၁ ရက် မွန်းလွဲပိုင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ကို လစာ၏ ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး Myanmar Wise Pacific အထည်ချုပ်စက်ရုံမှ အလုပ်သမား ၁၀၆၉ ဦးအတွက် ငွေကျပ် ၂၇၀၄၅၄၄၉ ဒသမ ၃၃ကျပ်၊ Bago Sunny အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ၂၉၃ ဦးအတွက် ငွေကျပ် ၆၂၉၅၆၈၀ နှင့် Data AIG Co.,Ltd ကားကူရှင်ချုပ် စက်ရုံမှ အလုပ်သမား ၁၀၀ အတွက် ငွေကျပ် ၄၁၆၀၃၆၂ ဒသမ ၉၂ တို့ကို လည်းကောင်း၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်းက Puri Timber Co.,Ltd မှ အာမခံအလုပ်သမား ၃၄ ဦးအတွက် ငွေကျပ် ၈၄၈၆၄၀ နှင့် Myanmar Hayabusa ငါးမျှားချိတ်ထုတ်လုပ်သည့်စက်ရုံမှ အာမခံအလုပ်သမား ၄၄ ဦးအတွက် ငွေကျပ် ၅၅၇၆၈၈ ကျပ်တို့ကို လည်းကောင်း စက်ရုံတာဝန်ရှိသူများထံ ပေးအပ်သည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိစက်ရုံ၊ အလုပ်ရုံများအား ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းရေးအဖွဲ့မှ စစ်ဆေးသည့်ကာလအတွင်း ယာယီပိတ်သိမ်းထားသည့် စက်ရုံ၊ အလုပ်ရုံငါးရုံမှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့မှပေးအပ်သည့် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် စုစုပေါင်းငွေကျပ် ၃၈၉၀၇၈၂၀ ကို ထုတ်ပေးခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံများကို လည်း ဆက်လက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ပန်းဘဲတန်းတွင် နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၂၃**
ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံသို့ BYMA Myanmar LTD က နှာခေါင်းစည်းများလှူဒါန်းခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

BYMA Myanmar LTD မှ တာဝန်ရှိသူများက ပန်းဘဲတန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း အခု ၄၀၀၀ ကို လှူဒါန်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်-ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကွမ်းခြံကုန်း မေ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ယမန်နေ့ညနေပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်မှုကို မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးမြတ်သူထိုက်ဦးဆောင်၍ တပ်ဖွဲ့ဝင် လေးဦးဖြင့် ဘဏ်အရှေ့စောင့်ဆိုင်းရန်ပြုလုပ်ထားသော ယာယီအမိုးတဲများနှင့် ဘဏ်ကောင်တာရှေ့မျက်နှာစာများအား ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

ယခုအချိန်သည် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားကြီးများ ပင်စင်လစာငွေ လာရောက်ထုတ်ယူချိန်ဖြစ်သဖြင့် ကျန်းမာရေးလုံခြုံစိတ်ချမှုရရှိစေရန် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ရေပြင်အသက်ကယ် ဇာတ်တိုက်လေ့ကျင့်

**ဖာပွန် မေ ၂၃**
ကရင်ပြည်နယ် ဖာပွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်၍ ရေပြင်အသက်ကယ်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဖာပွန်မြို့ အမှတ်(၁)ရပ်ကွက် ယွန်းစလင်းချောင်းလှေဆိပ်၌ ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်အောင်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ပြီး ရေနစ်နေသူအား ရှာဖွေကယ်ဆယ်၍ ရှေးဦးပြုစုနည်းတို့ဖြင့် အသက်ကယ်ဆယ်ခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

**မြို့နယ်(ပြန်ဆက်)**

## မိတ္ထီလာမြို့ ဈေးသုံးဈေး၌ ဈေးရောင်းဈေးဝယ်များအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မိတ္ထီလာ မေ ၂၃**
မိတ္ထီလာမြို့ရှိပြည်သာယာရပ်ကွက်ဈေး၊ အောင်ဇေယျာရပ်ကွက် ပုလဲဈေးနှင့် တောမကျေးရွာဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဈေးရောင်းဈေးဝယ်များအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ ပြည်သာယာပရဟိတအဖွဲ့၊ ရတနာဦးလူငယ်အဖွဲ့တို့ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးသုံးဈေးမှာ နှာခေါင်းစည်းတွေ အခမဲ့ဖြန့်ဝေတာ၊ ကိုဗစ်-၁၉ ရောဂါအသိပညာပေးလက်ကမ်းစာစောင်တွေဖြန့်ဝေတာနဲ့ လက်ကိုင်အသံချဲ့စက်နဲ့အသိပညာပေးနှိုးဆော်တာတွေ ဆောင်ရွက်တာဖြစ်ပါတယ်။ မိတ္ထီလာမှာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့တာဝန်ရှိသူတွေ ပူးပေါင်းပြီး မေ ၁၆ ရက်နောက်ပိုင်း နှာခေါင်းစည်းမတပ်ဆင်ဘဲ အပြင်ထွက်သွားလာသူတွေကို ရှောင်တခင်စစ်ဆေးပြီး မျက်နှာကာနဲ့ နှာခေါင်းစည်းနှစ်ခုကို ကျပ် ၅၀၀၀နဲ့ဝယ်ယူပြီး ချက်ချင်းတပ်ဆင်စေတာမျိုးကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဈေးနေရာတွေက အကန့်အသတ်နေရာတွေသတ်မှတ်ပြီး ရောင်းချစေတာဖြစ်ပေမယ့် လူအများဝင်ထွက်သွားလာမှုများတဲ့နေရာဖြစ်တာကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဈေးရောင်းဈေးဝယ်တွေအနေနဲ့ မဖြစ်မနေ မျက်နှာကာနဲ့ နှာခေါင်းစည်းတပ်ဆင်ကြဖို့တိုက်တွန်းချင်ပါတယ်" ဟု ပြည်သာယာပရဟိတအဖွဲ့မှ ဒေါက်တာထွန်းအောင်ကျော်က ပြောကြားသည်။

အဆိုပါ နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်ကိုင်အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းများဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြည်သာယာပရဟိတအဖွဲ့နှင့် ရတနာဦးလူငယ်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## မီးလောင်ဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မုံရွာ မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ မေ ၁ ရက်မှ ၁၇ ရက်အထိ မီးလောင်မှု ကိုးကြိမ်ဖြစ်ပွားခဲ့ရာ မီးလောင်ဆုံးရှုံးခဲ့သည့် အိမ်ထောင်စု ၇၁ စုအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်လျက်ရှိသည်။

**နေအိမ် ၆၄ လုံး**

ကသာမြို့နယ်တွင် အိမ်တစ်လုံး၊ မြင်းမူမြို့နယ်တွင် အိမ် ၄၅ လုံး၊ ရွှေဘိုမြို့နယ်တွင် အိမ်သုံးလုံး၊ ဘုတလင်မြို့နယ်တွင် အိမ်ငါးလုံး၊ တမူးမြို့နယ်တွင် အိမ်နှစ်လုံး၊ ယင်းမာပင်မြို့နယ်တွင် အိမ်ခုနစ်လုံး၊ ဝက်လက်မြို့နယ်တွင် အိမ်တစ်လုံး စုစုပေါင်း အိမ် ၆၄ လုံး ပျက်စီးဆုံးရှုံးခဲ့ရာ အိမ်ထောင်စု ၇၁ စု၊ လူဦးရေ ၂၈၂ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

**၁၁၅၂၂၆၃ ကျပ် ထောက်ပံ့**

မိမိတို့ဌာနအနေဖြင့် မီးဘေးသင့်ပြည်သူများကို ဆန်ရိက္ခာထောက်ပံ့မှုများအနေဖြင့် ငွေကျပ် ၅၉၂၂၀၀၊ အိမ်(သို့မဟုတ်)ကျောင်းဆောက်လုပ်ရန်အတွက် ပစ္စည်းထောက်ပံ့မှုတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၊ သေဆုံးသူ (သို့မဟုတ်) ဒဏ်ရာရရှိသူအတွက် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၃၅၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေကျပ် ၂၅၁၀၀၆၃ စုစုပေါင်း ငွေကျပ် ၁၁၅၂၂၆၃ ထောက်ပံ့ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က ပြောကြားသည်။

**မွေးကြူဇင်**

## မျိုးစေ့၊ ပျိုးပင်နှင့် မြေသြဇာများ အခမဲ့ဖြန့်ဝေ

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း နေအိမ်၌ တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာများနှင့် စိုက်ပျိုးရေးအတွက် နည်းပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသူတို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက "ကိုဗစ်-၁၉ ရောဂါကာလအတွင်းမှာ နေအိမ်ခြံဝင်းထဲမှာပဲ ဘူး၊ ဖရုံ၊ သခွား၊ ချဉ်ပေါင်၊ မုန်လာ၊ ခရမ်း၊ တိုင်ထောင်ပဲ၊ ဘုံလုံစတဲ့ သီးနှံတွေ ကိုယ်တိုင်စိုက်ပျိုးစားသောက်နိုင်အောင် စိုက်ပျိုးရေးဦးစီးဌာနကဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဝန်ဆောင်မှုပေးခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး ကျေးရွာစိုက်ခင်းတွေကိုလည်း မျိုးစေ့၊ ပျိုးပင်တွေနဲ့ မြေသြဇာတွေ အခမဲ့ဖြန့်ဝေသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**နိုင်လင်းကျော်(ဒလ)**

## တောင်သူများအား မျိုးသန့်မျိုးစပါးနှင့် မျိုးပွားမျိုးစေ့များ ထောက်ပံ့ပေးအပ်

**သထုံ မေ ၂၃**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ရှိ မိုးစပါးဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ မိုးစပါးစိုက်ဧက ၃၀၀ တွင် စိုက်ပျိုးမည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းတွင် မျိုးသန့်မျိုးစပါးနှင့် မျိုးပွားမျိုးစေ့များကို မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသက်မွေးသင်တန်းကျောင်း၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကြာဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောခင်ကျော်မြင့်က မျိုးသန့်မျိုးစပါးနှင့် မျိုးပွားမျိုးစေ့များ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ပေါ်ဆန်းရင် မျိုးသန့်မျိုးစပါး ၂၂၅ တင်းနှင့် မျိုးစေ့ထုတ်သူများအဖွဲ့ လေးဖွဲ့သို့ မျိုးပွားမျိုးစေ့ တင်းပေါင်း ၃၀ တို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**



## တောင်သာဒေသထွက် စိန်တလုံး ဈေးနှုန်းကျဆင်း

**တောင်သာ မေ ၂၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ဒေသထွက် စိန်တလုံးသရက်သီးများလှိုင်လှိုင်ထွက်ရှိချိန်တွင် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေကြောင်း အမှတ်(၂)ရပ်ကွက်ရှိ မုဒိတာ စိန်တလုံးသရက်ခြံပိုင်ရှင် ဦးသက်ခိုင်ဝင်းက ပြောသည်။

ယခင်နှစ်များက စိန်တလုံးသရက်ပွဲစားများ ကျေးရွာများအထိဆင်းကာ ခြံပြတ်ဈေးဖြတ်ပြီးလာရောက်ဝယ်ယူသူများရှိကြသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ရောဂါကြောင့် စိန်တလုံးသရက်သီးပွဲစားများ လာရောက်ဝယ်ယူမှုမရှိသောကြောင့် စိန်တလုံးသရက်သီးဈေးကွက် အရှုံးနှင့်ရင်ဆိုင်နေရကြောင်း စိန်တလုံးသရက်စိုက်တောင်သူများက ပြောသည်။

တောင်သာဒေသထွက် စိန်တလုံးသရက်သီးများ အရည်အသွေးကောင်းမွန်ပြီး နှစ်စဉ်နှစ်တိုင်းဈေးကွက်ကောင်းစွာ ရောင်းချခဲ့ရသော်လည်း ယခုနှစ်တွင် အိတ်စွပ်သည့်စိန်တလုံးသရက်သီး ဆယ်လုံးဈေးကျပ် ၃၀၀၀ ဖြင့်ရောင်းချရပြီး အိတ်မစွပ်သည့်စိန်တလုံးသရက်သီး ဆယ်လုံးဈေးကျပ် ၂၀၀၀ မှ ၁၅၀၀ အထိ ရောင်းချရကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**`

## မင်းဘူး(စကု)မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၃၃၀၀၀၀ ကျော် ပျိုးထောင်

**မင်းဘူး မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ကျောက်တန်းပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၃၃၀၂၈၀ ကို ပျိုးထောင်ထားရှိကြောင်း မင်းဘူးမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။



အဆိုပါ ပျိုးပင်များထဲမှ ထင်းစိုက်ခင်းဧက ၃၀ အတွက် အပင်ပေါင်း ၃၆၃၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းအနေဖြင့် အပင် ၁၈၇၅၀၊ ပြည်သူလူထုအားဖြန့်ဝေမည့်ပျိုးပင်ပေါင်း ၅၀၀၀၀၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပျိုးပင်ကြီးအပင် ၅၀၀၊ အထူးစိမ်းလန်းစိုပြည်ရေး (ရွှေစက်တော်-၃ မိုင်လမ်းဘေးဝဲ/ယာ) အမြဲစိမ်းလန်းသည့် အရိပ်ရပင်များစိုက်ပျိုးရန်အတွက် အပင် ၃၀၀၀၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၈၇ ဧကအတွက် အပင်ပေါင်း ၄၆၉၈၀ နှင့် မြစ်ကမ်းပါးပြိုကျမှု၊ ရေတိုက်စားမှုအန္တရာယ်များမှ ကာကွယ်နိုင်စေရန် ဗာတီဗာမြက်အမျိုးအစားအပင် ၆၀၀၀ တို့ကို ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်တွင် ပျိုးပင်ပေါင်းသုံးသိန်းခန့်သာစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၃၃၀၀၀၀ ကျော်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းအောင်က ပြောကြားသည်။

ပျိုးပင်များမှာ ကျွန်း၊ ဖန်ခါး၊ ယင်းမာ၊ တမာ၊ ပိတောက်၊ ကုက္ကိုလ်၊ မန်ကျည်းရှား၊ စိန်ပန်းကြီး၊ ခရေ၊ မဲဇလီ၊ ငုရွှေဝါ၊ ထိုင်ဝမ်ဗန်ဒါ၊ ကံ့ကော်၊ ပုန်းညက်၊ ပင်လယ်ကဗွီး၊ စိန်တံချူ၊ ဗာတီဗာမြက်၊ မြင်ဝါး၊ ရေတမာ၊ လျှော်ဖြူ၊ ယူကလစ်စသည့် ပျိုးပင်ပေါင်း ၃၃၀၂၈၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။ **မောင်မောင် (မင်းဘူး)**

## ဟားခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ရန် ပျိုးပင်ပေါင်း ၅၁၀၀၀ ပျိုးထောင်



**ဟားခါး မေ ၂၃**

ဟားခါးမြို့နယ်သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရမည့်သဘာဝဘေးအန္တရာယ်များ လျော့နည်းစေရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၁၀၀၀ ပျိုးထောင်ထားရှိသည်။

ဟားခါးမြို့နယ်အတွင်း ဌာနဆိုင်ရာများနှင့် လူထုများအားဖြန့်ဝေရန်အတွက် ရေသင်းဝင်ပျိုးပင် ၅၀၀၀၊ မင်းပေါပျိုးပင် ၁၀၀၀၀၊ ချယ်ရီပျိုးပင် ၁၀၀၀၀၊ ရှားနက်ပျိုးပင် ၅၀၀၀၊ ယူကလစ်ပျိုးပင် ၅၀၀၀၊ ခါတော်မီပျိုးပင် ၃၀၀၀၊ စိန်ပန်းပြာပျိုးပင် ၂၀၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်းနှင့် မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် တောင်ဇလပ်ပျိုးပင် ၁၀၀၀ ကို ဟားခါးမြို့ ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင် (၄/၀) တွင် မေ ၂၀ ရက်က စိုက်ပျိုးပြီးစီးခဲ့ပြီး ချယ်ရီပျိုးပင် ၁၀၀၀၀ ကို ဟားခါးမြို့ ဂေါက်ကွင်း၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဟားခါးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးစန်းလှိုင်ဦးထံမှ သိရသည်။

ဟားခါးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများသစ်ပင်စိုက်သည့် အလေ့အထကောင်းများရရှိပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးနိုင်ရန် ရပ်ကွက်များနှင့် မြို့မစည်ပင်ဈေးတို့တွင် ပျိုးပင်များကို အခမဲ့ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မဘိမ်းမြို့နယ်၌ ပျိုးပင်ပေါင်း ၁၉၀၀၀ ပျိုးထောင်ထားရှိ

**မဘိမ်း မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးနိုင်ရန်နှင့် ဌာနဆိုင်ရာများနှင့် ဒေသတွင်းပြည်သူလူထုထံဖြန့်ဝေနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၁၉၀၀၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မဘိမ်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ဌာနဆိုင်ရာများနှင့် ဒေသတွင်းပြည်သူလူထုထံ ဖြန့်ဝေနိုင်ရန်အတွက် ကျွန်းပင် ၄၀၀၀၊ ပိတောက် ၃၅၀၀၊ ပျဉ်းကတိုး ၁၅၀၀၊ ခရေပင် ၁၀၀၀၊ ကံ့ကော် ၁၀၀၀၊ လျှော်ဖြူ ၁၅၀၀၊ မန်ကျည်းရှား ၁၀၀၀၊ မပေါ်ဂနီ ၁၀၀၀၊ စိန်ပန်းနီ ၁၀၀၀၊ စိန်ပန်းပြာ ၁၅၀၀ နှင့် မဲဇလီပင် ၂၀၀၀ စုစုပေါင်း ပျိုးပင် ၁၉၀၀၀ တို့ကို မဘိမ်းမြို့ မြို့မဘိနယ်ပျိုးဥယျာဉ်၌ ပြုစုပျိုးထောင်ထားရှိပြီး လက်ရှိအချိန်တွင် ဌာနဆိုင်ရာများနှင့် ဒေသတွင်းပြည်သူလူထုထံသို့ ပျိုးပင်ပေါင်း ၅၅၀၀ ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



# Dinner Mate မှာ စုံတွဲအဖြစ် ပြန်လည်တွေ့မြင်ရမယ့် ကင်ဂျန်ယွန်းနဲ့ ဆိုဂျီဟေး

တောင်ကိုရီးယား သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကင်ဂျန်ယွန်းနဲ့ မင်းသမီး ဆိုဂျီဟေးတို့ဟာ ဇာတ်လမ်းတွဲရုပ်ရှင် Crash Landing on You မှာ လိုက်ဖက်တဲ့ စုံတွဲအဖြစ် ပရိသတ်တွေက အသိအမှတ်ပြုထားတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ မကြာမီ ထုတ်လွှင့်ပြသသွားမယ့် ဇာတ်လမ်းတွဲ Dinner Mate မှာလည်း စုံတွဲအဖြစ် ပါဝင်သရုပ်ဆောင်ထားတာကို တွေ့မြင်ရမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Dinner Mate ဟာ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဟွန်း ခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ မင်းသမီး ဆိုဂျီဟေးက ဆောင်းဆန်ဟွန်းနဲ့ တွဲဖက်ကာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်ထားတာပါ။ ဒါပေမယ့် ဆိုဂျီဟေးဟာ ကင်ဂျန်ယွန်းနဲ့ ကာလရှည်ကြာ လက်တွဲလာတဲ့ သူတစ်ဦးအဖြစ်လည်း ယင်းဇာတ်လမ်းတွဲမှာ တွေ့မြင်ရမှာပါ။



အဆိုပါ ဇာတ်လမ်းတွဲဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ပါတယ်။ အတိတ်က ချစ်သူတွေကြောင့်ရရှိခဲ့တဲ့ ဒဏ်ရာတွေကို နှစ်ဦးသား ညစာအတူစားကြရင်း မေ့ဖျောက်နိုင်အောင် ကြိုးစားခဲ့ကြသူနှစ်ဦးအကြားက အချစ်ဇာတ်လမ်းသစ်အကြောင်း ပုံဖော်ထားတာလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ ဆောင်းဆန်ဟွန်းက အစားအသောက်နဲ့ ပတ်သက်တဲ့ စိတ်ပညာရှင်တစ်ဦးအဖြစ် ပါဝင်ထားပြီး ဆိုဂျီဟေးကတော့ အစီအစဉ်တွေကို ရိုက်ကူးထုတ်လုပ်သူတစ်ဦးအဖြစ် ပါဝင်ထားတာပါ။ ကင်ဂျန်ယွန်းကတော့ ဆိုဂျီဟေးရဲ့ အချစ်ဟောင်းအဖြစ် ပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲမှာ အသည်းကွဲခဲ့သူနှစ်ဦးဟာ အတူတကွ ညစာသုံးဆောင်ကြရင်း သူတို့ရဲ့ဒဏ်ရာတွေ သက်သာကောင်းမွန်လာကာ ခံစားချက်တွေ အသစ်တစ်ဖန် ပြန်လည်ပေါ်ပေါက်လာကြတာကိုလည်း ပုံဖော်ထားတာဖြစ်ပါတယ်။ အစားအသောက်ကနေတစ်ဆင့် အချစ်ကို ပြန်လည်တွေ့ရှိခဲ့ကြပုံကိုလည်း တွေ့မြင်ရမှာပါ။

ကင်ဂျန်ယွန်းဟာ အဆိုပါ ဇာတ်လမ်းတွဲရဲ့ ပထမဆုံးအပိုင်းမှာ ဆိုဂျီဟေးပါဝင်ထားတဲ့ ဇာတ်ကောင်ရဲ့ အချစ်ဟောင်းတစ်ဦးအဖြစ် ပရိသတ်ရှေ့ပေါ်ထွက်လာမှာပါ။ ဒီဇာတ်လမ်းတွဲမှာ ကင်ဂျန်ယွန်းဟာ အထူးပါဝင်သရုပ်ဆောင်ပေးထားတာလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲကို မေ ၂၅ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## လေဒီဂါဂါနဲ့ အရီရန်နာဂရန်းဒ်တို့ရဲ့ တေးသီချင်းသစ် Rain On Me

ကျော်ကြားတဲ့ ပေ့ါပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ လေဒီဂါဂါနဲ့ အရီရန်နာဂရန်းဒ်တို့ဟာ လတ်တလောမှာ နှစ်ဦးတွဲဖက်သီဆိုထားတဲ့ တေးသီချင်းကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါတေးသီချင်းဟာ လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါနဲ့ အရီရန်နာဂရန်းဒ်တို့ဟာ တေးသီချင်းသစ်အတွက် စမ်းသပ်ထုတ်လွှင့်မှုတွေကို ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း ပြုလုပ်ခဲ့ပြီးနောက် ထုတ်လွှင့်ပေးခဲ့တာပါ။ တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ခြင်းမဟုတ်ဘဲ အော်ဒီယိုအဖြစ်သာ ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးသီချင်းဟာ မေ ၂၉ ရက်မှာ စတင်ထုတ်လွှင့်သွားမယ့် လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ် Cromatica မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

## iTunes တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ ရှူဂါ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှူဂါဟာ လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်နဲ့ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားတွေကို ဦးဆောင်နေကြောင်း သိရပါတယ်။

ရှူဂါဟာ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ရာမှာ August D အမည်ကို အသုံးပြုခဲ့ပြီး D-2 လို့အမည်ပေးထားတဲ့ အဆိုပါ တေးအယ်လ်ဘမ်ကို မေ ၂၂ ရက်က စတင်ထုတ်လွှင့်ခဲ့တာပါ။ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်းမှာ အဆိုပါ တေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းက နိုင်ငံ ၈၀ ကျော်မှ iTunes တေးဂီတဇယားတွေမှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နေကြောင်းလည်း သိရပါတယ်။



**အေးပြည့် - စုစည်းသည်**



## TWICE ရဲ့ ကိုးခုမြောက် မီနီတေးအယ်လ်ဘမ် More & More

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ မကြာမီမှာ အဖွဲ့ရဲ့ ကိုးခုမြောက် မီနီတေးအယ်လ်ဘမ် More & More ကို ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး လတ်တလောမှာ အဆိုပါ တေးအယ်လ်ဘမ်သစ်အတွက် ရိုက်ကူးထားတဲ့ အဖွဲ့လိုက်ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ မီနီတေးအယ်လ်ဘမ်သစ်ကို ဇွန် ၁ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာပါ။ လတ်တလော ထုတ်ဖော်ပြသခဲ့တဲ့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ အဖွဲ့လိုက်ဓာတ်ပုံမှာ အဖွဲ့ဝင်တွေဟာ ယခင်က အပြင်အဆင်တွေနဲ့မတူဘဲ အတော်လေးပြောင်းလဲသွားတာကိုလည်း တွေ့ရပါတယ်။ အပြင်အဆင်ပိုင်းမှာ အဖွဲ့ဝင်တစ်ဦးချင်းစီဟာ ပိုမိုရင့်ကျက်တဲ့ အသွင်ကို ဆောင်လာတာလည်း တွေ့ရပါတယ်။

## အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် လှူဒါန်းခဲ့တဲ့ ဂျန်နာရာ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂျန်နာရာဟာ လတ်တလောမှာ တောင်ကိုရီးယားကြယ်ပွင့်တွေအနက် အလှူငွေအများဆုံး လှူဒါန်းခဲ့သူတစ်ဦးဖြစ်ပြီး လတ်တလောအချိန်အထိ သူ့နာမည်နဲ့ လှူဒါန်းခဲ့တဲ့ အလှူငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ရှိသွားပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလှူဒါန်းမှုတွေဟာ တရားဝင်လှူဒါန်းခဲ့မှု ပမာဏဖြစ်ပြီး မင်းသမီးအနေနဲ့ ထုတ်ဖော်ပြောကြားခြင်း မပြုတဲ့ လှူဒါန်းမှုတွေလည်း ရှိနေနိုင်သေးကြောင်း သိရပါတယ်။

မေ ၂၂ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ သတင်းအချက်အလက်တွေအရ ဂျန်နာရာဟာ တောင်ကိုရီးယားဝမ် ၁၃ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။ ဂျန်နာရာဟာ ဒေသတွင်းမှာ အလှူအတန်း ရက်ရောသူတစ်ဦးအဖြစ် လူသိများပြီး လက်ရှိမှာ ကြော်ငြာတွေမှ ရရှိတဲ့ ဝင်ငွေတွေအားလုံးကို လှူဒါန်းနေတဲ့ ကြယ်ပွင့်တစ်ဦးအဖြစ်လည်း ထင်ရှားပါတယ်။

ဂျန်နာရာအနေနဲ့ သူ့ရဲ့လှူဒါန်းမှုတွေကို မီဒီယာတွေကိုလည်း အသိပေးပြောကြားတာမျိုးမရှိခဲ့ပါဘူး။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဂျန်နာရာက သူလှူဒါန်းတဲ့ ငွေတွေဟာ သူ့ငွေတွေမဟုတ်ဘဲ ပရိသတ်ရဲ့ အားပေးမှုကြောင့် ရရှိလာတဲ့ငွေတွေဖြစ်ကြောင်း ဆိုပါတယ်။

## ကျန်းမာရေးဝန်ထမ်းတွေအတွက် နေ့လယ်စာလှူဒါန်းခဲ့တဲ့ Big Little Lies အဖွဲ့သားများ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ Big Little Lies မှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ မင်းသမီးငါးဦးပူးပေါင်းကာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ရှေ့တန်းကနေ ပါဝင်ဆောင်ရွက်နေကြတဲ့ ဝန်ထမ်းတွေအတွက် နေ့လယ်စာတွေ လှူဒါန်းပေးခဲ့ကြောင်း ဟာပါဘဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသမီး ရီးစ်ဝစ်သားစပွန်း၊ နီကိုးလ်ကစ်ဒ်မန်း၊ လော်ရာဒရမ်၊ ဇိုးခရာဗစ်ဇ်၊ ရှိန်းလီဝုဒ်လေတို့က ကိုရိုနာတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်နေကြတဲ့ ဝန်ထမ်းတွေအတွက် ရန်ပုံငွေထူထောင်ကာ အဆိုပါ ရန်ပုံငွေမှ မြို့ငါးမြို့မှာရှိတဲ့ ဝန်ထမ်းတွေအတွက် နေ့လယ်စာလှူဒါန်းခဲ့တာဖြစ်ပါတယ်။

ဒီအကြောင်းကို ရီးစ်ဝစ်သားစပွန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာပါ။ မင်းသမီးက လော့စ်အန်ဂျလိစ်၊ ဖီးနစ်၊ နက်ရှိဗေးလ်၊ နယူးအိုလန်နဲ့ နယူးယောက်မြို့တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေဝန်ထမ်းတွေအတွက် နေ့လယ်စာတွေ ပြင်ဆင်လှူဒါန်းသွားမှာဖြစ်ကြောင်း၊ ဒီလို အစားအစာတွေကို လှူဒါန်းရာမှာလည်း အမျိုးသမီးတွေ ပိုင်ဆိုင်တဲ့ စားသောက်ဆိုင်တွေကနေ အစားအစာတွေ ဝယ်လှူဒါန်းမှာဖြစ်ကြောင်းကိုလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

## ဒေသတွင်း တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ ဂျွန်မီဒို

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ဂျွန်မီဒိုဟာ သူပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Hospital Playlist အတွက် ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ကို သီဆိုပေးထားပြီး အဆိုပါတေးသီချင်းဟာကျော်ကြားတဲ့ကေပေ့ါပ်တေးသံရှင်တွေဖြစ်ကြတဲ့ အိုင်ယူနဲ့ ရှူဂါတို့ကို ကျော်ဖြတ်ကာ ဒေသတွင်း တေးဂီတဇယားအများစုကို ဦးဆောင်နေကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်လျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် Hospital Playlist အတွက် ဇာတ်ဝင်တေး I Knew I Love ကို ယင်းဇာတ်လမ်းတွဲရဲ့ အဓိက ဇာတ်ဆောင်မင်းသမီး ဂျွန်မီဒိုကိုယ်တိုင် သီဆိုထားပါတယ်။ အဆိုပါ ဇာတ်ဝင်တေးကို မေ ၂၂ ရက်က စတင်ထုတ်လွှင့်ခဲ့ပြီး မေ ၂၃ ရက်မှာ ဒေသတွင်းက တေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းတေးသီချင်းဟာ အိုင်ယူနဲ့ BTS အဖွဲ့ဝင် ရှူဂါတို့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်း Eight ကို ကျော်လွန်ကာ နံပါတ်တစ်နေရာကို ရယူထားနိုင်တာဖြစ်တယ်လို့လည်း သိရပါတယ်။

I Knew I Love ဟာ ပြန်ဆိုတေးတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ တေးသံရှင် ရှင်ဟိုဘမ်ရဲ့ ၂၀၀၆ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး မင်းသမီး ဂျွန်မီဒိုက ဇာတ်လမ်းတွဲအတွက် ပြန်လည်သီဆိုထားတာဖြစ်ကြောင်း လည်း သိရပါတယ်။




## ကော်တင်ဟိုအား ပရီမီယာလိဂ်အသင်းသုံးသင်းက ခေါ်ယူရန် ချိတ်ဆက်မှုများဆောင်ရွက်နေ

ပရီမီယာလိဂ်အသင်းသုံးသင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်း၊ မန်ယူအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ဟာ ဘာစီလိုနာကွင်းလယ်ကစားသမား ကော်တင်ဟိုကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

အဲဒီပရီမီယာလိဂ်အသင်းတွေထဲမှာ ချယ်လ်ဆီးအသင်းကတော့ အသက် ၂၇ နှစ်အရွယ်ရှိ ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုကို ပထမဦးစားပေးအဖြစ်ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အသင်းလည်း ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ကော်တင်ဟိုဟာ လက်ရှိမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ တစ်ရာသီအငှားစာချုပ်နဲ့ သွားရောက်ကစားနေတာဖြစ်ပါတယ်။

ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းဟာ ကော်တင်ဟိုကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ခေါ်ယူဖို့ အခွင့်အရေးရှိပေမယ့် ဘာစီလိုနာအသင်းက သတ်မှတ်ထားတဲ့ ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ကိုပေးဖို့ ဆန္ဒမရှိဘူးလို့ ဆိုပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဟာစီဖလစ်ကတော့ ကွင်းလယ်ကစားသမား ကော်တင်ဟိုကို ချန်ပီယံလိဂ်ပြိုင်ပွဲ ပြီးဆုံးမယ့် အခုနှစ်နွေရာသီနောက်ပိုင်းကာလအထိ အငှားစာချုပ်ကို သက်တမ်းတိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဝုလ်ဘတ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ဘွန်ဒက်လီဂါ နောက်ဆုံးပွဲစဉ်ကျင်းပပြီး သုံးရက်အကြာဖြစ်တဲ့ ဇွန် ၃၀ ရက်မှာ ဘာစီလိုနာအသင်းက ကော်တင်ဟိုကို ရောင်းချဖို့ ရှိနေတာဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းက ကော်တင်ဟိုကို ဘာစီလိုနာအသင်းဆီကနေ အရခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လက်စတာစီးတီးအသင်းကလည်း လီဗာပူးအသင်းနည်းပြဟောင်း ဘရန်ဒန်ရော့ဂျာနဲ့အတူ အသင်းအတွက် အကောင်းဆုံးရလဒ် ထွက်ပေါ်ရေးအတွက် ကော်တင်ဟိုကို ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

## စပါးနောက်ခံလူ ဗာတွန်ဂန် နွေရာသီဈေးကွက်အတွင်း အသင်းမှ ထွက်ခွာဖွယ်ရှိနေ

စပါးအသင်း နောက်တန်းကစားသမား ဗာတွန်ဂန်ဟာ နွေရာသီဈေးကွက်အတွင်းမှာ အသင်းကနေ ထွက်ခွာဖွယ် ရှိနေပြီး ဇွန် ၃၀ ရက် နောက်ပိုင်းမှာ ၎င်းရဲ့ စာချုပ်သက်တမ်းကို တိုးမြှင့်ချုပ်ဆိုဖို့ မရှိဘူးလို့လည်း သိရပါတယ်။

ဘယ်လ်ဂျီယံကြယ်ပွင့် ဗာတွန်ဂန်ဟာ လက်ရှိရရှိထားတဲ့ တစ်ပတ်လုပ်ခလစာပေါင် ၇၀၀၀၀ နဲ့ နောက်ထပ်နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ တောင်းဆိုထားပေမယ့် စပါးအသင်းအနေနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒမရှိဘူးလို့လည်း ပြောကြားထားတာဖြစ်ပါတယ်။

ဗာတွန်ဂန်ဟာ ၂၀၁၂ ခုနှစ်အတွင်းက အေဂျက်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းနဲ့ စပါးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့လက အသက် ၃၃ နှစ်ပြည့်ခဲ့တာဖြစ်ပါတယ်။ ဗာတွန်ဂန်အနေနဲ့ လာမယ့်ဘောလုံးရာသီမှာ အခြားကလပ်အသင်းတစ်သင်းဆီ ပြောင်းရွှေ့ကစားဖို့ ရှိနေပြီး အီတလီ သို့မဟုတ် စပိန်အခြေစိုက်ကလပ်အသင်းတစ်သင်းဖြစ်လာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အီတလီစီးရီးအေကလပ် အသင်းတွေဖြစ်တဲ့ အင်တာမီလန်အသင်းနဲ့ ရိုးမားအသင်းတို့က ဗာတွန်ဂန်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး အသင်းဟောင်း အေဂျက်အသင်းကလည်း ဇန်နဝါရီဈေးကွက်အတွင်းက နယ်သာလန်မြေကို ပြန်လည်ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

## လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာကို ခေါ်ယူရေး လက်စတာ၊ ခရစ္စတယ်ပဲလေ့၊ အဲဗာတန်နဲ့ ဝက်စ်ဟမ်းတို့ ပစ်မှတ်ထားနေ




လက်စတာ စီးတီးအသင်းဟာ လီဗာပူးအသင်းကွင်းလယ်ကစားသမား လယ်လာနာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး လက်ရှိမှာ လက်စတာစီးတီးအသင်းအပြင် ခရစ္စတယ်ပဲလေ့အသင်း၊ အဲဗာတန်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အင်္ဂလန်အသင်း ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ လယ်လာနာကို အခုနှစ်ဘောလုံးရာသီကုန်မှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိနိုင်တာကြောင့် အာဆင်နယ်အသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

လက်ရှိ လက်စတာစီးတီး အသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအနေနဲ့ လီဗာပူးအသင်းနည်းပြအဖြစ် ရှိနေခဲ့စဉ် ၂၀၁၄ ခုနှစ်က လယ်လာနာကို ဆောက်သမ်တန်အသင်းဆီကနေ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ဘရန်ဒန်ရော့ဂျာက လယ်လာနာကို လက်စတာစီးတီးအသင်းဆီ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား လယ်လာနာဟာ အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းအတွက် ၂၂ ပွဲ ပါဝင်ကစားပေးထားပြီး လီဗာပူးအသင်းအနေနဲ့ စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ လယ်လာနာကို နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ရှိနေတာလည်း ဖြစ်ပါတယ်။

## စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၈ ရက်တွင် ပြန်လည်စတင်နိုင်ကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်ပြောကြား

စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၈ ရက်မှာ တံခါးပိတ်ကျင်းပတဲ့ ပုံစံနဲ့ ပြန်လည်စတင်နိုင်တယ်လို့ စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ပြောကြားခဲ့ပါတယ်။

စပိန်လာလီဂါကလပ်အသင်းတွေက ကစားသမားတွေဟာလည်း အခုတစ်ပတ်ထဲမှာ ကစားသမား ၁၀ ဦးထက်မပိုတဲ့ အုပ်စုလိုက်လေ့ကျင့်ရေးအစီအစဉ်တွေ ပြန်လည်လုပ်ဆောင်နေပြီလည်း ဖြစ်ပါတယ်။ ဆီဗီလာအသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့အကြား ယှဉ်ပြိုင်မယ့် ဒါဘီပွဲစဉ်ကို စပိန်လာလီဂါရဲ့ ပထမဆုံးပွဲစဉ်အဖြစ် စတင်ကျင်းပမှာဖြစ်ပြီး စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲကိုလည်း ဇွန်လအတွင်းမှာ ပြန်လည်စတင်ဖို့ရှိနေတာ ဖြစ်ပါတယ်။

စပိန်လာလီဂါပြိုင်ပွဲဟာ အခုနှစ်ဘောလုံးရာသီမှာ ကစားဖို့ ၁၁ ပွဲကျန်ရှိနေသေးပြီး လက်ရှိမှာ အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းဟာ ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်မှတ်ဖြတ်ပြီး ထိပ်ဆုံးက ဦးဆောင်နေတာဖြစ်ပါတယ်။




## ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသည့် နည်းပြအာတီတာ အာဆင်နယ် လေ့ကျင့်ရေးအစီအစဉ်ကို ဦးဆောင်ပြုလုပ်နေ

အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကနေ ပြန်လည်သက်သာလာပြီဖြစ်လို့ အာဆင်နယ်အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်ကို ဦးဆောင်ပြုလုပ်နေပြီလို့ သိရပါတယ်။

စပိန်နိုင်ငံသား နည်းပြအာတီတာဟာ မတ်လအတွင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရတာဖြစ်ပြီး အဲဒီကာလအတွင်း နိုင်ငံအတော်များများမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုတွေဖြစ်ပေါ်ခဲ့လို့ ဘောလုံးပြိုင်ပွဲတွေလည်း ရပ်နားထားခဲ့ရတာဖြစ်ပါတယ်။

လက်ရှိမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျလာတဲ့အတွက် ဘွန်ဒက်လီဂါပြိုင်ပွဲများ ပြန်လည်စတင်နေသလို ပရီမီယာလိဂ်ပြိုင်ပွဲကိုလည်း ဇွန်လလယ်မှာ ပြန်လည်စတင်တော့မှာဖြစ်လို့ အာဆင်နယ်အသင်းဟာ လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်းရဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ နည်းပြ အာတီတာ ဦးဆောင်နိုင်ခဲ့တဲ့အပြင် လေ့ကျင့်ရေးကွင်းဖြစ်တဲ့ လန်ဒန်ကိုလ်နေးကွင်းရဲ့ မြက်ခင်းပြင်မှာ နည်းပြ အာတီတာကို မြင်တွေ့လာရတဲ့အတွက်လည်း အာဆင်နယ်ကစားသမားတွေဖြစ်တဲ့ ဒေးဗစ်လုဇ်၊ အူဘာမေယန်နဲ့ မူစတာဖီတို့ဟာ ပျော်ရွှင်နေကြပါတယ်။

**ငွေကြယ် - ရေးသားသည်**




❂ **Ar K Club မှ**

ဘုန်းမြင့်ကျော်သည် အဆင့်(၄)သာရရှိခဲ့သောကြောင့် မြန်မာငွေကျပ် လေးသိန်းနှင့်ညီမျှသည့် တရုတ်ယွမ်ငွေသာရရှိခဲ့သည်။ Ar K Club သည် ဘုန်းမြင့်ကျော်ကို စပွန်ဆာပေးထားသည့် ကုမ္ပဏီလည်းဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲအပြီးတွင် ရှန်ဟိုင်းမြို့၌ မေ ၂၃ ရက်မှ စတင်ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းဖိတ်ခေါ် 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ဘုန်းမြင့်ကျော်သည် Chinese 8 Ball ပြိုင်ပွဲ ပထမအဆင့်အုပ်စုနောက်ဆုံးပွဲကို မေ ၃၁ ရက်မှ ကစားရမည်ဖြစ်သောကြောင့် Ar K Club က ကျင်းပသည့် ဖိတ်ခေါ် 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ko Ar Ti Facebook**

## ဦးတင်မောင်ဝင်း(ခ)ထွန်းထွန်း

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၃)၊ ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ ငွေကြာယံ၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးညွန့်တင်–ဒေါ်အိအိဝင်း)တို့၏ သားကြီး၊ မွန်ပြည်နယ်၊ ကျွဲခြံမြို့နေ (ဦးကျော်တင်–ဒေါ်သင်းကြည်)တို့၏ သားသမက်၊ (ဦးစိန်ဖေ–ဒေါ်ခင်စောနွဲ့)၊ (ဗိုလ်မှူးအေးမြင့်)(ရေ)–ဒေါ်မိုးသူဇာ၊ ဩစတြေးလျနိုင်ငံ၊ ဒါဝင်မြို့နေ ဆရာဝန်ကြီး ဒေါက်တာဘညွန့်–ဒေါ်သန်းသန်းဝေတို့၏ တူ၊ ဒေါ်အိအိတင်[နိုင်ငံခြားသတင်းထောက်(Fuji TV)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း တွဲဖက်အတွင်းရေးမှူး]–ဦးဇော်မိုးထွန်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်ဝင်းဝင်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်မိုး @ Princeton (New York)၏ ချစ်လှစွာသော ဘကြီးသည် ၂၂–၅–၂၀၂၀ ရက် နံနက် ၁၁:၂၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် နေ့ချင်းပြီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းကြည်

### အောင်ပင်လယ်ပွဲရုံ (ဘုရင့်နောင်)

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (U–33)၊ မြကန်သာလမ်းနေ ဒေါ်ညွန့်ရှင်း၏ ခင်ပွန်း၊ ဦးဘလင်း(ခ)ဦးကိုကိုလွင်–ဒေါ်ခင်သီတာ၊ ဒေါ်မိမိ၊ ဦးမောင်မောင်လွင်၊ ဦးညီညီလွင်၊ ဒေါ်စိုးစိုးတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မယွန်းရတီလင်း၏ အဘိုးသည် ၂၃–၅–၂၀၂၀ (စနေနေ့) နံနက် ၁၀:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၅–၅–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးသီဟ (ငြိမ်း)

### တပ်မတော်(ရေ)

### စစ်တက္ကသိုလ် အမှတ်စဉ် (၁၁)၊ BN–1186

### အသက် (၇၂) နှစ်

ရန်ကုန်မြို့နေ [ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြီး(ရေ–ငြိမ်း)–ဒေါ်စိန်ရီ]တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ အမှတ်(၄၄–B)နေ ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဝင်နီ၏ခင်ပွန်း၊ ဒေါ်ယဉ်မင်းသီ၊ ဒေါ်သုနှင်းသီ–ဦးထူးအောင်သိုက်၊ ဦးအောင်သီဟ–ဒေါ်ခင်သရဝဏ်ပါတို့၏ဖခင်၊ မောင်သော်ဖုန်းခန့်(Sumo)၊ မောင်စွမ်းထက်အောင်(Gu Gu)တို့၏အဘိုး၊ [ဗိုလ်မှူးဝင်းလွင်(တပ်မတော်–ရေ)–ဒေါ်ချိုချို]၊ ဒေါ်ခင်နွယ်နီ–ဦးမျိုးတင့်၊ ဒေါ်ညွန့်ညွန့်ဟန်–ဦးဘိုဘိုဝင်း၊ ဒေါ်နွယ်နွယ်လှ–ဒေါက်တာမော်လတ်တို့၏အဘိုး၊ ဒေါ်အေးချို–ဦးကျော်ဆန်းဦး၊ ဒုတိယဗိုလ်မှူးကြီးမင်းသူရ(တပ်မတော်–ရေ)–ဒေါ်လတ်လတ်ထွန်း၊ ဗိုလ်ကြီးမျိုးသီဟ–ဒေါ်ခင်သူဇေယျ၊ ဒေါ်လတ်သီရိနွယ်–ဒုတိယဗိုလ်မှူးကြီးစိုင်းသက်နိုင်၊ ဦးမြင့်ဟန်ဝင်း–ဒေါ်ရွှေဝါဖူး၊ ဦးလတ်သူရ–ဒေါ်အိအိဝင်းတို့၏ဘကြီးသည် ၂၂–၅–၂၀၂၀ (သောကြာနေ့) ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၆:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇင်သန်း (ခ) ကျော်ကျော်

### အသက် (၆၃) နှစ်

မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်နေ (ဦးဘတင်–ဒေါ်ထားရွှေ)တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ်(၄၅၇)၊ ဗဟိုလမ်း၊ (၃၅) ရပ်ကွက်နေ (ဦးသန်းမောင်–ဒေါ်ခင်ကြည်)တို့၏သား၊ [ဒေါ်ညွန့်ညွန့်ဝေ(မြန်မာစာပါမောက္ခ–ငြိမ်း)]၏မောင်၊ ဦးခင်မောင်သန်း–ဒေါ်ခင်ဖြူ၊ ဦးတင်မောင်အုန်း–ဒေါ်သန်းသန်းဝင်း၊ ဦးမျိုးဟန်–ဒေါ်ခင်ခင်စိုးတို့၏ညီ/မောင်၊ အမှတ်(၄၁၅)၊ ဦးအောင်ဇံဝေလမ်းနေ ဦးမော်ဇင်သန်း–ဒေါ်စိုးစိုးဦးတို့၏ အစ်ကို၊ မောင်အောင်ပိုင်ဖြိုး၊ မနှင်းအိဖြူ၊ မောင်မြတ်ပိုင်သော်(ခေတ္တ–Melbourne)၊ မောင်လပြည့်မိုး(TTC)တို့၏ဦးလေး ဦးကျော်ဇင်သန်း (ကျော်ကျော်)သည် ၂၃–၅–၂၀၂၀ (စနေနေ့) နံနက် ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်စိုး (ခ) ဒေါ်ခင်တာတာ

### အသက် (၅၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ သမိုင်း(၁၄)လမ်း၊ အမှတ်(၁၀၃)၊ ဒုတိယထပ်နေ (ဦးသာထွန်းအောင်–ဒေါ်သန်းစိန်)တို့၏သမီး၊ (ဒေါ်ရီ)၏ တူမ၊ ဒေါ်အေးအေးသန်း (လယ်ပြ–ငြိမ်း၊ ထ–၅၊ မရမ်းကုန်း)၊ ဒေါ်ကြည်ကြည်ခိုင်(ကျောင်းအုပ်၊ အလက–ဥယျာဉ်ဝ၊ လှည်းကူး)တို့၏ ချစ်လှစွာသောညီမ၊ ဦးစိုးနိုင်–ဒေါ်ရီရီတိုး(MPT)၊ ဦးကိုကိုသင်း၊ ဦးကိုကိုမင်း–ဒေါ်နီနီချို(စိုက်ပျိုးရေး/ဆင်ပေါင်ဝဲ)တို့၏ချစ်လှစွာသောအစ်မ၊ မအိသူဇာမင်း(မကွေးတက္ကသိုလ်)၊ မယဉ်သူဇာမင်း(ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ချစ်လှစွာသောအဒေါ် ဒေါ်ကြည်ကြည်စိုး(ခ) ဒေါ်ခင်တာတာသည် ၂၂–၅–၂၀၂၀ ရက် ည ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အာနိသင်

သင့်

သွေးဖြင့်

အသက်

ကယ်ပါ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်

### အသက် (၉၀)

ရန်ကုန်အဝေးသင်တက္ကသိုလ်(ဥပဒေဌာန)မှ ဒေါ်ခင်သန္တာမော်၏ အဘိုး ဦးတင်မောင်သည် ၂၂–၅–၂၀၂၀ ရက် ညနေ ၆:၅၀ နာရီတွင် သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၄)နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၄–၅–၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ ‘ကိုဗစ်ကာလအတွင်း ကန့်သတ်ချက်များရှိနေပါသဖြင့် နာရေးပို့ဆောင်ခြင်းနှင့် ရက်လည်ဆွမ်းသွတ်တရားနာခြင်းတို့အား မိသားစုအစီအစဉ်ဖြင့်သာ ပြုလုပ်ရမည်ဖြစ်ပါသဖြင့် နားလည် ခွင့်လွှတ်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

ညှိုးငယ်သောစိတ်ထားဖြင့် ကျန်ရစ်သူမိသားစု

---

## ဒေါ်လှမြသူ (စွန်ရဲ/မင်းပြား၊ စစ်တွေ)

### မူလတန်းကျောင်းအုပ်၊ အ.လ.က(၂) မောလိပ်

### အမက(ဂျောပူဂျာ+ခုံတင်ပိုက်၊ အောင်မင်္ဂလာ–စစ်တွေ)

### အသက်(၈၈) နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကုလားချေ–ဒေါ်မကောက်)တို့၏သမီး၊ (ဦးသောင်းထွန်းဦး–ဒေါ်စိုးဘုံ)၊ (ဦးသာဇံ)–ဒေါ်ဦးကျော့ယဉ်၊ (ဒေါ်သိင်္ဂစာရီ)တို့၏ ညီမ၊ ဒေါ်မသာနု၊(ဦးမောင်ကောက်)–ဒေါ်စောမြအေး၊(ဦးလှဖော်သာ)–ဒေါ်ဦးစိန်မြ၊ (ဆရာဦးစောရွှေ–ဒေါ်ရွှေမြင့်)တို့၏အစ်မ ဒေါ်လှမြသူသည် ၂၃–၅–၂၀၂၀ ရက် နံနက် ၉:၂၅ နာရီတွင် ဗဟန်းမြို့နယ်၊ ဆရာစံ တောင်(စံပြ)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၂၆)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉–၅–၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ပြုံးဝင်း

### ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်(စာရင်းဌာန)

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ လေးလွှာ(အေ)နေ (ဦးဝင်းဆိုင်–ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးတင်ဖေ–ဒေါ်ခင်ညို)တို့၏သမီးချွေးမ၊ ဦးဖိုးပါ၏ဇနီး၊ ဦးထွေးဝမ်–ဒေါ်အေးနန္ဒာအောင်(KBX Holding Co.,Ltd)၊ ဗိုလ်ကြီးဇေယျာမျိုး(တပ်မတော်–ရေ)–ဒေါ်အေးမြတ်မွန်(The Avenue Co.,Ltd)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မောင်ဘုန်းမြင့်မြတ်၊ မရွှန်းမြတ်ယသော်တို့၏ ချစ်လှစွာသောအဘွားသည် ၂၃–၅–၂၀၂၀ (စနေနေ့) နံနက် ၈:၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းလွင် (ခ) ဦးနေမျိုး

### အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၄၇)၊ မြေညီထပ်၊ (၃၆)လမ်း(အထက်ဘလောက်)နေ (ဦးငွေးလွင်–ဒေါ်သန်းမေ)တို့၏သား၊ ဦးအေးကို–(ဒေါ်နီလာငွေး)၊ ဒေါ်သင်းသင်းလွင်(လက်ထောက်အထွေထွေမန်နေဂျာ၊ ကျောက်မျက်တူးဖော်ရေး–မိုးကုတ်)တို့၏ ညီ/မောင်၊ ဒေါ်လှလှငွေး၏ အစ်ကို၊ တူ/တူမ သုံးယောက်တို့၏ဦးလေး ဦးဝင်းလွင်(ခ) ဦးနေမျိုးသည် ၂၂–၅–၂၀၂၀ (သောကြာနေ့) ညနေ ၆:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၄–၅–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လိုက်ပါပို့ဆောင်ရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်ဝင်းထွဋ်အောင် (ခ) ထင်အောင်ကျော်

### အသက် (၄၉) နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်–ဒေါ်ကြည်)၊ (ဦးလှအောင်–ဒေါ်သိန်းမြ)တို့၏မြေးဦး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးအောင်ခင်–ဒေါ်ကြည်ကြည်ဝင်းတို့၏ တစ်ဦးတည်းသောသားဦး၊ ဦးကျော်ကျော်သန်း–ဒေါ်သွယ်စုမွန်တို့၏ အစ်ကို မောင်ဝင်းထွဋ်အောင်(ခ) ထင်အောင်ကျော်သည် ၂၃–၅–၂၀၂၀ (စနေနေ့) နံနက် ၄:၁၅ နာရီတွင် စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့် (မော်လမြိုင်၊ ပေါင်းတည်)

### အသက် (၈၇) နှစ်

မော်လမြိုင်မြို့နေ [ဝတ်လုံတော်ရ ဦးဘသင်(မော်လမြိုင်)–ဒေါ်ဖွားစိန်]တို့၏ သမီး၊ [ဦးထွန်းရီ (တက္ကသိုလ်မြတ်ခိုင်၊ မန်နေဂျာ–ငြိမ်း၊ မ.စ.ဘ)]၏ ဇနီး၊ (ဒေါ်လှညွန့်–BBS ဦးလှဘူး)၊ (ဒေါ်အေးညွန့်–ဗိုလ်မှူးတွိုက်စ်ဒေး)၊ (ဦးအောင်ညွန့်)–ဒေါ်မိမိသော်၊ ဒေါ်ခင်ခင်အေး–(ဦးကျင်လှိုင်)တို့၏ ညီမ၊ (ဒေါ်ရီရီငွေး–ဦးမောင်မောင်ညွန့်)၊ (ဒေါ်စီလေးချို)၊ ဒေါ်ချိုချိုသင် (Jean)–(ဦးဝင်းလှိုင်)တို့၏ အစ်မ၊ ဒေါက်တာအေးသီရိကျော်(UK)၊ ဒေါက်တာခင်ရတနာကျော်–ဒေါက်တာမင်းသန့်လွင်၊ ဒေါက်တာဉာဏ်ထက်မျိုးမြင့်(လ/ထ ဆရာဝန်၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး)၊ ကိုပြည့်စုံမျိုးမြင့်(BE, MMU)၊ မယွန်းဝတီမျိုးမြင့်(2nd Year, EC, YTU)၊ မသက်နှင်းစု(3rd Year, IR, DU)၊ မောင်ရန်ပိုင်ဦးတို့၏အဘွားသည် ၂၂–၅–၂၀၂၀ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့် (မော်လမြိုင်၊ ပေါင်းတည်)

### အသက် (၈၇) နှစ်

[ဝတ်လုံတော်ရ ဦးဘသင်(မော်လမြိုင်)–ဒေါ်ဖွားစိန်]တို့၏သမီး၊ [ဦးထွန်းရီ (တက္ကသိုလ်မြတ်ခိုင်၊ မန်နေဂျာ–ငြိမ်း၊ မ.စ.ဘ)]၏ ဇနီး၊ ဒေါ်ချိုချိုခိုင်(ညွှန်ကြားရေးမှူး–ငြိမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)–ဦးလှမျိုး၊ ဒေါက်တာစုစုခိုင်(ပါမောက္ခ–ငြိမ်း)–ဗိုလ်မှူးကျော်ကျော်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ YCDC၊ ငြိမ်း)၊ ဦးညီညီခိုင်၊ ဒေါ်ဖြူဖြူခိုင်–ဒုဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ (ဦးကျော်ကျော်ခိုင်)၊ ဒေါ်ကေခိုင်စိုး(သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး)၊ ဦးမင်းထွန်းခိုင်–ဒေါ်မြမြသွင်တို့၏မိခင် ဒေါ်မြင့်မြင့်သည် ၂၂–၅–၂၀၂၀ (သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြား အပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈–၅–၂၀၂၀ (ကြာသပတေး နေ့) နံနက်တွင် အမှတ်(၁၃၅၄)၊ အေးရိပ်သာ(၇)လမ်း၊ (၄၃) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)

## ဦးဝင်းကြည်

### တရားလွှတ်တော်ရှေ့နေ၊ အထပြ(ငြိမ်း)

### ရာသက်ပန်အသင်းဝင်အမှတ်(၈၃၅)

### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၂၅၇–က)နေ ဒေါ်ဖွားစိန်၏ခင်ပွန်းသည် ၂၂–၅–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၅–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## PA. TUN KHAN PAU

### အသက် (၆၉) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ထုတ်လိုင်ရွာနေ BO MANG HAU–PI–NIANG KHUA VUNG တို့၏သား၊ NU–NGIAK HAU CING–PA.LAM KHUA PAU, PA. KAM ZA LIAN–NU.CINGH KHUA HAU, NU. HAUZA VUNG–PA.THAWNG ZA PUM, NU. NGIN ZA CING, SYAMA CIIN PUM–DR.LAM CIN THANG တို့၏ညီ/မောင်၊ SYAMA, PUM KAANG ZA CING–SAYA WIN SHWE OO, PA. CIN TUAL MANG, NU.UAP ZA NIANG–PA. PAU CIN PUM တို့၏အစ်ကို၊ တိုက်(၃၄)၊ အခန်း(၃၀၂)၊ စီ(၁၀)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ NU. NGO MAN CING၏ချစ်လှစွာသောခင်ပွန်း၊ LIA. VUNG SUAN DIM, LIA.DIM KHAN CINGH, LIA.HAU CING PAU, TG.HAU THIAN MUANG တို့၏ချစ်လှစွာသောမွေးသဖခင် PA. TUN KHAN PAU သည် ၂၃–၅–၂၀၂၀ ရက် နံနက် ၉:၂၀ နာရီတွင် လေဖြတ်ရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄–၅–၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ရန်ကုန်စီးယင်းနှစ်ခြင်း ဘုရားကျောင်းတို့မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ဆန်း (ချောက်မြို့)

### A.G.T.I (MDY) (E.P)

### အသက် (၇၂) နှစ်

ချောက်မြို့နေ (ဦးလှတင်–ဒေါ်စန်းကြည်)တို့၏ ဒုတိယမြောက်သား၊ မွေးချင်းလေးယောက်တို့၏ ညီ/အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉) ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၁၂၃)နေ ဒေါ်မြင့်မြင့်စိန်၏ ခင်ပွန်း၊ ဦးဆန်းမြင့်ထွန်း–ဒေါ်ငုဝါလွင်(ခေတ္တ–စင်ကာပူ)၊ ဒေါ်စုသီရိမောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဆန်းလင်းထွဋ်၏ အဘိုးသည် ၁၆–၅–၂၀၂၀ (စနေနေ့) ညနေ ၃:၁၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈–၅–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂–၅–၂၀၂၀ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းများ ဆောင်ရွက်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီတံတားအမှတ် (၂)မှ မြန်မာသံရုံးအစီအစဉ်ဖြင့် ၆၀၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၂၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၄ ဦးသည် မြဝတီချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် ယနေ့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**မြန်မာသံရုံးအစီအစဉ်**

ယနေ့ ပြန်လည်ဝင်ရောက်သူ ၆၀၄ ဦးသည် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှုဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ဘေးကင်းလုံခြုံစွာ အခက်အခဲမရှိ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ သုံးဦး၊ ကယားပြည်နယ်မှ တစ်ဦး၊ ကရင်ပြည်နယ်မှ ၃၅ ဦး၊ မွန်ပြည်နယ်မှ ၂၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၂၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၄၇ ဦး၊ နေပြည်တော်မှ ၂၅ ဦး၊ ရှမ်းပြည်နယ်မှ ၁၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ သုံးဦး၊ ရခိုင်ပြည်နယ်မှ ခုနစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၃၅ ဦး စုစုပေါင်း ၆၀၄ ဦးဖြစ် ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# Ar K Club က ကျင်းပသည့် ဖိတ်ခေါ် 8 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် စတုတ္ထနေရာရရှိ

**ရန်ကုန် မေ ၂၃**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့ရှိ Ar K Club က ကြီးမှူးကျင်းပသည့် ဖိတ်ခေါ် 8 Ball ပြိုင်ပွဲတွင် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စတုတ္ထနေရာရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

**စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရ**

ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် လက်ရည်စစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ ၃၂ ဦးအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရသည်။ ၎င်းသည် ၃၂ ဦးအဆင့်၊ ၁၆ ဦးအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့်တို့တွင် အနိုင်ရကာ ဆီမီးဖိုင်နယ်တွင် တရုတ်လက်ရွေးစင်ကစားသမားကို ၁၁ ပွဲ- ၉ ပွဲဖြင့်အရေးနိမ့်ခဲ့၍ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်ကို အနိုင်ရသည့် တရုတ်ကစားသမားသည် ယင်းပြိုင်ပွဲ၏ ချန်ပီယံဆုကိုပါ ရယူနိုင်ခဲ့သည်။ ဘုန်းမြင့်ကျော်သည် တတိယလုပွဲတွင်လည်း ထပ်မံအရေးနိမ့်ခဲ့သောကြောင့် စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ယခုပြိုင်ပွဲမှာ 8 Ball ပြိုင်ပွဲဖြစ်သော်လည်း 9 Ball ကစားသည့်ခုံဖြင့် ကစားရခြင်းဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ❂





# ကျောက်ကြီးမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကျောက်ကြီး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးစီမံကိန်းဌာနဝန်ထမ်းများနှင့် ပူးပေါင်းပြီး ယနေ့ နံနက်ပိုင်းက ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ကျောက်ကြီးမြို့ မုန်းတိုက်နယ်နှင့် နတ်သံကွင်းတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးစီမံချက် ကျေးရွာများအား ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဗီနိုင်းပိုစတာ ဆိုင်းဘုတ်စိုက်ထူခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလှုံ့ဆော်ခြင်း၊ သောက်သုံးရေ အခက်အခဲဖြစ်နေသည့် ကျေးရွာများအား ရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်ကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများ — စာမျက်နှာ » ၉

ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေး တူရကီနှင့် အီရတ်သမ္မတတို့ ဖုန်းဖြင့်ဆွေးနွေး — စာမျက်နှာ » ၁၂

ဆိပ်ခံတံတားများတွင် လူစုလူဝေး မဖြစ်စေရန်နှင့် တံတားအတက်အဆင်း စနစ်တကျဖြစ်စေရန် ဆောင်ရွက် — စာမျက်နှာ » ၂၄



အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် လှူဒါန်းခဲ့တဲ့ ဂျန်နာရာ — စာမျက်နှာ » ၂၆

စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၈ ရက်တွင် ပြန်လည်စတင်နိုင်ကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ် ပြောကြား — စာမျက်နှာ » ၂၇

ကြေးမုံ
အထူးကဏ္ဍ
မေ ၂၄၊ ၂၀၂၀ (တနင်္ဂနွေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# နိုင်ငံ့စီးပွားရေး တိုးတက်မှု အရှိန်အဟုန်ကောင်း တစ်ခုရရှိစေရေးအတွက် ကြိုးပမ်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ဆောင်းပါး - ရှင်မင်း၊ ဓာတ်ပုံ - MIFER

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံ့စီးပွား ခိုင်မာတောင့်တင်းမှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားတိုးတက်မှု စဉ်ဆက်မပြတ်ရရှိရေးအတွက် ပြုပြင်ပြောင်းလဲလျက်ရှိသည်။**

ထိုသို့ပြောင်းလဲရာတွင် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုအရှိန်အဟုန်ကောင်း တစ်ခုရရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားစေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင်ပြဋ္ဌာန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ချေးငွေ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရန်တို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက "ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနရဲ့ အဓိက လုပ်ငန်းတာဝန်တွေကိုကြည့်ရင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီး လုပ်ဆောင်ရတဲ့အပိုင်းနဲ့ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကဏ္ဍတွေကို အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးဖို့ လိုအပ်တဲ့ နေရာတွေမှာ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေဆီက အကူအညီအထောက်အပံ့တွေ၊ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေကို နိုင်ငံ့ကိုယ်စား ညှိနှိုင်းရယူဆောင်ရွက်ရတဲ့ အပိုင်းတွေကို အဓိကတာဝန်ယူလုပ်ဆောင်လျက်ရှိနေပါတယ်"ဟု ပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် စတုတ္ထ(၁)နှစ်တာ အပါအဝင် လေးနှစ်တာကာလအတွင်း နိုင်ငံအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းရေးအတွက် ဥပဒေကြမ်းအဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် နည်းဥပဒေကိုဆက်လက် ထုတ်ပြန်နိုင်ခဲ့သည်။ ထို့အတူ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ဆက်လက် ပြဋ္ဌာန်းနိုင်ခဲ့သည်။

နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်ဝင်ရောက်လာစေရေးအတွက် ကုမ္ပဏီမှတ်ပုံတင်သည့်စနစ်ကို အွန်လိုင်းစနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ရာ တစ်လလျှင် ကုမ္ပဏီပေါင်း ၁၄၀၀ ကျော်နှင့် ၁၅၀၀ နီးပါး မှတ်ပုံတင်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်သည့်စနစ်နှင့် ကုမ္ပဏီဥပဒေအသစ်ကို ပြောင်းလဲဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်က နှစ်စဉ်အကဲဖြတ်သော Ease of Doing Business Ranking တွင် အဆင့်ခြောက်ဆင့် တိုးတက်လာခဲ့သည့်အပြင် Ease of Doing Business ပြောင်းလဲတိုးတက်မှု အရှိဆုံးနိုင်ငံ ၂၀ စာရင်းထဲသို့ ပါဝင်လာခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် စတုတ္ထ(၁)နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် ကုမ္ပဏီမှတ်ပုံတင်မှုအပိုင်းတို့ကို တစ်ပြိုင်နက်တည်း တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အထူးကဏ္ဍ [ ခ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်သည့်စနစ်နှင့် ကုမ္ပဏီဥပဒေအသစ်ကို ပြောင်းလဲဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်က နှစ်စဉ်အကဲဖြတ်သော Ease of Doing Business Ranking တွင် အဆင့်ခြောက်ဆင့် တိုးတက်လာခဲ့သည့်အပြင် Ease of Doing Business ပြောင်းလဲတိုးတက်မှုအရှိဆုံးနိုင်ငံ ၂၀ စာရင်းထဲသို့ ပါဝင်လာ**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီအဖွဲ့နှင့် တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ကုမ္ပဏီမှတ်ပုံတင်မှုအပိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အွန်လိုင်းဖြင့် မှတ်ပုံတင်ပေးသည့်စနစ်ကို ဌာနအဆင့် လုပ်ငန်းစဉ်များ ပြည့်စုံစွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းအပေါ် အချိန်ကုန်သက်သာ၊ ကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများ မှတ်ပုံတင်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ စိစစ်ခွင့်ပြုရမည့် ကိစ္စရပ်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သာမက ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ (ပြည်နယ်နှင့်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများ) ကပါ ဟန်ချက်ညီညီ လိုက်ပါအကောင်အထည်ဖော်နိုင်ခြင်းကို တွေ့ရှိရကြောင်း၊ စတုတ္ထ(၁) နှစ်တာကာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များနှင့် ပြည်တွင်းအလားအလာရှိသည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ မန္တလေး၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း၊ တနင်္သာရီတိုင်းဒေသကြီးများ၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များ ကျင်းပနိုင်ခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးနိုင်ခဲ့ကြောင်း၊ ဌာနအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ပြည်တွင်းစီးပွားရေးဘာသာရပ်ဆိုင်ရာ ဆက်စပ်ဆောင်ရွက်ရမည့် အခြားဌာနများနှင့် အွန်လိုင်းစနစ်ကို ချိတ်ဆက်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်နှင့် နိုင်ငံတကာနည်းစနစ်များအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဘာသာရပ်များ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်အတွက် Investment Permit System ကို အွန်လိုင်းဖြင့် Single Window စနစ်သွားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များနှင့် ဆက်စပ်သော



ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း

ပြည်တွင်းအစိုးရဌာနများ၏ ဥပဒေမူဘောင်များနှင့် ရုံးလုပ်ငန်းစနစ်များ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အစိုးရသို့ အကြံပြုတင်ပြခြင်း၊ ဌာနများသို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဘာသာရပ်ကျွမ်းကျင်သော ပြည်ပစီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရှင်များထံမှ နည်းပညာအကူအညီရယူခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသာမက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးရုံးနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအရ ယခုနှစ်တွင် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံရရှိရန်အတွက် မျှော်မှန်း ဆောင်ရွက်လျက်ရှိသည်။


"ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်က အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ပြီး ယခုဘဏ္ဍာနှစ်ထဲမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ ဒေါ်လာရရှိပြီးဖြစ်ပါတယ်။ ယမန်နှစ် အလားတူကာလမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ရှိခဲ့ပြီး ပြီးခဲ့တဲ့နှစ်မှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄ ဒသမ ၅၂ ဘီလီယံရရှိခဲ့ပါတယ်။ အသစ်လျှောက်ထားမည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၁ ဒသမ ၃ ဘီလီယံနီးပါးရှိပြီး လိုအပ်ချက်များကို စိစစ်နေပါတယ်။ ကျန်ရှိသည့်ကာလများတွင် အသစ်လျှောက်ထားမည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများပေါင်းပါက ရည်မှန်းချက်ရောက်ရှိနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ၏ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဆိုသည်။

ပြီးခဲ့သည့် သုံးနှစ်တာကာလအထိ မြန်မာနိုင်ငံသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အများဆုံးဖြစ်သော်လည်း ယခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးမှာ စင်ကာပူနိုင်ငံဖြစ်ပြီး တရုတ်၊ ထိုင်း၊ ဟောင်ကောင်နှင့် ဗြိတိန်တို့က အစဉ်လိုက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကြောင်း သိရသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စတင်ခွင့်ပြုပေးတဲ့အချိန်က ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းက အများဆုံးပါ။ ဒုတိယအများဆုံးက လျှပ်စစ်လုပ်ငန်းပါ။ တတိယအများဆုံးက စက်မှုလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီနှစ်ပိုင်းမှာ လျှပ်စစ်လုပ်ငန်းက များပါတယ်။ အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းတွေလည်း များပါတယ်။ စက်မှုကဏ္ဍလည်းများပါတယ်။ တတိယဖြစ်တဲ့ စက်မှုလုပ်ငန်းတွေက နိုင်ငံရဲ့လုပ်သားအင်အားများပြားခြင်း၊ လုပ်ခလစာသက်သာခြင်း၊ ဝင်ထွက်သွားလာရန် ဆိပ်ကမ်း၊ လေကြောင်း၊ ကုန်းလမ်းနဲ့ မီးရထားလမ်းစတဲ့ သယ်ယူပို့ဆောင်မှုတွေ အဆင်ပြေတာဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းတွေ ပိုများတာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းမှာ CMP လုပ်ငန်းက

အထူးကဏ္ဍ [ ဂ ] သို့ »»»

ယခုနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်က အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ်ပြီး ယခုဘဏ္ဍာနှစ်ထဲမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံဒေါ်လာရရှိပြီးဖြစ်ပါတယ်။ ယမန်နှစ် အလားတူကာလမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး ပြီးခဲ့တဲ့နှစ်မှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၄ ဒသမ ၅၂ ဘီလီယံရရှိခဲ့ပါတယ်။ အသစ်လျှောက်ထားမည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၁ ဒသမ ၃ ဘီလီယံ နီးပါးရှိပြီး လိုအပ်ချက်များကို စိစစ်နေပါတယ်။ ကျန်ရှိသည့်ကာလများတွင် အသစ်လျှောက်ထားမည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများပေါင်းပါက ရည်မှန်းချက်ရောက်ရှိနိုင်မှာဖြစ်




မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခဲ့မှုအခြေအနေ

»»» အထူးကဏ္ဍ [ ခ ] မှ

ပိုပြီးများပါတယ်။ CMP လုပ်ငန်းတွေကဆက်ပြီး တိုးတက်လာဦးမယ်လို့ မျှော်မှန်းထားပါတယ်” ဟု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်မှု ကိစ္စရပ်များနှင့်ပတ်သက်၍ ဦးစီးဌာန၏ တရားဝင် ဝက်ဘ်ဆိုက်ဖြစ်သော www.dica.gov.mm မှတစ်ဆင့် ဌာနမှတာဝန်ခံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုများ၊ လှုပ်ရှားဆောင်ရွက်မှုသတင်းများ၊ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များ၊ ဥပဒေ/နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် ထုတ်ဝေထားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာအုပ်စာတမ်းများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိသည်။

**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရာ၌ အကူအညီများ ပေးအပ်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ရာဗဟိုဌာန (Focal Department)အဖြစ် အဓိက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးမှုစီမံချက်များတွင် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ EU နိုင်ငံများနှင့် အမေရိကန်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အာဆီယံ၊ GMS, BIMSTEC နှင့် ACMECS စသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန်တို့သည့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များဖြစ်သည်။ ထို့အတူ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU)၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် ဂျပန်၊ တရုတ်နှင့် ကိုရီးယား စသည့် အာရှနိုင်ငံများ၊ အမေရိကန်နိုင်ငံများအပြင် ဥရောပသမဂ္ဂ(EU)နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် စတုတ္ထ(၁)နှစ်တာကာလ အပါအဝင် လေးနှစ်တာကာလအတွင်း ကြိုးပမ်းဖော်ဆောင်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ ကျုံးရှန်းတို့ နားလည်မှုစာချွန်လွှာ အပြန်အလှန်လဲလှယ်ကြစဉ်။

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်အတွင်း သဘောတူစာချုပ် ခြောက်ခု၊ သဘောတူညီချက် သုံးခု၊ နားလည်မှု စာချွန်လွှာ ၁၄ ခုနှင့် စာလွှာ ၁၀ ခု စုစုပေါင်း ၃၃ ခုကို နှစ်နိုင်ငံအကြား အပြန်အလှန် လက်မှတ်ရေးထိုးနိုင်ခဲ့**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ငါးနှစ် ဖွံ့ဖြိုးမှုအစီအစဉ်ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရင်မင်ဘီယွမ်သန်း ၁၀၀၀ အကူအညီပေးအပ်မည့် စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တို့ကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်အတွင်း သဘောတူစာချုပ် ခြောက်ခု၊ သဘောတူညီချက် သုံးခု၊ နားလည်မှု စာချွန်လွှာ ၁၄ ခုနှင့် စာလွှာ ၁၀ ခု စုစုပေါင်း ၃၃ ခုကို နှစ်နိုင်ငံအကြား အပြန်အလှန် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ထို့အတူ ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာမွန်ဂျေအင်း၏ ၂၀၁၉ ခုနှစ် စက်တင်ဘာလ မြန်မာနိုင်ငံချစ်ကြည်ရေး ခရီးစဉ်အတွင်း ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ပေးအပ်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကို နှစ်ဖက်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အလားတူ ဥရောပသမဂ္ဂ(EU)က မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ အရည်အသွေး တိုးတက်မြင့်မားလာစေရန်အတွက် အကူအညီယူရို ၂၂၁ သန်း ပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် မတ်လ ၂၁ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဥရောပသမဂ္ဂ၏ အထောက်အပံ့ဖြင့် အခြေခံပညာ၊ အလယ်တန်းနှင့် အထက်တန်းပညာရေး ပြုပြင်ပြောင်းလဲမှုနှင့် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ အလုပ်ရုံနှင့် ကျောင်းသားအဆောင်များ ဆောက်လုပ်ခြင်း၊ ဆရာလမ်းညွှန်များ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ခြင်း၊ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေးအတွက် သင်တန်းများပေးခြင်းနှင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အစရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်း တစ်ခုချင်းစီ၏ နိုင်ငံဆိုင်ရာအစီအစဉ် (Country Programme) များသည် ၂၀၁၇ ခုနှစ်တွင် အသီးသီး သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် ငါးနှစ်တာ နိုင်ငံဆိုင်ရာ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

“၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာ နိုင်ငံဆိုင်ရာအစီအစဉ်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေအကြား ညှိနှိုင်းရေးဆွဲနိုင်ခဲ့ပြီး ယခုဒီ Country Programme တွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာ UNFPA, FAO နဲ့ WFP တို့ရဲ့ Country Programme တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ WFP ရဲ့ Country Programme ဟာ စုစုပေါင်း ရန်ပုံငွေအမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၈၀ သန်းနဲ့ နိုင်ငံတစ်ဝန်းရှိထိခိုက်လွယ် ပြည်သူလူထုအတွက် တစ်နှစ်ပတ်လုံး အစားအစာဖူလုံရေးနဲ့ အာဟာရပြည့်ဝရေးဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပြီး အကောင်အထည်ဖော်မယ့် ငါးနှစ်တာကာလအတွင်း လူဦးရေ ၂ ဒသမ ၈ သန်းခန့်ကို အကျိုးကျေးဇူးရရှိမှာဖြစ်ပါတယ်”ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP)ဆိုင်ရာ ဝန်ကြီးများ၏ (၉)ကြိမ်မြောက် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ထို့အတူ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ကမ္ဘာ့ဘဏ် (World Bank) တို့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာပိုင်း၊ မူဝါဒအကြံပေးခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း စသည့်အပိုင်းများတွင် အကူအညီများ ပေးအပ်လျက်ရှိသည်။

၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသည့်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့သည့် စီမံကိန်းကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် အတည်ပြုရယူနိုင်ခဲ့သည်။

" ADB က နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Country Partnership Strategy–CPS) ၂၀၁၇–၂၀၂၁ အရ မြန်မာနိုင်ငံရဲ့ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံ တိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးလာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ကူညီပံ့ပိုးပေးနေတာဖြစ်ပါတယ်။ ဒီနိုင်ငံဆိုင်ရာ မဟာဗျူဟာအောက်ကနေမှ သုံးနှစ်တစ်ကြိမ် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် (Country Operational Business Plan–COBP) ကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းရေးဆွဲပြီး စီမံကိန်းတွေ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ယခု COBP အနေနဲ့ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် အထိ နိုင်ငံဆိုင်ရာနဲ့ ဒေသဆိုင်ရာ လုပ်ငန်းစီမံကိန်းတွေအတွက် ADB ရဲ့ သက်သာသောချေးငွေ အမေရိကန်ဒေါ်လာ ၁၇၇၁ ဒသမ ၆၁ သန်း၊ ချေးငွေမဟုတ်သော အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သန်း ၇၀ (နိုင်ငံအဆင့်–၄ သန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်–၆၆ သန်း) စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၈၄၁ ဒသမ ၆၁ သန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံများနှင့် အာဆီယံ + ၁ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်များတွင် ပါဝင်လျက်ရှိသည်။

"အာဆီယံ + ၁ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်တွေအပြင် ယခု ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) ဟာ အာဆီယံနဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတွေပါဝင်တဲ့ ဒေသဆိုင်ရာလွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေး သဘောတူစာချုပ် ချုပ်ဆိုရေးကိုလည်း ညှိနှိုင်းလျက်ရှိပါတယ်။ RCEP ဟာ ၂၀၁၈ ခုနှစ် စာရင်းအရ ကမ္ဘာ့လူဦးရေရဲ့ ၄၇ ဒသမ ၄ ရာခိုင်နှုန်း၊ ကမ္ဘာ့ GDP ရဲ့ ၃၂ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၂၉ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃၂ ဒသမ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုတဲ့ Mega Trade Pact တစ်ခုဖြစ်ပါတယ်" ဟု နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ (Free Trade Area–FTA) ပူးပေါင်းဆောင်ရွက်ခြင်းမှ နိုင်ငံ၏ ပို့ကုန်များကို အကောက်ခွန်သက်သာခွင့်ရရှိခံစားနိုင်မည်ဖြစ်သည်။ ထို့ပြင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များတွင် ညှိနှိုင်းသဘောတူထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကုန်သွယ်မှု၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံအနေနဲ့ ယခုလိုအဆင့်မြင့်ဒေသတွင်းနဲ့ နိုင်ငံတကာအဆင့်မီ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်တွေမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိတဲ့အတွက် မြန်မာနိုင်ငံအစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည်တွေ၊ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို နိုင်ငံတကာအဆင့်နဲ့အညီ ပူးပေါင်းပါဝင်နိုင်မယ့် အကျိုးကျေးဇူးတွေကို ရရှိလာမှာဖြစ်ပါတယ်"ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ဆိုသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ၂၀၁၉ ခုနှစ်အတွင်း AIMS စနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများအနေဖြင့် AIMS စနစ်တွင် ဖြည့်သွင်းထားသည့် အချက်အလက်များ၏ ပြည့်စုံမှုကို စစ်ဆေးပေးနိုင်မည့် လုပ်ဆောင်ချက် (Data Quality Check Function) အသုံးပြုသူများအနေဖြင့် အချက်အလက်ရှာဖွေရာတွင် ပိုမိုလွယ်ကူစေသည့် လုပ်ဆောင်ချက် (Search Function) ကို အသစ်ထပ်မံပြင်ဆင်ခြင်း၊ AIMS စနစ်တွင် အချက်အလက်များကိုစီစဉ်ခြင်း (Sorting)၊ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (SCGs) အလိုက် အချက်အလက်များကို ရွေးချယ်ကြည့်ရှုနိုင်ရန်၊ ဆက်သွယ်ရန် (Contact) အချက်အလက်များကို ပိုမိုလွယ်ကူစွာ ပြင်ဆင်နိုင်ရန်စသည့် လုပ်ဆောင်ချက်များကို ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၏ အချက်အလက်စာအုပ် (Development Partner Profile) အတွက် နိုင်ငံခြားအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (AIMS) ၏ အချက်အလက်များကို ကနဦးရယူ၍ မူကြမ်းပြုစုခဲ့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များက ပြန်လည်ပြင်ဆင် အတည်ပြုဆောင်ရွက်၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နှင့် ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် 2nd Myanmar Development Effectiveness Roundtable (DER) တွင် အင်္ဂလိပ်/ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့သည်။

ထို့အတူ နိုင်ငံခြားအကူအညီ၊ အထောက်အပံ့၊ နည်းပညာအကူအညီနှင့် ချေးငွေရယူကာ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာနများ/ ဗဟိုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၇ ရက်အထိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် ဆောင်ရွက်နိုင်ရန် ဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် (၄)နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းကာ နိုင်ငံ့စီးပွားရေးတိုးတက်မှု အရှိန်ကောင်းတစ်ခုရရှိအောင် ရည်ရွယ်ကြိုးပမ်းလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။



(၁၇-၉-၂၀၁၉)ရက်နေ့က အီးယူ-မြန်မာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

**၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသည့် ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့သည့် စီမံကိန်းကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနအနေဖြင့် အတည်ပြုရယူနိုင်ခဲ့**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Myanmar Investment Seminar for Korean SMEs နှင့် Korean Fintech Week 2019 သို့တက်ရောက်စဉ်။

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

မေ ၂၄၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို

## ■ ဝင်းကျော်ထွေး (ပညာရေး)

(၁)

"ကိုညွန့်စိန်ရယ်...ရှင်ကတော့ အားလုံးကို စိတ်ချလက်ချနဲ့ ထားသွားနိုင်ခဲ့ပြီပေါ့..."

"စိတ်ထိန်းပါ...မတင်မေရယ်..ကျုပ်တို့ လည်းရှိနေတာပဲ..."

မလှမြင့်၏ အားပေးစကားသည် မတင်မေ အတွက် လုံလောက်မှုမရှိနိုင်ခဲ့ပါ။ ယောကျ်ား ဖြစ်သူ၏ ရက်လည်နေ့တွင် သူမ၏ စိတ်ခံစားချက်များ မပြိုလဲစေရန် မနည်းအားတင်းထားရသည်။ သားသမီးကံမကောင်းသော သူမအဖို့ မည်သူ့ကိုမှ အပြစ်မတင်လိုပါ။

အဖေတစ်ယောက်လုံး ဆုံးပါးသွားတာကို ပင် ဝမ်းနည်းပူဆွေးမှုမရှိဘဲ အရက်သောက် မပျက်သော သားဖြစ်သူ အောင်ကြီးနှင့် ဖဲရိုက် မပျက်သော သမီးဖြစ်သူ ထွေးလှတို့ကို ကြည့်ရင်း သက်ပြင်းချလိုက်မိသည်။

သူတို့တွေလည်း အိမ်ထောင်အသီးသီး ကျနေပြီဖြစ်သည့်အတွက် မတင်မေ ဘာမှ မပြောလိုတော့ပါ။ ကိုညွန့်စိန်ရှိစဉ်က သူတို့ လင်မယားနှစ်ယောက် ဘဝကိုအေးအေးလူလူ ဖြတ်သန်းနိုင်ခဲ့သည်။ ကိုညွန့်စိန်က ဆိုက်ကား နင်းပြီး အိမ်၏စားဝတ်နေရေးကို အထောက် အကူပြုခဲ့သည်။ ပိုက်ဆံများများစားစား မရ သော်လည်း လင်မယားနှစ်ယောက် မငတ် အောင်တော့ ရပ်တည်နေနိုင်ခဲ့သည်။

အိမ်ထောင်ကျသွားသော သားနှင့်သမီးက မိဘတွေကို ထောက်ပံ့ခဲ့သည်မဟုတ်။ သူတို့၏ မပြေလည်မှုတွေကိုပင် မိဘတွေက ပြန်လည် ဖြေရှင်းပေးနေရသည်။ ယခု ကိုညွန့်စိန် တစ်ယောက် အပြင်းဖျားရာမှ ဆုံးပါးသွားခဲ့ရ သည်။ မတင်မေအဖို့ ရွှေတောင်ကြီး ပြိုလဲသလို ပင် ခံစားခဲ့ရသည်။ ဝတ္တရားအရ သားသမီး ဖြစ်သူတွေကို အသိပေးခဲ့သော်လည်း ရောက်ရုံ သာရောက်လာကြပြီး အဖေ့အတွက် ပူဆွေးမှု မရှိ။ မည်သည့်အကူအညီမှ မရသောကြောင့် မတင်မေ ပို၍ ဝမ်းနည်းမိတာတော့အမှန်။

အိမ်နီးချင်း မလှမြင့်ကတော့ မိတ်ဆွေ ကောင်းပီသစွာ သူ့ကို အမြဲအားပေးခဲ့သည်။ သို့သော်လည်း ကိုညွန့်စိန်မရှိတော့သည့် နောက်ပိုင်း သူ၏ ရှေ့ဆက်ရပ်တည်မှုအတွက် စဉ်းစားရပေဦးမည်။ အလုပ်လုပ်ကိုင်ရအောင် လည်း အသက်ခြောက်ဆယ်နားကပ်နေသော သူ့အတွက် အရာအားလုံးသည် အပျက် သဘောဆောင်နေသည်။ အားကိုး၍ မရသော သားနှင့်သမီးဆီကလည်း မည်သည့်မျှော်လင့် ချက်မှ မထားချင်တော့ပါ။ ထို့ကြောင့် စီးကျ လာသော မျက်ရည်များကိုသုတ်ရင်း သွားလေသူ ကိုညွန့်စိန်ကိုသာ တမ်းတမိတော့ သည်။


(၂)

"အမေ.."အနားသို့ရောက်လာပြီး ခေါ်လိုက် သော အသံကြောင့် မျက်ရည်များကို ကပျာ ကယာသုတ်လိုက်သည်။ အသံမကြားရခင် မှာပင် ထောင်းထနေသော အရက်နံ့ကြောင့် သားကြီးဖြစ်သူ အောင်ကြီးဆိုတာ သိလိုက် သည်။

"ပြောလေ ဘာပြောမလို့လဲ အောင်ကြီး.."

"ဟို..ဒီနေ့ အဖေ့ရက်လည်ဆိုတော့ ကူငွေ ဘယ်လောက်ရလဲ သိချင်လို့ပါ.."

အောင်ကြီး၏စကားကြောင့်မတင်မေ၏ နှလုံးသားတစ်ခုလုံး ဆို့နင့်စွာ ခံစားလိုက်ရ သည်။ စကားဆက်ပြောရန်ပင် အင်အားတွေ လျော့ပါးသွားခဲ့ရသည်။ သို့သော်လည်း မဖြစ် မနေပြောရမည်မို့ အားတင်းရင်း ပြောလိုက် သည်။



"ကူငွေဘယ်လောက်ရလဲဆိုတာ ဘာလုပ် မလို့လဲ အောင်ကြီး.."

"ဟို...အမေကလည်းဗျာ..အဖေသေတာ ကျွန်တော်အလုပ်ပျက်တယ်လေ..ဘာပဲဖြစ်ဖြစ် အဖေ့ကူငွေထဲက နည်းနည်းပါးပါးတော့ သားကိုပြန်ပေးပေါ့ဗျာ..အခုက ခုနစ်ရက် လောက် အလုပ်နားထားရတော့ သားဘက် လည်း စဉ်းစားကြည့်ပါဦး.. ဒီအတိုင်းပြန်ရင် အိမ်ကမိန်းမနဲ့ကလေးတွေ ရှိသေးတယ်လေ"

အောင်ကြီးဆီမှ ကြားလိုက်ရသော စကား ကြောင့် မတင်မေ ဒေါသထွက်သွားသည်။ အနားတွင်ထိုင်နေသော မလှမြင့်က သူ၏ လက်ကိုဆုပ်ကိုင်ရင်း သတိပေးလိုက်သော ကြောင့် စိတ်ကိုမနည်းထိန်းထားလိုက်ရသည်။ မုဆိုးမ မိခင်အတွက် ဘာတစ်ခုမှမစဉ်းစားဘဲ မိမိအတွက်သာ စဉ်းစားသော မွေးရကျိုးမနပ် သည့် သားဖြစ်သူကြောင့် မတင်မေ ဒေါသနှင့် အတူ ဝမ်းနည်းမှုဖြစ်ခဲ့ရတာတော့အမှန်ပင်။

"ဟုတ်တယ်အမေ..သမီးလည်း ဈေးရောင်း နားထားရတာ..တစ်ပတ်လောက်ရှိပြီ.. အဖေ့ အသုဘမှာ ပိုက်ဆံလေးများရမလားဆိုပြီး ဖဲရိုက်ပါတယ်..ဖဲကလည်းရှုံး..ဒါကြောင့် သမီး ကိုလည်း ပိုက်ဆံလေး ဘာလေး ပြန်ပေးဦး အမေ.."

သမီးဖြစ်သူ ထွေးလှမှ အနားသို့ထိုင်ချ ရင်း ပြောလိုက်ခြင်းဖြစ်သည်။ အမေဖြစ်သူ အတွက် ငဲ့ညှာမှုမရှိဘဲ မိမိအတွက်သာ ကြည့်တတ်ကြသော သားနှင့်သမီးကြောင့် ခံပြင်းရခက်သော်လည်း အပြစ်မတင်လို တော့ပါ။ ကံတရားကိုသာ အပြစ်တင်ရင်း အရာအားလုံးကို အဆင်ပြေစေအောင်သာ ပေး ဆပ်သွားရန်ဆုံးဖြတ်လိုက်တော့သည်။

"အေးပါ...အမေ..အားလုံးကို အဆင်ပြေ အောင် လုပ်ပေးပါမယ်..ကျေနပ်ကြပြီလား"

(၃)

နာရေးစရိတ်များ ချေးယူ၍ လုပ်ခဲ့ရသည်မို့ ပေးရမည့်အကြွေးများကို အရင်ဖယ်လိုက် သည်။ အမှန်အတိုင်းပြောရမည်ဆိုလျှင် ကျန်ငွေများထဲမှ ကိုညွန့်စိန်အတွက် ကုသိုလ် တစ်ခုခုပြုလုပ်ပေးချင်သေးသည်။ သို့သော် ယခုအခြေအနေမှာ မသိတတ်သော သားနှင့် သမီးကြောင့် မတင်မေ၏ စိတ်ကူးများ ပျက်ယွင်းသွားခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် ယခု ဖြစ်ရပ်တွေအပေါ် သွားလေသူ ကိုညွန့်စိန် တစ်ယောက် ကျေနပ်နိုင်မည်ဟု ယုံကြည်မိပါ သည်။

"မတင်မေ..ရှေ့ဆက်ဘာလုပ်ဖို့ စဉ်းစား ထားလဲ"

"မစဉ်းစားချင်သေးပါဘူး မလှမြင့်ရယ်.. ကံအကျိုးပေးအရပေါ့...ဖြစ်လာတဲ့အပေါ်မှာ သာ အကောင်းဆုံးမီးစင်ကြည့်ကရမှာပဲလေ.."

ပြောသာပြောနေရသည်။ မတင်မေ၏ ရင်ထဲတွင်တော့ ကောင်းလှသည်မဟုတ်။ ဆို့နင့်ကြေကွဲခြင်းတွေဖြင့် ပြည့်နှက်နေခဲ့ရ သည်။

"ဟုတ်ပါပြီ မတင်မေရယ်..ကျုပ်တို့ရှိတာ ပဲ ဘာမှအားမငယ်နဲ့..ဒါနဲ့ ညည်းသားနဲ့ သမီး ကတော့ လွန်ပါတယ်အေ..ဖအေတစ်ယောက် လုံးသေတာတောင် သူတို့မို့ ပြောထွက်တယ်.. ရှိတုန်းကလည်း ဘာမှမထောက်ပံ့တဲ့အပြင် ဒုက္ခတွေပဲလာလာပေးကြ.. ကျုပ်နဲ့ မဆိုင်လို့ ငြိမ်နေရတာ..အခုလည်း အမေမုဆိုးမကြီးကို ဘယ်သူတာဝန်ယူမလဲဆိုတာမရှိဘူး..သူတို့ ရလိုမှုတွေကိုပဲ..."

"တော်...တော်..ပါတော့... မလှမြင့်ရယ် ကျွန်မ မခံစားနိုင်တော့လို့ပါ.."

မလှမြင့်၏ စကားများသည် သွေးထွက် အောင်မှန်နေသဖြင့် မတင်မေ ထပ်ပြီးမကြား လိုတော့ပါ။ ပြိုဆင်းလာသော မျက်ရည်စတို့ကို သုတ်ရင်း သက်ပြင်းကိုသာ ချလိုက်မိပါတော့ သည်။

"တောင်းပန်ပါတယ် မတင်မေရယ်..ကျုပ် က မတင်မေကိုသနားလို့ပါ.."

"သိပါတယ် မလှမြင့်ရယ်.. ကျွန်မလည်း ဝဋ်ကြွေးလို့ပဲ သဘောထားပါတယ်..ကိုယ်တိုင် က ကိုယ့်မိဘအပေါ်မသိတတ်ခဲ့တော့ အခုလို ကိုယ့်အပေါ်မသိတတ်တဲ့ သားသမီးတွေနဲ့ ကြုံရတာမဆန်းပါဘူး... ကျွန်မဖြေနိုင်ပါတယ်.. ဒါပေမယ့် ကျွန်မစိတ်မကောင်းတာတစ်ခုပဲရှိ တာပါ..."

"ဘာများလဲ..မတင်မေ.."

"အမြဲတမ်းလည်ပတ်နေတဲ့ မဆုံးတဲ့ သံသရာကြီးမှာ သူတို့တွေလည်း ကျွန်မနေရာ ရောက်တဲ့အခါ ကျွန်မလိုပဲ ဒီလိုဖြစ်ရပ်မျိုး တွေနဲ့ကြုံလာမှာကို စိုးရိမ်မိတာပါ..အဲဒီအခါ မှ သူတို့ကို နောင်တမရစေချင်ဘူး မလှမြင့် ရယ်..ကျွန်မတို့လူသားတွေက ကံကိုပြတ်ဖို့ ထက် ကံကိုဆက်ဖို့ ပြုလုပ်နေကြတော့ ဖြစ်လိုက် ပျက်လိုက်နဲ့ ရှည်လျားနေရဦးမှာ ပဲလေ...ဒါကြောင့် ဘယ်သူမပြု မိမိမှုလို့ပဲ ခံယူ လိုက်ပါတော့တယ်..."

သူ၏ စကားကြောင့် စိတ်မကောင်း ဖြစ်သွားသော မလှမြင့်ကို သတိထားမိလိုက် သည်။ သူလည်း ဘာမှမတတ်နိုင်တော့ပေ။ အကြောင်းကြောင့် အကျိုးဆိုသည့်အတိုင်း အကြောင်းကောင်းအောင် မဆောင်ရွက်ခဲ့၍ အကျိုးပေးမကောင်းခဲ့ဘူးဟူ၍သာ ဖြေသိမ့် လိုက်ရတော့သည်။

(၄)

"သွားတော့မယ် အမေရေ"

"သွားပြီ အမေ" ကမန်းကတမ်း နှုတ်ဆက် ပြီး ပြန်သွားသော သားနှင့်သမီးကို ခေါင်းညိတ် ရုံသာ တုံ့ပြန်လိုက်တော့သည်။ နာရေးကူငွေ များထဲမှ အကြွေးဆပ်ပြီး ကျန်သောငွေများကို သူတို့နှစ်ယောက်အား တစ်ဝက်စီ ခွဲပေးလိုက် သည်။ လိုချင်တာရသည်နှင့် ချက်ချင်းပြန်သွား ကြပြီး အမေအား ကျန်းမာရေးဂရုစိုက်ဖို့ တစ်ခွန်းပင်ပြောမသွားကြသော သားနှင့် သမီး အတွက် စိတ်မကောင်းဖြစ်မိသည်ကတော့ အမှန်ပင်။

ယခုတော့ အိမ်ပေါ်မှာ မတင်မေ တစ်ယောက်တည်းသာ ကျန်တော့သည်။ တိတ်ဆိတ်ခြင်းတွေအပြည့်ဖြင့် အထီးကျန် လွန်းနေသော်လည်း ဖြေနိုင်အောင် ကြိုးစား လိုက်သည်။ သေဆုံးသူ ခင်ပွန်း ကိုညွန့်စိန်ကို တော့ သတိရမိသည်။ ချို့တဲ့စွာ အတူရပ်တည် ခဲ့ပြီး မပြေလည်ခြင်းတွေကြား လင်မယား နှစ်ယောက်အတူ ရှင်သန်ခဲ့ရသည်။ မိဘအပေါ် မသိတတ်သော သားသမီးတွေကိုလည်း အပြစ်မတင်ဘဲ နှစ်ယောက်အတူ နားလည်ပေး နိုင်ခဲ့သည်။

ယခုတော့ သင်္ခါရတရား၏ ခေါ်ဆောင်ရာ နောက်သို့ ကိုညွန့်စိန် လိုက်ပါသွားခဲ့ရသည်။ မတင်မေ တစ်ယောက် ဖြေမဆည်နိုင်ခြင်းတွေ ဖြင့် ကြေကွဲဝမ်းနည်းနေခဲ့ရသည်။ သို့သော် သူမ၏ လက်ကျန်အချိန်တွေကို ဒီအတိုင်း ဝမ်းနည်းနေရုံဖြင့် မပြီးမှန်းသိသည်။

ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသည့် အတိုင်း သူ၏ ကုသိုလ်ကံတရားဟုသာ သတ်မှတ်လိုက်ပါတော့သည်။ သားနှင့် သမီး ကိုလည်း သံသရာတစ်ကွေ့မှာ ပြန်လည်အစား ထိုးခြင်းတွေဖြင့် သူ့ကဲ့သို့ မကြုံစေချင်တော့ ပါ။ ထို့ကြောင့် သူဆုံးဖြတ်ချက်တစ်ခုကို ရဲရဲကြီးချလိုက်တော့သည်။ ကွယ်လွန်သူ ခင်ပွန်းလည်း ကျေနပ်နိုင်မည်ဟုထင်ပါသည်။

(၅)

အရာအားလုံးသည် ငြိမ်းအေးခြင်းအတိ ဖြင့် ရှိနေသည်။ သူ၏ နှလုံးသားသည်လည်း အေးမြခြင်းတွေနှင့် လွှမ်းခြုံလျက်ရှိနေသည်။ ကံတရားတွေကို ထပ်မံပြီး သူ မဆက်ချင် တော့၍ ယခုလိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မဆုံး သောသံသရာလမ်းကြောင်းပေါ်က အလှည့်ကျ ကြုံတွေ့ရမည့် ကံတရားတွေကို ပြတ်တောက် အောင် ကြိုးစားပြီး ငြိမ်းချမ်းရာအစစ်ကိုသာ သူမ ရှာဖွေခဲ့သည့်အတွက်လည်း ကျေနပ်မိပါ သည်။

"သုံးဆယ့်တစ်ဘုံရှိ ဝေနေယျ သတ္တဝါ အပေါင်း ကျန်းမာချမ်းသာကြပါစေ.ဘေးရန် ကင်းကြပါစေ..လိုအင်ဆန္ဒတွေလည်း ပြည့်စုံ နိုင်ကြပါစေ"

သူ၏ရင်ထဲမှ လှိုက်လှိုက်လှဲလှဲဖြင့် ဆုတောင်းလိုက်ခြင်းဖြစ်သည်။ ယခုတော့ သူသည် မတင်မေအဖြစ်မှ သီလရှင်ဆရာလေး ဒေါ်နန္ဒာစာရီအဖြစ် ဘဝလက်ကျန်ကို ခရီး ဆက်ရင်း သံသရာလမ်းကြောင်းပေါ်ဝယ် သေသပ်လှပစွာ ကုန်ဆုံးစေခဲ့တော့သည်။

## မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေး အချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ တိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိ ရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြ ရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြား လိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါ သည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

# စည်းကမ်းရှိပါ

■ ဖိုးပုလဲ(အညာမြေ)

"စည်းကမ်းသည် လူ၏တန်ဖိုး"ဆိုတဲ့ ဆိုရိုးစကားကို လူအများရဲ့ ပါးစပ်ဖျားမှာ မကြာခဏ ပြောဖူးကြတယ် မဟုတ်ပါလား။ ကြားဖူးကြမည်လော။ "စည်း"ဆိုတာ သတ်သတ်မှတ်မှတ်ရှိစေဖို့ အပိုင်းအခြားဖြစ်တယ်။ "ကမ်း"ဟာ ကုန်းနဲ့ရေကို ပိုင်းခြားပေးတဲ့ နေရာဖြစ်တယ်။ စည်းနဲ့ကမ်းကို ပေါင်းစပ်ထားတဲ့ စည်းကမ်းဆိုတာ လူတို့ လိုက်နာဆောင်ရွက်ဖို့ ပိုင်းခြားသတ်မှတ်ထားတဲ့ တာဝန်လို့ အဓိပ္ပါယ်ရပါတယ်။

စည်းကမ်းဆိုတဲ့ စကားနှစ်လုံးဟာ အမြင်(အပြော) လွယ်ကူပေမယ့် လေးလေးနက်နက် တွေးကြည့်တဲ့အခါ တန်ဖိုးအနန္တ အရှိဆုံးအရာဖြစ်ပေ၏။ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးစတဲ့ မည်သည့်အရေးမဆို စည်းကမ်းဟာ အရေးကြီးဆုံးအချက်ထဲမှာ ပါဝင်တယ်လို့ပြောရင် လွဲမည် မဟုတ်ပါ။ အလုပ်မှာလည်း အလုပ်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း စသည်ဖြင့် မည်သည့်နေရာမဆို သူ့စည်းကမ်းနဲ့သူ အသီးသီးရှိပါတယ်။

ငွေဒဏ်၊ ထောင်ဒဏ်၊ နယ်နှင်ဒဏ် စတဲ့ အပြစ်ပေး အရေးယူခြင်းတို့ဟာ စည်းကမ်းကို မလိုက်နာခြင်း (ချိုးဖောက်ခြင်း)တို့ကြောင့်ဖြစ်၏။ ဒါကြောင့် နိုင်ငံတိုင်းမှာ ဥပဒေရေးဆွဲရခြင်းဖြစ်တယ်။ ဥပဒေထုတ်ပြန်ထားခြင်း မရှိတဲ့နိုင်ငံဟာ စည်းကမ်းမရှိဘူး။ စည်းကမ်းရှိတဲ့ နိုင်ငံတိုင်းလည်း တိုးတက်ကြပါတယ်။ စည်းကမ်းရှိခြင်းဟာ မိမိနိုင်ငံရဲ့ဥပဒေကို လေးစားလိုက်နာခြင်းဖြစ်၏။ လူသားပင်မဆိုထားနဲ့ ရဟန်းသံဃာတွေမှာလည်း ဝိနည်းတော်ကို လိုက်နာကျင့်သုံးကြရပါတယ်။ စည်းကမ်းဟာ နေရာတိုင်းမှာရှိ၍ လူတိုင်းစည်းကမ်းရှိဖို့ လိုပါလိမ့်မယ်။

မိသားစုမှ ဆွေမျိုး၊ ဆွေမျိုးမှ ရပ်ရွာ၊ ရပ်ရွာမှ ပြည်နယ်၊ ပြည်နယ်မှ တိုင်းအထိ အဆင့်ဆင့်စည်းကမ်းရှိကြမယ် ဆိုရင် နိုင်ငံတော်ကြီးငြိမ်းချမ်းသာယာမည်မှာ ဧကန်မုချပင်။ လူဆိုတာ တစ်ဦးအပေါ်တစ်ဦး မှီခိုနေထိုင်ရတာဖြစ်လို့ မိဘနဲ့ သားသမီးကြား၊ ညီအစ်ကို မောင်နှမတွေကြား၊ ဆွေမျိုးတွေကြားမှာ စည်းကမ်းဆိုတဲ့ ကြားခံပစ္စည်းလေး ရှိမှ သင့်မြတ်တဲ့(ပျော်ရွှင်မှု)ဂေဟစနစ်ဖွဲ့စည်းတည်ဆောက် နိုင်မှာဖြစ်ပါတယ်။

စည်းကမ်းရှိပါဆိုပေမယ့် စိတ်ဓာတ်ကောင်းဖို့လည်း လိုပါသေးတယ်။ အဲဒါကြောင့် စာသင်ကျောင်းတွေမှာ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုတဲ့ ဆောင်ပုဒ်ချိတ်ဆွဲထားတာဖြစ်တယ်။ ကျောင်းစည်းကမ်း မလိုက်နာတဲ့ ကျောင်းသားဆိုရင် ဆရာ ဆရာမ မချစ်ခင်သလို ပညာလည်း တတ်မြောက်လိမ့်မည်မဟုတ်။ လူမှုအဖွဲ့အစည်းတွေမှာလည်း ပါဝင်ဆောင်ရွက်နိုင်ဖို့ဝေးသေး။ အဲဒီလို ကျောင်းသားမျိုးအတွက် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုတာ ဘယ်မှာညီနိုင်တော့မည်နည်း။

အမှိုက်ကင်းစင်ပပျောက်ရေးတွင်လည်း ရှေ့က ကောက် နောက်ကရောက်နဲ့ မကြာမီပင် လမ်းတွေဟာ ထိုနည်းလည်းကောင်း အမှိုက်များ ရှုပ်ပွပြန်သည်မှာ ယနေ့ထိပင်။

ပြည်သူတိုင်း စည်းကမ်းရှိမှ ကျေးလက်မှသည် မြို့ပြအထိ သန့်ရှင်းသာယာပြီး တိုင်းပြည်အရောင်လက်မှာ ဖြစ်ပါတယ်။

အိမ်ထောင်စုတစ်စုမှာ ယောကျ်ားဖြစ်သူက နေ့စဉ်ဝင်ငွေရှာ။ မိန်းမဖြစ်သူက ဝင်ငွေထွက်ငွေမမျှတအောင်သုံးနေမယ်ဆိုရင် သဲထဲရေသွန်သလို တိုးတက်ကြီးပွားနိုင်မည် မဟုတ်ပါ။ စေ့စေ့တွေးကြည့်လိုက်တော့ "စီးတဲ့ရေ ဆည်တဲ့ ကန်သင်း"ဆိုတဲ့စကားဟာ မိသားစုအတွက် စည်းကမ်းဖြစ်တယ်လို့ ထင်မိပါတယ်။ ဒါကြောင့် "စည်းကမ်းရှိမှ တိုးတက်ရ"လို့လည်း ဆိုကြပြန်တယ်။

လတ်တလောအခြေအနေရ ကမ္ဘာ့တစ်လွှား တုန်လှုပ်ခြောက်ခြားနေတဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပြည်သူတွေ စည်းကမ်းရှိရှိနေထိုင်ဖို့ အစိုးရက ဒေသန္တရအမိန့်တွေ ထုတ်ပြန်ကြေညာထားပါတယ်။ "စည်းကမ်းလိုက်နာဘေးကင်းကွာ"တဲ့။ တစ်ယောက်ချင်းစီ စည်းကမ်းရှိရှိ နေထိုင်မှသာ အများပြည်သူ ဘေးဒုက္ခကင်းလွတ်မှာဖြစ်သလို ရောဂါအန္တရာယ်ကို နှိမ်နင်းတိုက်ထုတ်နိုင်မှာလည်းဖြစ်ပါတယ်။ ဒီအချိန်တွင် "စည်းကမ်းဟာ ဆေးတစ်ပါး"လို့ ပြောရင်လည်း မှားမည်မထင်ပါ။

အွန်လိုင်းမှာ ဗီဒီယိုဖိုင်တွေ၊ ဓာတ်ပုံတွေ မြင်တွေ့ရတော့ လွန်စွာ စိတ်မကောင်းဖြစ်မိပါတယ်။ အထူးသဖြင့် ဈေးသွားဈေးလာတွေနဲ့ ဈေးရောင်းသူတွေပါ။ နှာခေါင်းစည်းတပ်ဆင်ပါဆိုတော့ နှာခေါင်းစည်းကို တချို့လည်း တပ်ဆင်ထားပါတယ်။ တချို့ကြပြန်တော့ လုံးဝတပ်ဆင်ခြင်းမရှိပါ။ ဒါ့အပြင် တပ်ဆင်ထားတဲ့ လူတချို့ ကြည့်လိုက်တော့လည်း မေးအောက်မှာ စွပ်ထားတယ်။ ခြောက်ပေကွာဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်လည်း မလိုက်နာပြန်ပါဘူး။ လူစုလူဝေးနဲ့ အလုအယက် ဈေးဝယ်နေကြပါတယ်။ ဈေးတန်းကြီးမှာ သောက်သောက်လဲ စည်းကားနေလိုက်ပုံများ ပွဲဈေးကဲ့သို့ပင်။ ဈေးရောင်းမကောင်းတဲ့ ဆိုင်တွေကြည့်မိတော့ "လက်ဆေးဝင်ပါ။ စည်းအပြင်မှ ဈေးဝယ်ပါ"ဆိုတဲ့ စာတွေ ချိတ်ထားတာကြောင့်ပေါ့။ စည်းကမ်းမလိုက်နာတဲ့ သူတွေကြောင့် စည်းကမ်းလိုက်နာတဲ့ ဈေးဆိုင်တွေ ဈေးရောင်းမကောင်းဖြစ်နေပါတယ်။

အချုပ်တန်းဆရာဖေရဲ့ တေးထပ်ကိုလည်း တစ်ပိုင်းတစ်စ တင်ပြပါရစေ။

"မြန်မာတွေ စည်းကမ်းဖောက်လို့
ထီးနန်းပျောက်ဖြစ်ပြီ
မှီးငြမ်းထောက် အသစ်မှီတယ်
ညစ်ပလီလူမျိုး။
မိပစ်လို့ ဖရှောင်သွေသည်
ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး။

သီပေါမင်းပါတော်မူပြီးနောက် မြန်မာလူမျိုးအချို့ ဝိသမလောဘများ ဖုံးလွှမ်းခြင်း(စိတ်ဓာတ်ညံ့ဖျင်းခြင်း)၊ စည်းကမ်းမရှိခြင်းတို့ကို မျက်စိကိုက်လာသဖြင့် စောင်းမြောင်းဖွဲ့ဆိုထားခြင်း ဖြစ်ပါတယ်။ "စည်းကမ်းဖောက်ရင် ထီးနန်းပျောက်မယ်"ဆိုတဲ့ စကားဟာ ၎င်းအချိန်မှစ၍ ဆင်းသက်လာခြင်းဖြစ်တယ်။

ကျွန်တော် မကြာခဏကြားဖူးနေရတဲ့ စကားလေး တစ်ခွန်းရှိပါတယ်။ "အဲ့ဒီအိမ်ကပစ္စည်းဆို ဘာမှမငှားနဲ့ စည်းကမ်းကြီးတယ်"တဲ့။ ဒီစကားဟာ စည်းကမ်းမရှိတဲ့ လူတွေရဲ့ ပြောစကားပါ။ မိမိကိုယ်တိုင်ကစည်းကမ်းရှိတဲ့ သူဆိုရင် မငှားရဲစရာအကြောင်းမရှိပေ။ တချို့လူတွေက ပစ္စည်းတစ်ခုကို ငှားရမ်းတယ်။ အချိန်မှန် ပြန်မပေးကြဘူး။ မငှားပြန်ရင်လည်း စိတ်ဆိုးကြတယ် မဟုတ်လား။ ကိုယ်ကစည်းကမ်းမရှိလို့ မငှားချင်တာလို့ ဘယ်တော့မှ တွေးကြမှာ မဟုတ်ပါဘူး။ နောက် အဝတ်အစားအသုံးအဆောင်ပစ္စည်းများ ရုတ်တရက် ရှာမတွေ့တဲ့အခါ လူကြီးသူမများ ငေါက်လေ့ရှိပါတယ်။ "စည်းကမ်းမှ မရှိတာကို ဘယ်တွေ့မလဲ"တဲ့။ စည်းကမ်းရှိသူအဖို့ မည်သည့်နေရာထားတယ်ဆိုတာ လွယ်လင့်တကူ တွေ့နိုင်ပါတယ်။

အရာရာတိုင်းကို စည်းကမ်းထားပါ။ စည်းကမ်းဖြင့် လူ့တန်ဖိုးကို မြှင့်တင်ပါ။ နိုင်ငံ့ဂုဏ်ကိုဆောင်ပါ။ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့ တစ်ယောက်ချင်းစီ စည်းကမ်းရှိပါ။ "ခေါင်မိုးလုံမှ ကြက်အက်လုံမယ်"တဲ့။ လူကြီးတွေ စည်းကမ်းရှိမှ လူငယ်တွေ စည်းကမ်းရှိပါလိမ့်မယ်။ လူတိုင်းလူတိုင်း စည်းကမ်းကိုယ်စီရှိကြပါဟု ဆန္ဒပြုရင်း....။ ။

## ဆရာဟုခေါ်သည်

နာသုံးနာဖြင့် အရင်းထူ
ဖြောင့်မတ်လျှောက်လှမ်းသူ။
အမည်းအဖြူ မခွဲခြား
သင်ပြတပည့်သား။
အသိတရား မေတ္တာရေ
ဆင့်ကမ်းပညာဝေ။
ကျေးဇူးဂုဏ်တွေ အနန္တ
နှိုင်းဆမှုကင်းပ။
မပျက်မယွင်း သူ့ဝန်တာ
အမွေပေးပညာ။
သွေးသားရင်းချာ ရင်ဝယ်ထွေး။
အန္တရာယ်တားပေး။
တပည့်အရေး ရှေးရှုဆောင်
ညွှန်ပြလမ်းမှန်အောင်။
စည်းကမ်းတွင်းဘောင် နေထိုင်ဖို့
သွန်သင်ဆုံးမလို့။
ချစ်တပည့်တို့ မှတ်သားနော်
လောကဇာတ်ခုံပေါ်။
မှန်စွာတွေးခေါ် စာနာပေး
တိုးတက်အောင်မြင်ရေး။

စျာန်လေး(ပညာရေး)

## သစ်ပင်စိုက်ပျိုး တို့လူမျိုး

ကမ္ဘာမြေပြင် စိမ်းစိုရေး
အားလုံးစွမ်းဆောင်ပေး၊
အပင်လေးများ ပျိုးလို့ရယ်
စုဆောင်းထားကြမယ်။
မိုးရွာရင်ကွယ် ထုတ်ကာစိုက်
မြို့ ရွာ နားတစ်ဝိုက်၊
အမှိုက်ဆွေးနဲ့ နွားချေးခံ
စိုက်ပျိုးကြချိန်မှန်။
ရှင်သန်နိုင်ရန် အလေးထား
စိုက်ပါလူအများ၊
တစ်ယောက်အားမှ တစ်ရာပါ
သစ်တောဖြစ်နိုင်တာ။
မိုးကာလဟာ လူတိုင်းတွက်
ပျိုးပင်စိုက်တဲ့ရက်၊
မပျက်မကွက် စိုက်စို့လေ
လူတို့တာဝန်ပေ။
သစ်ပင်တွေကို နှစ်စဉ်ပျိုး
ရွှေတိုက်ကြီးကိုစိုး၊
တို့လူမျိုးရဲ့ ဝါသနာ
အပင်စိုက်ရတာ။
အနာဂတ်မှာ စိမ်းလန်းဖို့
သစ်ပင်စိုက်ကြစို့။ ။

မောင်လှစိုး

# အတု အစစ်

■ မင်းနိုင်(ဓ.စ)

ဒီမနက် အိပ်ရာနိုးနိုးချင်း ကျွန်တော့်ခေါင်းထဲ ဝင်လာတာက လွန်ခဲ့သော တစ်နှစ်ကျော်လောက်က မုံရွာမြို့မှ ဝယ်လာသော ယုန်လေးနှစ်ကောင်အကြောင်းပဲဖြစ်သည်။ ဘာမှတော့ မဆိုင်ပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဘဝင်မကျဖြစ်နေမိခဲ့သည်။ ဝယ်လာခဲ့တုန်းကတော့ ကျွန်တော် အင်မတန် မြတ်နိုးမိသည်။ သို့သော် ယခုတော့ ထိုယုန်လေးနှစ်ကောင်ကို ကြည့်ကြည့်ပြီး ဘာကို ကျွန်တော် ဘဝင်မကျဖြစ်နေသလဲမသိ။

စားပွဲပေါ်မှာတင်ထားတဲ့ ယုန်လေးနှစ်ကောင်ကို သေချာကြည့်မိတော့မှ တော်တော်လေး သနားစရာကောင်းမှန်း သိလိုက်ရသည်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့နှစ်ကောင်မှာ အစာလည်းမစားရ၊ ရေလည်းမသောက်ရဘဲ ဒီအတိုင်းလေးပဲ စားပွဲပေါ်မှာ တစ်နှစ်ကျော်လောက်ရှိနေခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ သူတို့နောက်က အုန်းပင်အတုကို မြင်မိတိုင်း ကျွန်တော့်ရင်ထဲ ဆို့ဆို့နင့်နင့်ကြေကွဲရစမြဲဖြစ်သည်။ တကယ်တော့ ခရုခွံနှစ်ခုကို ပုံသွင်းပြီး အလှဆင်ထားတဲ့ ဒီယုန်လေး နှစ်ကောင်ကလည်း အတုပါပဲ။ သူတို့ရှေ့မှာ မြက်ပင်စိမ်းစိမ်းလေးနှစ်ပင်တောင်ပါလိုက်သေးသည်။ ပြီးတော့ ပန်းကလေးနှစ်ပွင့် ပွင့်နေသည်။ အစစ်ဆိုရင် သိပ်လှမှာ အမှန်ပင်ဖြစ်သည်။

ကျွန်တော်သည် အစစ်ထက် အတုကို ဘာကြောင့် မြတ်နိုးနေမိသလဲဆိုတာ ယခုထိ အဖြေရှာ၍ မရဖြစ်နေတုန်းပဲဖြစ်သည်။ ကျွန်တော် ပန်းချီကားတွေကို ချစ်သည်။ သဘာဝရှုခင်းများပါသည့် ပန်းချီကားများဆိုလျှင် ကျွန်တော် ပို၍မြတ်နိုးနေမိသည်။ ပန်းချီကားထဲတွင် ဝါးပင်နှင့် ငှက်ကလေးများပါလျှင် ကျွန်တော်ဝယ်ပြီး တယုတယနဲ့ သိမ်းထားမိသည်။ ကျွန်တော့်အိမ်၏ နံရံများကို အလှဆင်ထားသည်မှာလည်း ဝါးပင်စိမ်းစိမ်းများဖြင့် အလှဆင်ထားသည်။ နံရံကိုကြည့်မိတိုင်း ကျွန်တော်ကိုယ်တိုင် ဝါးတောထဲရောက်သွားသလို ခံစားမိသည်။ ထိုနည်းလည်းကောင်း နံရံမှာချိတ်ဆွဲထားသော ဝါးပင်နှင့် ငှက်ကလေးများပါသည့် ပန်းချီကားကို ငေးကြည့်မိတိုင်း ငယ်ဘဝ အညာကျေးလက်ဒေသ ကျွန်တော်၏ဇာတိမြေကို ရောက်သွားသလို ခံစားမိပါသည်။ သို့သော် အစစ်တော့မဟုတ်။ အတုဖြစ်နေသည်။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ထိုခံစားမှုသည် ချိုမြိန်သလိုရှိ၏။

ယနေ့အချိန်အထိ ကျွန်တော် ကမ်းခြေကို တစ်ခါမျှ မရောက်ခဲ့ဖူးပါ။ ငွေဆောင်ကမ်းခြေ၊ ငပလီကမ်းခြေ ဝေလာဝေး။ ပင်လယ်ဆိုတာတောင် တစ်သက်နဲ့တစ်ကိုယ် တီဗီဖန်သားပြင်ပေါ်၌သာ ကျွန်တော် မြင်တွေ့ခဲ့ဖူးခြင်းဖြစ်ပါသည်။ သို့ပေမယ့် ကျွန်တော့်ရင်ထဲမှာ ပင်လယ်အငွေ့အသက်တွေ ရှိနေသည်။ ပင်လယ်ကမ်းခြေမှာရှိတဲ့ သဲသောင်ပြင်ကလေးမှာ နေပူဆာလှုံရင်း ကျွန်တော် တစ်ယောက်တည်း ပင်လယ်ကြီးရဲ့အလှတရားကို သဘာဝ အုန်းရည်ချိုချိုလေးသောက်ရင်း ခံစားကြည့်မိသည်။ ပင်လယ်ကြီးထဲမှာ ငါးဖမ်းလှေကလေးတွေ တရိပ်ရိပ်နဲ့ ရွေ့လျားနေကြသည်။ ကျွန်တော့်ခေါင်းပေါ်မှာ ဇင်ယော် ငှက်ကလေးတွေ ပျံဝဲနေကြသည်။ ပင်လယ်ကမ်းခြေကို ကိုယ်တိုင်ရောက်နေသလိုမျိုး ကျွန်တော်ခံစားမိသည်။ ဘာကြောင့်လဲဆိုတော့ စားပွဲပေါ်မှာတင်ထားတဲ့ ပင်လယ်ခရုခွံ၊ ယောက်သွားခွံများဖြင့် ပုံဖော်အလှဆင်ထားသော ထိုသက်မဲ့ ယုန်အရုပ်လေးနှစ်ကောင်ကြောင့်ပဲ ဖြစ်သည်။ ကျွန်တော်သည် အစစ်ထက်အတုကို မြတ်နိုးနေခဲ့မိသည်မှာ အကြောင်းပြချက်မရှိ ခံစားမှုသက်သက်မျှသာဖြစ်၏။

ယခုဆိုလျှင် အတုခံစားမှုတွေဟာ ပို၍အားကောင်းလာနေတာ တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ဆံပင်အတု၊ မျက်နှာအတု၊ ခန္ဓာကိုယ် အစိတ်အပိုင်းအတု၊ လူအတု၊ အိမ်အတု၊ မီးအတု၊ ရေအတု၊ လေအတု၊ သဘာဝအတု၊ သစ်ပင်အတု၊ ပန်းပင်အတု၊ ကမ္ဘာအတုနှင့် လရောင်အတု...စသည့် စသည့် အတုများမှာ ပိုမိုတွင်ကျယ်လာခဲ့သည်။ လူအများကြားမှာ ထင်ပေါ်ကျော်ကြားလာခဲ့သည်။ တစ်နည်းအားဖြင့် လူအသုံးပြုမှုများလာပြီး ခေတ်စားလာသည်ဟု ဆိုရမည်။ ကမ္ဘာပေါ်တွင် လူသားတွေအတွက် နေရာကျယ်ပြန့်လာတာနဲ့အမျှ တချို့သက်ရှိသတ္တဝါတွေအတွက်တော့ နေရာကျဉ်းမြောင်းလာသလိုပဲ အတုတွေ များလာတာနဲ့အမျှ အစစ်တွေဟာ တဖြည်းဖြည်း မှေးမှိန်လာခဲ့ရသည်။ တချို့က ကမ္ဘာပေါ်မှာ ရှင်သန်ရပ်တည်နိုင်ရန် အမည်နာမရှိကြသည်။ တချို့ကတော့ ဘဝရှင်သန်ရပ်တည်ရင်း သူ့ကိုယ်သူ ဘယ်သူဆိုတာတောင် သေချာမသိလိုက်ဘဲနဲ့ သေဆုံးသွားကြရပါသည်။ ကျွန်တော်တို့က တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်ကြရင်း အိပ်မက်တွေကို အကောင်အထည်ဖော်ပြီး ကမ္ဘာကြီးကို ပုံဖော်နေကြတယ်လို့ ထင်နေကြသည်။ တကယ်တော့ ကျွန်တော်တို့က ကမ္ဘာကြီးကို ပုံဖော်ပေးနေခြင်းမဟုတ်။ ကမ္ဘာကြီးကသာ ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ပုံဖော်ပေးနေခြင်းသာဖြစ်၏။

ကျွန်တော် စဉ်းစားကြည့်မိသည်။ အကယ်၍ ကျွန်တော်ကိုယ်တိုင် နံရံတွင်ချိတ်ဆွဲထားသော ဝါးပင်နှင့်ငှက်ကလေးတွေရှိသည့်နေရာသို့ ရောက်သွားခဲ့လျှင် ထိုသို့ခံစားမှုမျိုး ပေါ်လာနိုင်ပါဦးမလား။ ကျွန်တော်ကိုယ်တိုင် နံရံတွင် ကပ်ထားသော ဝါးတောကြီးထဲ ရောက်သွားခဲ့လျှင် ထိုသို့ ခံစားမှုမျိုး ရှိလာနိုင်ပါဦးမလား။ ကျွန်တော်ကိုယ်တိုင် ပင်လယ်ကမ်းခြေသို့ ရောက်ခဲ့လျှင် ယခုလို ခံစားမှုမျိုး ထပ်ပြီးဖြစ်ပေါ်လာနိုင်ပါဦးမလား။ သေချာတာတစ်ခုက အတုနဲ့အစစ်ဝေခွဲမရသ၍တော့ အစစ်က အတုလောက်တော့ ခံစားမှုအားပိုကောင်းနိုင်လိမ့်မည်ဟု ကျွန်တော် မထင်ပါ။ ။

ဝတ္ထုတို

## အံ့ဘုန်းလူ

(၁)

"ဗျို့ ဒေါ်အေး ဘာချက်"

"ရာအိမ်မှူးပါလား မနက်က မိသင်းလေ စီပီကြက်သားရောင်းမကုန်လို့တဲ့ တစ်ဆယ်သား ငါးရာနဲ့ အတင်းလက်ဆောင်တင်လို့ ဝယ်ပြီး ပြုတ်ကြော်လုပ်ထားတယ်"

အမှန်တော့ကြွားချင်လို့သာ ကြွားတာ၊ ပိုက်ဆံပေးစရာမရှိလို့ အပင်ကဆူးပုပ်နှစ်ဆယ်သားနဲ့ လဲရတာ ဟိုကသနားလို့ ငါးရာပဲယူသွားတာ။

"ဟင်းကောင်းပဲ၊ ကြော်နိုင်တာ ဆီပေါလို့ ဖြစ်မယ်"

"ဟုတ်ပါ့ တူတော်မောင်ငခွေးလေ၊ ဆီငါးဆယ်သား လာပို့သကွဲ့၊ သူတို့ရွာမှာ မြေပဲဆီစစ်စစ် တစ်ပိဿာ ၇၀၀၀တဲ့ လာစပ်နေလို့၊ တစ်ပုံးမှာထားလိုက်တယ် ဘယ်နေ့လာပို့မလဲ မသိဘူး"

ဒေါ်အေးတို့ ကြွားချက်ကတော့ ငခွေးလည်း မလာ၊ ဆီလည်းမပါ၊ စီပီကြက်က သူ့အလိုလိုဆီထွက်နေတာ။


"ဒါနဲ့ဒေါ်အေးရေ-လယ်ချောင်းမရှိတော့ ဆန်ကျ ဝယ်စားပေ့ါ ဟုတ်လား"

"အင်းပေ့ါ ရာအိမ်မှူးကလည်း ဝယ်စားပေ့ါ၊ ဒါပေမယ့် မပူရပါဘူး၊ မလေးက တူတော်မောင် သူ့သူငယ်ချင်းဆန်ဆိုင်မှာ တစ်နှစ်စာ ဝယ်ပေးထားမတဲ့ လေးအိတ်ဆို လောက်တာကိုး။"

အော် မနေ့ကမှ ခြံထွက်ဆူးပုပ်နဲ့ ကင်ပွန်းချဉ်ရွက်ရောင်းတာ ဆန်ပေးလိုက်လို့ နို့ဆီ လေးလုံးလောက် ရှိတာများ။

အပျိုကြီးဒေါ်အေး အကြွားသန်မှန်း သိပေမယ့် ဟုတ်လောက်ချေရဲ့ပေ့ါ။ အိမ်နဲ့ခြံနဲ့ ရွှေနဲ့ပဲလေ တစ်ယောက်တည်းနေတာ ဘာပူစရာရှိမှာလဲပေ့ါ၊ အဲဒီလိုတွေးရင်း နှုတ်ဆက်ပြန်ခဲ့တယ်။

"ပြန်ပီဒေါ်အေးရေ"



(၂)

ကျေးရွာသူ ကျေးရွာသားအပေါင်းတို့ ခင်ဗျား..

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်နိုင်ငံတင်းကာကွယ်ရေးအတွက် အောက်ပါစည်းကမ်းချက်များ လိုက်နာရန်လိုအပ်ပါသည်။ ကျေးရွာအုပ်စု ပရဟိတလူငယ်လေးများက ရွာလှည့်နှိုးဆော်သံကို ဒေါ်အေး ကြားတစ်ချက်မကြားတစ်ချက်နှင့် အားအားယားယား သူတို့ပဲကိုမြင့်နိုင်ကြီး ကြောက်ရသတဲ့။

ဒေါ်အေးဆိုတာက အသက်(၅၀)ကျော် အပျိုကြီးပါ၊ တစ်ဦးတည်းသောသမီးမို့ မိဘတွေ ကျန်ခဲ့သမျှ သူ့တစ်ယောက်တည်း အမွေရတာ၊ ကျွန်းအိမ်ကြီးကတစ်လုံး၊ တစ်ဧကနီးနီးကျယ်တဲ့ အိမ်ခြံမြေက တစ်ကွက်။ အိမ်ကြီးကတော့ ရောင်းပြီး အိမ်သေးလေး ဆောက်နေတာ၊ ခြံထဲမှာစားပင်တွေ ရာသီအလိုက်စိုက်၊ ခုအသက်ကြီးလို့ သိပ်မလုပ်နိုင်တော့ ဝင်းခြံလေး ဖွဲဖွဲရောင်းစားနေတာ ဟန်ရေးမပျက်လေ၊ မြေတစ်တောင် နှစ်သိန်းတောင် ရတာကိုး။

အသီးအရွက် ရွာထဲ လှည့်ရောင်းတာနဲ့ သီတင်းပတ်တိုင်း ရွာဦးကျောင်းသွား ဥပုသ်စောင့်တာကလွဲလို့ အများနဲ့သိပ်မရောတတ်။ သူ့အိမ်မှာ တီဗွီမရှိ၊ မီတာမရှိ၊ဆွေမျိုးသားချင်း အရင်းအချာလည်းမရှိ။ သာရေးနာရေးဘာမှမကူ၊ သူ့ခြံထွက်အသီးအနှံလေးတွေတော့ လှူပါရဲ့။ လောကနဲ့အဆက်ဖြတ်နေသူ။

(၃)

တစ်ပတ်လောက်အကြာ ဒေါ်အေး တစ်ယောက် သရက်သီးမှည့်လေး တောင်းထဲထည့်၊ ရွာလှည့်ရောင်းဖို့ အိမ်ရှေ့အထွက်၊ လက်တွန်းလှည်းပေါ်မှာ ဆန်အိတ်၊ ဆီပုလင်း၊ ကြက်သွန်နီ၊ ပဲထောပတ်တွေတင်ပြီးတွန်းလာတာတွေ့တော့၊ စပ်စုချင်လာတယ်။

"ဟဲ့ကလေးတွေ အဲဒါတွေက ဘာလုပ်ဖို့ တုန်း ဘုန်းဘုန်းကျောင်းလှူဖို့လား"

"ဗျာ မဟုတ်ဘူး အန်တီအေးရဲ့ ရွာထဲက လက်လုပ်လက်စားတွေကို အစိုးရက ထောက်ပံ့တာတွေလေ တစ်အိမ်ကို ဆန်ရှစ်ပြည်၊ ဆီတစ်ပုလင်း၊ ပဲတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာပေးတယ်လေ"

"ဟယ် ငါ့ကျ မရဘူးလားဟဲ့ ငါလည်း လက်လုပ်လက်စားပဲ"

"ဟုတ်ကဲ့ ဒီမှာတော့ အန်တီအေး နာမည်မပါဘူး ရာအိမ်မှူးကို မေးကြည့်လေ ကျွန်တော်တို့က စာရင်းအတိုင်းလိုက်ပို့ရတာ"

ဒေါ်အေးတစ်ယောက် နားမလည်နိုင်၊ လုပ်နိုင်ကိုင်နိုင်သော လင်စုံမယားဖက်တွေပါပြီးမှ သူဘာလို့မပါပါလိမ့်။ သရက်သီးတောင်းဆောင့်ရွက်ရင်း ရာအိမ်မှူး အိမ်ရှေ့ရောက်တော့..

"ဒေါ်အေး ခင်ဗျားစာရင်းမပါလို့ လာမေးတာလား"

ရာအိမ်မှူးက ဆီးမေးလိုက်တယ်။

"ဟုတ်သဟေ့.."

စိတ်ကတိုနေပြီ။

"ဗျာ ဟိုတစ်လောက ကျွန်တော် လာမေးတော့ ခင်ဗျားမှာ ဆန်ဆီအပြည့်ဆို၊ တစ်နှစ်စာ မပူမပင်ရဘူးဆို၊ မရှိမပြည့်စုံတဲ့လူတွေဦးစားပေးရတာဗျ"။

ဒေါ်အေးခမျာ ကိုယ့်အကြွားနဲ့ကိုယ် မိပါလေရော။

"ဟော့ ငါကမှာထားတယ်ပြောတာ ခုမရှိမရသေးဘူး တစ်နပ်စာတစ်နပ် မနည်းရှာစားနေရတာ နင်ပဲမသိတာ တစ်ရွာလုံးအသိဟဲ့"။

"အမလေး ဒေါ်အေးရယ် ဒီလောက်ခြံကျယ်ပျဉ်ထောင် သွပ်မိုးအိမ်နဲ့ နေတာ တစ်ယောက်တည်း ဘာပူစရာရှိလို့လဲ"။

"တစ်ယောက်ထဲက ပိုပူရတာပေ့ါ၊ ခြံဆိုတာ ဖွဲ့ဖွဲ့ရောင်းစားနေရတာ အိမ်နားက လူမေးကြည့်အုံး"။

"အင်းပါ ဒေါ်အေးရယ် ခင်ဗျားလည်ပင်းက ဆွဲကြိုးကြီး ခုနေဖြုတ်ရောင်းရင် အနည်းဆုံးသိန်းသုံးဆယ်လောက်ရမှာနော်"

အဲလိုပြောလိုက်မှ ဒေါ်အေးတစ်ယောက် ဆွေ့ဆွေ့ခုန်ပါလေရော၊ သရက်သီးတောင်းခေါင်းပေါ်က ပစ်ချ၊ လည်ပင်းကဆွဲကြိုးချွတ်ပြီး ရာအိမ်မှူးကို ပစ်ပေါက်လိုက်တယ်။

"ဒါလား အတုကြီးဟဲ့ အတုကြီး"။

ဟောဗျာ။ ။

ဆောင်းပါး

## ဆုဝေ(စစ်ကိုင်း)

# မေးခွန်း

လူတွေအတော်များများဟာ သူများကိုသာ မေးခွန်းမေးတတ်ကြပြီး ကိုယ်ကိုယ်တိုင်က မေးခွန်းတွေနဲ့ဝေးရာကို ရှောင်ထွက်ချင်သူတွေ ပိုများပါတယ်။ မေးခွန်းတွေနဲ့ ဝေးရာကို ရှောင်ထွက်ချင်သူတွေထဲမှာ စာရေးသူလည်း ပါဝင်ခဲ့ဖူးသူ တစ်ယောက်ပါ။ လူတိုင်းရဲ့ဘဝမှာ မေးခွန်းတွေဆိုတာ အထူးအဆန်းကြီး မဟုတ်ကြပါဘူး။ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ကြပါတယ်။ လူတစ်ယောက်ဟာ အရွယ်ရောက်လာပြီဆိုတာနဲ့ စာသင်ကျောင်းရှိရာဆီကို ဦးလှည့်ကြရပါတယ်။ စာသင်ကျောင်းက သင်ပေးတဲ့ပညာတွေကို လေ့လာသင်ယူရင်း ဆရာများရဲ့မေးခွန်းတွေ၊ အတန်းတင်စာမေးပွဲရဲ့မေးခွန်းတွေကို ဖြေဆိုကြဖူးသူတွေ ဖြစ်ကြပါတယ်။ ဒီတော့ မေးခွန်းတွေဆိုတာ ကိုယ့်အတွက် မထူးဆန်းတော့သလို စိမ်းစိမ်းကားကားလည်း ရှိမနေကြပါဘူး။ ဒါပေမယ့် ကျောင်းစာသင်ခန်းထဲက မေးခွန်းမျိုးမဟုတ်တဲ့ ဘဝထဲကမေးခွန်းတွေကတော့ ထူးဆန်းနေမှာ သေချာပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ဘဝထဲကမေးခွန်းတွေကို လူတိုင်းမမေးကြသလို လူတိုင်းလည်း မဖြေဆိုရဲကြလို့ပါ။ ဒါတင်မက ဘဝထဲကမေးခွန်း ဘဝမေးခွန်းတွေဟာ လူသားတစ်ယောက်အတွက် ဘယ်အတိုင်းအတာထိ အရေးပါနိုင်လဲ။ ဘယ်လောက်တောင်မှ အရေးကြီးနေတာလဲ။ ဘာတွေဘယ်လိုမေးပြီး ဘယ်လိုဖြေမလဲဆိုတာကိုလည်း လေးလေးနက်နက်တွေးမိကြသူတွေ နည်းပါးနေပါလိမ့်မယ်။

ကျောင်းစာသင်ခန်းထဲက မေးခွန်းတွေနဲ့ ဘဝထဲက မေးခွန်းတွေဟာ မေးသူဖြေသူ မတူညီကြပါဘူး။ စာသင်ခန်းထဲမှာက ဆရာ ဆရာမတွေက မေးခွန်းထုတ်ပြီး တပည့်ကျောင်းသား ကျောင်းသူတွေက ဖြေဆိုရပါတယ်။ သူများက မေးတာကို ကိုယ်ကဖြေရတာမျိုးလို့ ဆိုရမှာပါ။ ဘဝထဲက မေးခွန်းတွေကတော့ ဘယ်သူကမှ လာမမေးသလို ဘယ်သူ ဖြေဆိုပါ ဘယ်ဝါဖြေဆိုပါလို့လည်း ခိုင်းလို့ရမှာမဟုတ်ပါဘူး။ ဘဝထဲကမေးခွန်းတွေဟာ ကိုယ်တိုင်မေးပြီး ကိုယ်တိုင်ဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ ဘဝထဲကမေးခွန်းကို တခြားသူတစ်ယောက်က မေးခွန်းထုတ်လာပြီး တစ်ပါးသူကို ဖြေဆိုခိုင်းခဲ့ရင်လည်း အဲဒီမေးခွန်းဟာ လေးလေးနက်နက်တန်ဖိုးထားဖို့ ခက်ခဲနေပါလိမ့်မယ်။ "ဘဝထဲက မေးခွန်းတွေဟာ ကိုယ့်ရဲ့အတွေး ကိုယ့်ရဲ့အမြင် ကိုယ့်ခံစားချက် ကိုယ်ပိုင်အသိဉာဏ်နဲ့ ကိုယ်တိုင်မေးခွန်းထုတ်ရပြီး ဖြေဆိုတဲ့အခါ ကိုယ်မေးတဲ့မေးခွန်းကို ကိုယ့်ခံစားချက် ကိုယ့်အသိဉာဏ်နဲ့ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ပြီး ကိုယ့်ဘာသာဖြေဆိုရတာပါ"။

ဘဝထဲကမေးခွန်းတွေဟာ အင်မတန် လေးနက်ခံ့ညားလွန်းပါတယ်။ ကိုယ့်ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေသလို ပစ္စုပ္ပန်နဲ့အနာဂတ် ဒီဘဝကနေ နောင်သံသရာအထိပါ အရေးပါအရာရောက်လို့နေပါတယ်။ လူသားတစ်ယောက်ဟာ ဘဝမေးခွန်းတွေကို မေးတဲ့ဖြေတဲ့အကျင့်လေးကို ထားရှိသင့်တာ အမှန်ပါပဲ။ ဘဝမေးခွန်းတွေကို မေးနေသူ ဖြေနေသူတွေဟာ အမှားနည်းပြီး အမှန်တရားကို မြတ်နိုးတန်ဖိုးထားတတ်လာပါလိမ့်မယ်။ ကျရှုံးခြင်းကိုကုစားနိုင်ပြီး အောင်မြင်ခြင်းရှိရာကို ရောက်နိုင်ပါလိမ့်မယ်။ ညစ်ပေနေတဲ့ စိတ်ဓာတ်တွေကင်းစင်ပြီး ဖြူစင်နေတဲ့စိတ်နှလုံးကို ပိုင်ဆိုင်လာပါလိမ့်မယ်။ ဘဝဟာကောက်ကွေ့ခြင်းတွေ ကင်းဝေးပြီး ရိုးသားဖြူစင်ခြင်းတွေကို မြတ်နိုးလာပါလိမ့်မယ်။ ဒါကြောင့်မို့ မေးပါ။ ဘဝမေးခွန်းတွေကို များများမေးပါ။ မေးပြီးသွားတဲ့ ဘဝမေးခွန်းတွေကို သတ္တိရှိရှိ ဖြေဆိုလိုက်ပါ။ စိုးရိမ်ထိတ်လန့်ပြီး ကြောက်ရွံ့မနေပါနဲ့။ ကိုယ့်ကိုယ်ကိုယ် ချစ်တယ်ဆိုရင် ဘဝမေးခွန်းတွေကို များများမေးပါ။ ကိုယ့်တန်ဖိုးကို ကိုယ်တိုင်မြှင့်ဖို့ ဘဝမေးခွန်းတွေကို မမေ့လိုက်ပါနဲ့။

တစ်ခါက "ဂျယ်ရီ" လို့ ခေါ်တဲ့လူတစ်ယောက်ဟာ အမြဲပြုံးပြုံးရွှင်ရွှင်နဲ့ ဘဝကိုဖြတ်သန်းနေပါတယ်။ ဘယ်သူက ဘာအကြောင်းပဲမေးမေး ပြုံးရွှင်စွာဖြေတတ်သလို ဘယ်လိုအကြောင်းအရာပဲပြောပြော အပြုံးမပျက် ပြန်ပြောတတ်သူပါ။ လူတစ်ယောက်က "ဂျယ်ရီ ဘယ်လိုလဲကွ" လို့ မေးလိုက်ရင် "ဟုတ် အားလုံးကောင်းပါတယ်။ လောကကြီးက ပျော်စရာကြီးပါ" လို့ ဖြေဆိုနေတတ်သူပါ။ ဂျယ်ရီဟာ ဘဝမှာ ဘာအခက်အခဲတွေပဲတွေ့တွေ့ ဘယ်လိုပြဿနာတွေနဲ့ပဲ ရင်ဆိုင်ရပါစေ စိတ်မညစ်တတ်သူ။ ပျော်ပျော်နေတတ်သူ။ သူ့ဘဝကို သူကိုယ်တိုင်မေးခွန်းတွေ ထုတ်ပြီး ကိုယ်တိုင်ရွေးချယ်ဖြေဆိုကာ အကောင်းဆုံးဖြစ်အောင် နေထိုင်တတ်သူလည်း ဖြစ်ပါတယ်။

တစ်နေ့တော့ လူတစ်ယောက်က မေးပါသတဲ့။ "ဂျယ်ရီ လူတစ်ယောက်ဟာ အမြဲတမ်းပြုံးနေနိုင်ဖို့၊ ပျော်ရွှင်ကြည်နူးနိုင်ဖို့ဆိုတာ မလွယ်ဘူး။ ဒါပေမယ့် မင်းကတော့ အဲလိုလူစားမျိုး မဟုတ်ဘူး။ အမြဲတမ်းပျော်ရွှင်နေတယ်။ ပြုံးနေတတ်တယ်။ အဲဒီလိုဖြစ်အောင် မင်းမှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေလဲ"တဲ့။

ဂျယ်ရီက "ငါ မနက်ခင်းအိပ်ရာကနိုးထတိုင်း ငါ့ကိုယ်ငါ မေးခွန်းနှစ်ခုထုတ်တယ်။ ဒီနေ့ ငါစိတ်ကိုပျော်အောင်နေမလား၊ စိတ်ညစ်ခံနေမလားလို့မေးတယ်။ အဲဒီမေးခွန်းနှစ်ခုထဲက စိတ်ပျော်အောင်နေမယ်ဆိုတာကို ငါအမြဲရွေးချယ်တယ်။

နောက်ပြီး "ငါဟာ အဆိုးတစ်ခုခုနဲ့ ရင်ဆိုင်လာရရင် အဆိုးရဲ့သားကောင်အဖြစ် ခံယူမှာလား။ ဒါမှမဟုတ် အဆိုးတွေထဲကနေ သင်ခန်းစာယူပြီး အကောင်းဆုံးဖြစ်အောင် နေထိုင်မှာလားလို့ မေးခွန်းနှစ်ခုကိုမေးပြီး အကောင်းဆုံးတစ်ခုကို အမြဲရွေးချယ်နေထိုင်ခဲ့တယ်" လို့ ဂျယ်ရီက ပြောပြပါတယ်။ ဂျယ်ရီဟာ သူ့ဘဝမှာ ဘယ်လိုအကြောင်းအရာတွေ အဆိုးအကောင်းတွေ အခက်အခဲတွေနဲ့ ကြုံဆုံရပါစေ တွေ့ကြုံလာတဲ့ အခြေအနေအပေါ်မှာ သူ့ကိုယ်သူ မေးခွန်းနှစ်ခုကိုမေးပြီး အကောင်းဆုံးတစ်ခုကို ရွေးချယ်ကာ လိုက်နာနေထိုင်တတ်သူ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဖြတ်သန်းနေရတဲ့ သူ့ဘဝနေ့ရက်တွေတိုင်းမှာ အပြုံးမပျက် ပျော်ရွှင်မှုမပျက်ဘဲ ရှင်သန်နေထိုင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လူတိုင်းရဲ့ဘဝကိုယ်စီမှာ အခက်အခဲတွေ၊ အဆင်ပြေခြင်း အဆင်မပြေခြင်းတွေ၊ ဆင်းရဲချမ်းသာခြင်းတွေ ရုန်းကန်လှုပ်ရှားနေရခြင်းတွေဆိုတာ ရှိကြတာပါပဲ။ ဘယ်သူမှ ရွှေပေါ်မြတင်ဘဝ အကောင်းဆုံးဘဝကို သူ့အလိုလို မရရှိကြပါဘူး။ "အသီးလိုရင် အပင်စိုက်" ဆိုတာလို ကိုယ်လိုချင်တဲ့ အခြေအနေကိုရောက်ဖို့၊ စိတ်ချမ်းသာဖို့၊ အောင်မြင်ဖို့၊ တိုးတက်ကြီးပွားဖို့ ကိုယ်တိုင်ကြိုးစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ "ဂျယ်ရီ" ပြောသလို နေ့စဉ်နေ့တိုင်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းနှစ်ခုမေးပြီး ရွေးချယ်ကျင့်သုံးကြည့်ပါ။ ကိုယ်ဟာ စိတ်ညစ်ခံချင်သူလား။ ပျော်ပျော်ရွှင်ရွှင် နေချင်သူလား။ ကျရှုံးချင်သူလား။ အောင်မြင်ချင်သူလား။ သေချာပါတယ်။ လူသားတိုင်း ပျော်ရွှင်မှုအောင်မြင်မှုတွေကို ရွေးချယ်ကြပါလိမ့်မယ်။ ရွေးချယ်ပြီးသွားရင်တော့ "ကိုယ်ရွေးချယ်ထားတဲ့ ပျော်ရွှင်ခြင်း အောင်မြင်ခြင်းရှိရာကိုရောက်ဖို့ ကိုယ်တိုင်လိုက်နာဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။ စိတ်ညစ်စေမယ့်အတွေး၊ စိတ်ဆင်းရဲစေမယ့် အပြော၊ စိတ်ညစ်စေမယ့်လုပ်ရပ်တွေကို ရှောင်ကြဉ်ဖို့လိုသလို အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ဖို့ ပျင်းတဲ့စိတ်တွေဖျောက်၊ ကျွမ်းကျင်အောင် လေ့လာသင်ယူ၊ အလုပ်ကိုကြိုးစား၊ စနစ်တကျစီမံခန့်ခွဲပြီး ကြိုးစားစုဆောင်းကြရင် မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။

ဘာသာတရားဘက်က ပြောရရင် ကိုယ်ဟာ အကုသိုလ်ဖြစ်ချင်သူလား ကုသိုလ်ဖြစ်ချင်သူလား။ သံသရာလည်ချင်သူလား သံသရာဆင်းရဲက လွတ်မြောက်ချင်သူလား။ ကုသိုလ်များချင်သူလား အကုသိုလ်နည်းချင်သူလား။ အတ္တကြီးချင်သူလား အတ္တနည်းချင်သူလား။ စာနာတတ်ချင်သူလား ကိုယ်ချင်းစာနာမှုကင်းမဲ့ချင်သူလား။ ကဲ့ရဲ့ခံချင်သူလား ချီးမွမ်းခံချင်သူလားစတဲ့ ဘဝထဲက မေးခွန်းတွေကိုမေးပြီး ကိုယ်တိုင်ဖြေဆိုကာ လိုက်နာကျင့်သုံးကြရင် ဘဝဟာနေတတ်ရင် အသေမြတ်သလို ကျေနပ်စရာတွေချည်းပါပဲ။

လူသားတိုင်းအတွက် ဘဝထဲကမေးခွန်းတွေဟာ သိပ်ကိုလေးနက်နေပါတယ်။ ဘယ်လိုအခြေအနေမှာပဲ ရောက်နေပါစေ ခဏလေးရပ်ပြီး မေးကြည့်ပါ။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ပြီး မေးကြည့်လိုက်။ ရွေးချယ်စရာတွေက အသင့်စောင့်ကြိုနေပါလိမ့်မယ်။ ရွေးချယ်ပြီးသွားပြီဆိုရင် "ဟုတ် အားလုံးကောင်းပါတယ်။ လောကကြီးက ပျော်စရာကြီးပါ" လို့ ဖြေဆိုလာနိုင်ပါလိမ့်မယ်။ ။

ဆောင်းပါး

# အဖေပြောသော စကားတစ်ခွန်း

■ ညီမင်းတိုက်
(ပညာရေး၊ တောင်တွင်း)

ကျွန်တော်သည် အခြေခံပညာမူလတန်းလွန်ကျောင်း ညောင်ပင်ကွင်းကျေးရွာတွင် တာဝန်ထမ်းဆောင်နေသော ကျောင်းဆရာတစ်ဦး ဖြစ်ပါသည်။ နွေရာသီ ကျောင်းပိတ်ရက်တွင် အိမ်အတွက် လိုအပ်နေသော ထင်း၊ ဝါးများကို အဖေနှင့်ကျွန်တော် ခုတ်ကြရသည်။ ထင်း၊ ဝါးများကိုတော့ အရှေ့ရိုးမပေါ်သို့ တက်ခုတ်ရသည်။ နေပူထဲတွင် ချွေးတရွှဲရွှဲဖြင့် ကျွန်တော်တို့သားအဖနှစ်ယောက် ထင်းခုတ်ကြရသည်။ လှည်းအိမ်အပြည့်တင်ပြီးသွားတဲ့အခါ ကျွန်တော်က ဆက်၍ခုတ်နေမိသည်။ အဖေသည် လှည်းပေါ်မှ လှမ်းကြည့်ကာ ကျွန်တော့်အားခေါ်လိုက်လေသည်။ "ထင်းကို လိုသလောက်ပဲခုတ်လေ၊ ပိုနေတာတွေ ထားခဲ့ရမှာမဟုတ်ဘူးလား၊ အသုံးမလိုဘဲ ပိုနေတော့ နှမြောစရာကောင်းပါတယ်"ဟု ပြောလေသည်။ "အဖေကလည်း ရေးကြီးခွင်ကျယ်ပြောနေပြန်ပြီ၊ ပိုတော့ ထားခဲ့မှာပေါ့"။

"အဖေက ရေးကြီးခွင်ကျယ်လုပ်ပြီးပြောနေတာမဟုတ်ဘူး ငါ့သား၊ အလေးထားပြောပြနေတာ။ ဘယ်အရာမဆို ကိုယ်လိုသလောက်ပဲ အသုံးပြုခြင်းဟာကောင်းမွန်တဲ့ အလေ့အထကောင်းတစ်ခုပဲဆိုတာ သိစေချင်လို့ပါ။ သားလိုပဲ လိုတာထက်ပိုခုတ်နေကြသူတွေ တစ်ယောက်ကနေ တစ်ထောင်၊ တစ်ထောင်ကနေ တစ်သောင်း၊ တစ်သောင်းကနေ တစ်သိန်း များသထက်များလာရင် လေလွင့်ပျက်စီးမှုပမာဏဟာ ပြောစရာတစ်ခုဖြစ်လာပြီပေါ့။ အပင်တစ်ပင် လေလွင့်မှုကနေ သစ်တောကြီးတစ်ခုလုံး လေလွင့်မှုအဆင့်ထိ သွားတွေးရမယ်။ လူတွေက သစ်ပင်၊ တောတောင်ရေမြေတို့ကို တန်ဖိုးထားရကောင်းမှန်း မသိကြဘူး။ သဘာဝဘေးအန္တရာယ်တွေ ရင်ဆိုင်ကြုံတွေ့မှသာ တောတွေ၊ တောင်တွေကို သတိရတတ်ကြတယ်။ ကိုယ်ကျိုးစီးပွားဘက်ကိုလိုက်ရင်း အတ္တတွေ၊ လောဘတွေ ကြီးထွားလာကြတယ်။ ကိုယ်ကျိုးစီးပွားကလွဲရင် တခြားဘာကိုမှ မမြင်ကြတော့ဘူး။ တန်ဖိုးထားရကောင်းမှန်းလည်းမသိတော့ဘူး။ ချစ်ရမှန်းလည်းမသိတော့ဘူး။ တကယ်တော့ သစ်ပင်၊ တောတောင်ရေမြေတွေဟာ လူသားမျိုးနွယ်စုအတွက် များစွာ အထောက်အကူပြုပါတယ်။ သူတို့ကို တန်ဖိုးထားရမယ်၊ ချစ်မြတ်နိုးရမယ်၊ ဝိုင်းဝန်းစောင့်ရှောက်ရမယ် ငါ့သား။"

အဖေပြောတာမှန်ပါသည်။ သဘာဝတရားကြီးကပေးထားတဲ့ တောတောင်ရေမြေ၊ တွင်းထွက်ပစ္စည်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့တွေကို လိုတာထက်ပိုသုံးမိရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သဘာဝတရားရဲ့ ဒဏ်ခတ်ခြင်းကို ကျွန်တော်တို့ မျိုးဆက်တွေ ခံကြရမည်။ သမိုင်းရဲ့တရားခံက ကျွန်တော်တို့ဖြစ်သွားလိမ့်မည်။ ဘယ်အရာမဆို ချင့်ချိန်သုံးစွဲမည်ဆိုပါက တစ်ဖက်မှာ ပိုလျှံမှုတွေဖြစ်လာသလို လိုအပ်တဲ့နေရာတွေမှာလည်း အစားထိုးနိုင်ပါလိမ့်မည်။

ယနေ့ကမ္ဘာကြီး ပူနွေးလာမှု၊ အိုဇုန်းလွှာပျက်စီးယိုယွင်းလာမှုများသည် ကျွန်တော်တို့ လူနေမှုဘဝများနှင့် ဆယ်နွယ်ပတ်သက်နေပါသည်။ "မဖြစ်စလောက်ဆိုတဲ့အရာတွေက ယနေ့ အကြီးကြီးဖြစ်တည်လာကြတယ်"။ အဖေပြောတဲ့ စကားတွေကြောင့် ကျွန်တော် အသိတရားရခဲ့သည်။ အပင်လေးတွေကိုလည်း တန်ဖိုးထားတတ်လာသည်။ စိမ်းလန်းစိုပြည်တဲ့အနာဂတ်ကမ္ဘာကြီးတစ်ခုဖြစ်လာစေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိသည်။ ကျွန်တော်တို့ကမ္ဘာကြီး ကျန်းမာဖို့၊ စိမ်းလန်းစိုပြည်စေဖို့ ဝိုင်းဝန်းစောင့်ရှောက်ကြရမည်။

မျိုးဆက်သစ်ကလေးတွေကိုလည်း သဘာဝတရားကရတဲ့ လက်ဆောင်တွေကို တန်ဖိုးထားတတ်အောင်ပြောပြရမည်။ သဘာဝတရားကပေးတဲ့ ဘယ်အရာမဆို လိုအပ်သည်ထက် ပိုမသုံးမိစေဖို့ အမြဲပြောပြရပါတော့မည်။

# ကိုဗစ်ကာကွယ် နေထိုင်မယ်

ကိုဗစ်နိုင်တီး ကိုရိုနာ
အလွန်ကြောက်စရာ။
လူသားကမ္ဘာ ကျန်းမာရေး
ဆိုးလှတဲ့ကပ်ဘေး။
ကြိုတင်မြော်တွေး ကာကွယ်မယ်
သတိပြုစေဖွယ်။
အိမ်မှာနေကွယ် ရည်ရွယ်လို့
အားလုံးကျန်းမာဖို့။
လက်ဆေးကြစို့ သန့်ရှင်းအောင်
ဟန်းဂျယ်လေးကိုဆောင်။
တို့မြန်ပြည်ထောင် ပြည်သူများ
ဆောင်ရွက်ကြစို့လား။
အပြင်သွားတဲ့ အချိန်တွေ
လူစုဝေးရှောင်နေ။
မျက်နှာကိုလေ မက်စ်ကိုတပ်
ခြောက်ပေခွာလို့ရပ်။
စည်းကမ်းသတ်မှတ် ညွှန်ကြားပြန်
ကျန်းမာဖို့ရည်သန်။
လိုက်နာကြရန် ထုတ်ပြန်မှု
ကုသခြင်းတစ်ခု။

လရောင်လင်း(မြန်မာ့ဂုဏ်ရည်)

# ပရဟိတစိတ်ထား

လဲနေသူ ဆွဲထူမလို့
တွဲကူကြစို့ တို့တစ်တွေ။
အားငယ်သူ အားသစ်တိုးအောင်
ကြိုးကြစို့လေ။
စာနာစိတ်ထားတတ်စေ
အတူမျှဝေ ဒုက္ခများ။
ညီညွတ်စွာ တို့စုပေါင်းလို့
ကောင်းမြတ်စိတ်ထား။
ဖြူစင်စွာနှလုံးသားက
အများအကျိုးတွေးလို့ပျော်။
အနာခံ ပေးဆပ်ခြင်းနဲ့
ကြီးပြင်းခဲ့သော်။
စေတနာ အစဉ်နှိုးဆော်
ကိုယ်ကျိုးမမျှော် စိတ်ထားလှ။
ပီတိဝေအပြုံးပန်းနဲ့
စိတ်အေးချမ်းရ။
ရလာစဉ် လူ့ဘဝ
တစ်ခဏ အချိန်လေးမှာ။
အမှားအမှန် ခွဲခြားသိဖို့
သတိရှိပါ။
လောကဓံ ဒုက္ခကမ္ဘာ
ကြုံတဲ့အခါ စိတ်ခိုင်ဖို့။
ငြိမ်းချမ်းရာ မြတ်တရားကို
ပွားများကြစို့။

ဆွေချစ်မင်း

# ရေဒီယိုလေး....ဂျိဂျိဂျစ်

■ ဘုန်းမိုးသွင်

လမင်း ယွဲ့ယွဲ့သာသောညဖြစ်ပါသည်။ အဝန်းအဝိုင်း အပြည့်အဝမဟုတ်သေးသော လမင်းတစ်ခြမ်းပွဲလေး ယွဲ့ယွဲ့သာနေသည်။ ကြယ်မှုန်တစ်ဆုပ်ကြဲပက်ထားသော ည၏ ပြာနုသော အလင်းအောက်တွင် ခိုင်ရွှေဝါနွယ်ပွင့်များက အခက်အရွက်များကြားမှ တိုးထွက်လန်းထောင်နေကြသည်။ ပြီးတော့ ရေဒီယိုသံစဉ်လှိုင်းက လွင့်လွင့်ပျံ့ပျံ့။ သီချင်းများနှင့်လွမ်းခြုံသောညချမ်းသည် မျောလွင့်လှိုက်ခုန်နေပြန်သည်။

အခန်းငယ်အတွင်းမှ ရေဒီယိုအမည်းလေးသည် စားပွဲပေါ်တွင် လဲလျောင်းနေသည်။ အသံစစ်ဆန်ခါလေးက သံချေးကိုက်စပြုပြီ။ ခလုတ်များက အနည်းငယ်လွတ်ချင်ချင်။ အားလုံးခြုံကြည့်တော့ ရေဒီယိုလေးသည် ဟောင်းမြင်းနေပါပြီ။ သို့သော် ရေဒီယိုလှိုင်းများကို ကြိမ်နှုန်းတိတိကျကျဖြင့် ဖမ်းမိသေးသော ရေဒီယိုလေးက အသုံးဝင်ဆဲဖြစ်ပါသည်။ ညအချိန်၌ စိတ်၏ငြိမ်းချမ်းခြင်းကို ရှာဖွေလိုသူအဖို့ ရေဒီယိုလေးက အသုံးဝင်ဆဲဖြစ်ပါသည်။

အိမ်မှာက ရေဒီယိုလေး သုံးလုံးရှိသည်။ အမေ့ ရေဒီယို၊ အဘိုးရဲ့ ရေဒီယိုအဟောင်းလေး၊ ပြီးတော ကျွန်တော့်ရဲ့ ကိုယ်ပိုင် ခပ်စုတ်စုတ်ရေဒီယို။ အဘိုးရေဒီယိုက နေရှင်နယ် (National)တံဆိပ် အမျိုးကောင်းလေး ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ အသုံးပြုခဲ့သောရေဒီယိုလေးက အခုတော့ ဇရာ၏အထုအထောင်းကိုခံရင်း အိမ်ရဲ့တစ်နေရာရာမှာ ဖုန်တက်နေရှာပြီ။ မနက်လင်းရင် ရေဒီယိုတစ်လုံးနဲ့ အလုပ်ရှုပ်တတ်သော အဘိုးလည်းမရှိတော့ပါ။ သို့သော် အဘိုး၏ အမှတ်အသားဖြစ်သော ရေဒီယိုသံ ကွိကွိကွကွကတော့ အာရုံတွင် မပျောက်မပျက်ရှိနေသေးသည်။ ရေဒီယိုလေးက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတော့မဟုတ်။ အထုအထည်အလုံးအဝန်းက ခပ်သေးသေး၊ အရောင်က ခပ်မွဲမွဲနှင့် အိတ်ဆောင်ဟုပြောရမည်ထင်သည်။ ထင်ရှားတာဟူ၍ National အမှတ်တံဆိပ်သာရှိသည်။ ပြီးတော့ အသံဖမ်းသည့်သတ္တုတိုင် ပြောင်ပြောင်လက်လက်လေး။

အဘိုး၏ နံနက်ခင်းများသည် ရေဒီယိုနှင့်အစပြုသည်။ မိုးအုံ့သောနေ့ဖြစ်ပါစေ၊ တိမ်ထူသောနေ့ဖြစ်ပါစေ ရေဒီယိုလိုင်းကိုတော့ အမိဖမ်းသည်။ အသံကြည်အောင် နေရာအနှံ့ရွှေ့ဖမ်းသည်။ တစ်ခါတစ်ရံ နိုင်ငံခြားရေဒီယိုလိုင်းများကိုပင် မိအောင်ဖမ်းသည်။ အဘိုးက ပြည်တွင်းသတင်းနားထောင်သည်။ ပြည်ပသတင်းကိုလည်း နှစ်ခြိုက်သည်။ နိုင်ငံ့အရေးကို ရေဒီယိုကနေ အမြဲနားစွင့်သည်။ အဘိုးနှစ်ခြိုက်သော ရေဒီယိုလိုင်းများက သတင်းကို လွှင့်လွှင့်သည်။ ဘာပဲဖြစ်ဖြစ် သတင်းကြိုက်သော အဘိုးအတွက် ရေဒီယိုလေးသည် သတင်းစာတစ်စောင်ဖြစ်ခဲ့ပါသည်။

အမေ့ရေဒီယိုက တရုတ်ဖြစ်လေးဖြစ်သည်။ အိတ်ဆောင်တော့မဟုတ်၊ အကြီးကြီးလည်း မဟုတ်ပါ။ လိုင်းဖမ်းသည့်တိုင်ကလေးလည်း မပါတော့ပါ။ အဘိုးမရှိသောနောက်တွင် အသွင်ဆန်း၍ ကြည့်ကောင်းသော အမေ့ရေဒီယိုက အိမ်တွင်ဆရာကြီးဖြစ်လာသည်။ အမေ့အကြိုက်ဆုံးအစီအစဉ်တွေက "နံနက်ချိန်ခါတေးသံသာ"နှင့် "အိပ်မက်လှလှမက်ပါစေ"။ အမေက မလွတ်တမ်းနားထောင်သည်။ သီချင်းကြီး၊ သီချင်းခံ၊ ကာလပေါ်တွေမှသည် စတီရီယိုတေးများပါမကျန် ရေဒီယိုမှလွှင့်သမျှ အကုန်ကြိုက်သည်။ FM တော်တော်များများ၏ လှိုင်းလတ်၊ လှိုင်းတို ကီလိုဟတ်ဇ်(KHz) အကုန်အလွတ်ရသည်။ အဘိုး၏သမီး အမေသည် ရေဒီယိုအသံနှင့်မှ အိပ်ရာဝင်တတ်ပါသည်။ မြန်မာ့အသံရေဒီယိုမှ အပိတ်တီးလုံး "မှောင်တောင် မှောင်တောင် မှောင်တောင် မှောင်တောင် တိန်တိန်တိန်" ကြားမှ မျက်လုံးမှိတ်ပါသည်။

အမေ့သား ကျွန်တော်လည်း ရေဒီယိုကို စွဲစွဲလမ်းလမ်းရှိခဲ့သည်။ အခုလို လွမ်းတတ်သော အရွယ်ရောက်တော့ ရေဒီယိုသံကြားလျှင် ကလေးဘဝကို လွမ်းပါသည်။ တနင်္ဂနွေနေ့တွင် မြန်မာ့အသံက အထူးစပယ်ရှယ်လွှင့်သော ပုံပြင်များကို ငယ်ငယ်က အတော်လေး မက်မက်စက်စက်ရှိခဲ့ပါသည်။ ကွပ်ပျစ်ပေါ်ပစ်လှဲရင်း၊ တစ်ခါတလေ အမေ့ရင်ခွင်ဘေးခွေရင်း "ကလေးတို့ရေ"ဟူသော အာလုတ်စကားလေးကို နားစွင့်ရသည်။ အေးမြသော အမေ့ရင်ခွင်ထဲက ပုံပြင်များဖြင့် တနင်္ဂနွေနေ့လယ်ခင်းများကို တစ်ခါတစ်ရံ မက်မက်မောမော ပြန်လည်တောင်းတမိတော့ အရာအားလုံးက အမှတ်တရဖြစ်ရပါသည်။

ရေဒီယိုမှ လာသော "ငွေစန္ဒာxxx လရထားxxx ထက်ဖျားဝဋ္ဋာတစ်ခွင် သာလို့နေ...ဟေ...ဟေ..ဟေ.." အစချီသော "ဇွေးတုတ်"သီချင်းက ကျွန်တော့်ငယ်ဘဝ အသည်းစွဲ ဖြစ်ပါသည်။ ကျွန်တော်က သီချင်းဆိုချင်သည်။ သို့သော် စာသားကမရ။ "ဟေ...ဟေ...ဟေ"သာ ရသည်။ ဒီတော့ ရေဒီယိုကမလွှင့်လျှင် အမေ့ကို ဆိုပြခိုင်းသည်။ "ဟေ...ဟေ....ဟေ"ရောက်လျှင်တော့ ကျွန်တော်ပါဝင်ဟဲသည်။ အတိတ်ကိုပြန်တွေးတော့ နှလုံးသားတို့နွေးထွေးလာပါသည်။ ရှေးဖြစ်ဟောင်းဟု မဆိုသင့်သေးသော်လည်း အတန်ငယ်အလှမ်းဝေးသော ကာလမို့ အောက်မေ့ဖွယ် ဖြစ်ပါသည်။

ရေဒီယိုနှင့်ပတ်သက်၍ မှတ်မှတ်ရရ အလယ်တန်းကျောင်းသားဘဝကဖြစ်ပါသည်။ အတန်းပိုင်ဆရာမက ကျွန်တော်တို့ကို တရားနာခိုင်းသည်။ "Shwe FM"က နံနက် ၆ နာရီတိုင်း လွှင့်ခဲ့ဖူးသော ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဘဝဖြောင့်ကြောင်း တစ်စေ့တစ်စောင်း" အပိုင်းဆက် တရားရှည်ကြီးဖြစ်သည်။ ဒီတရားကို ဆရာမက တစ်ချက်လွှတ်အမိန့်ဖြင့် နံနက်တိုင်းနာခိုင်းသည်။ ကျောင်းရောက်၍ ဆရာမအတန်းဝင်လျှင် အလှည့်ကျဖြင့် ငါးမိနစ်လောက်ပြောရသည်။ မပြောနိုင်လျှင် ရိုက်တော့မရိုက် ငေါက်သည်။ ဒီတော့ တရားမနာခဲ့ရသူများ အချင်းချင်းပြန်မေးရသည်။ ကျွန်တော်ကတော့ မနက်တိုင်း အိပ်ရာထဲကနေ ဇိမ်နဲ့နာသည်။ တစ်ခါတလေ အိပ်ချင်မူးတူးနဲ့နာသည်။ မပျင်းဘူးလားဟုမေးလျှင် မပျင်းပါဟု ဖြေရမည်ထင်ပါသည်။ ဆရာတော်က သူရဲ့ဘဝအတ္ထုပ္ပတ္တိကို တရားစကားနည်း၍ နားထောင်ကောင်းအောင် ဟောပြသည်။ ဘာပဲဖြစ်ဖြစ် ဆရာမကျေးဇူးကြောင့် ကျွန်တော်တို့ဘဝတွေ ဖြောင့်ဖြောင့်တန်းတန်းမဟုတ်တောင် သိပ်တော့မကောက်ခဲ့ပါ။ အခုအချိန် ဆရာတော်၏တရားကို နာရလျှင် အမေ့ရေဒီယိုလေးကို သတိရပါသည်။ ဆရာမကိုလည်း သတိရသည်။ ဆောင်း၏အငွေ့အသက်ဖြင့် ခြုံလွှမ်းသော အိမ်လေးထဲမှာ ရေဒီယိုနားထောင်နေသော အလယ်တန်းကျောင်းသားလေးကို ပြန်မြင်ယောင်ကြည့်တော့ အားလုံးက လွမ်းစရာဖြစ်နေခဲ့ရပါသည်။

ရေဒီယိုနှင့်ပတ်သက်သော အမှတ်တရတို့က အတွေးအာရုံကို ဖြည်းဖြည်းလေးရိုက်ခတ်သည်။ ငယ်ဘဝကို သာသာလေးလှုပ်နှိုးသည်။ အိပ်မက်တို့လှပခဲ့သော ငယ်ဘဝကို အစားပြန်မရနိုင်တော့သော်လည်း ရေဒီယိုကိုကားယခုအထိ နားဆင်နိုင်ပါသေးသည်။ ပူပြင်းသွေ့ခြောက်သော နွေရက်များမှာပဲဖြစ်ဖြစ်၊ နှင်းစက်တဖြောက်ဖြောက်ကျသောဆောင်းညများမှာပဲဖြစ်ဖြစ် အလွမ်းသီချင်းတို့လွှင့်တတ်သော ရေဒီယိုလေးတော့ရှိဖို့ လိုအပ်ပါသည်။ တစ်ကိုယ်ရေညများ၏ အထီးကျန်ခြင်းဝေဒနာကို သံစဉ်သံလှိုင်းများဖြင့် အစဉ်မြူးကြွလှုပ်ခုန်သော လေလှိုင်းထဲက FM လေးနှင့် ကုစားလျှင် မပျောက်ကင်းသော်မှ အတော်အတန်တော့ သက်သာကောင်းပါသည်။

မြို့ပြ၏ မီးရောင်များအောက်တွင် ရေဒီယိုသံ ဂျိဂျိဂျစ်ဂျစ်သည် တိတ်ဆိတ်ကောင်းတိတ်ဆိတ်နေမည်ဖြစ်သော်လည်း မြို့ငယ်လေးရဲ့ညများမှာတော့ အသက်ဝင်ဆဲဖြစ်သည်။ "နံနက်ချိန်ခါတေးသံသာ"သည် အသက်ဝင်ဆဲ၊ "အိပ်မက်လှလှမက်ပါစေ" အစီအစဉ်သည် ရှင်သန်ဆဲ၊ မြို့ငယ် လေး၏ညများသည် လေလှိုင်းသံဖြင့် လူးလူးလွန့်လွန့်ရှိနေဆဲ ဖြစ်ပါသည်။ ဘယ်လိုပင်ဖြစ်ပါစေ အသက်ရှင်ရမည့် နံနက်ခင်းများအတွက် ရေဒီယိုအသံလေး "ဂျိဂျိဂျစ်ဂျစ်....ဂျိဂျိဂျစ်ဂျစ်"ကတော့ မရှိမဖြစ် အရာတစ်ခု ဖြစ်သည်။